## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

နေမင်းသည် နေ့၌တောက်ပ၏။ လဝန်းသည် ညဥ့်၌ထွန်းလင်း၏။ မင်းသည် ချပ်ဝတ်တန်ဆာဆင်သော် တောက်ပ၏။ ဗြာဟ္မဏသည် ဈာန်ဝင်စားသော် တောက်ပ၏။ ဗုဒ္ဓဘုရားရှင်သည် နေ့ညဥ့်ပတ်လုံး တန်ခိုးတော်ဖြင့်တောက်ပ၏။

**ဓမ္မပဒ**


# မြဝတီ နေ့စဉ်

အချိန်မီဖြန့်ချိ သတင်းစုံသည် မြဝတီ


### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၃၀၅)

၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်
၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၇ ရက်၊ တနင်္လာနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲကျင်းပသည့် ပြပွဲနောက်ဆုံးရက်တွင် ပြည်သူများတစ်ခဲနက်လာရောက်ကြည့်ရှုလေ့လာ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို တပေါင်းကွင်း၌ကျင်းပလျက်ရှိရာ ယနေ့သည် ပြပွဲကျင်းပသည့်နောက်ဆုံးရက်ဖြစ်ပြီး ရုံးပိတ်ရက်နှင့်တိုက်ဆိုင်နေသည့်အတွက် ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ကျောင်းသား၊ ကျောင်းသူများ၊ လူငယ်များနှင့် အနယ်နယ်အရပ်ရပ်မှ ဒေသခံပြည်သူများ၊ MSME လုပ်ငန်းရှင်အများအပြားသည် စိတ်ပါဝင်စားစွာ တစ်ခဲနက် လာရောက်ကြည့်ရှုလေ့လာကြကာ အထူးစည်ကားလျက်ရှိသည်။

နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြခန်းများ **စာမျက်နှာ ၁၂ ကော်လံ ၁ ❑**




## ပင်လယ်ရေကြောင်းကုန်သွယ်မှုအတွက် အဓိကအရေးပါသည့် ကမ်းလွန်ရေကြောင်းပြစခန်း

ဆောင်းပါး စာ - ၅ သို့

### ၁၆-၂-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗ စင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၅,၅၂၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

## MSME ချေးငွေများလျှောက်ထားနိုင်

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ MSME လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ လုပ်ငန်းတိုးချဲ့ဆောင်ရွက်ခြင်း၊ စက်ပစ္စည်းဝယ်ယူခြင်းနှင့် ကုန်ကြမ်းဝယ်ယူခြင်းတို့အတွက် လိုအပ်သည့်ချေးငွေများကို မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ် (၁၆)ခုတို့မှ ထုတ်ချေးပေးလျက်ရှိပါသည်။ ချေးငွေအတိုးနှုန်းများအနေဖြင့် Fixed Capital အနည်းဆုံး (၃၀%)နှင့်အထက် အသုံးပြုမည့်ချေးငွေအတွက် တစ်နှစ်လျှင် အတိုးနှုန်း ၃ %၊ Working Capital (၁၀၀%) အသုံးပြုမည့် ချေးငွေအတွက် တစ်နှစ်လျှင် အတိုးနှုန်း ၄ % နှင့် Credit Guarantee Insurance– CGI စနစ်ဖြင့် ထုတ်ချေးမည့်ချေးငွေအတွက် တစ်နှစ်လျှင်အတိုးနှုန်း ၅ % တို့ဖြင့် ချေးငွေများလျှောက်ထားနိုင်ပါသည်။ ချေးငွေရယူလိုသည့် MSME လုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် MSME အေဂျင်စီများနှင့် ဆက်သွယ်၍ ချေးငွေများလျှောက်ထားနိုင်ကြောင်း အသိပေးအပ်ပါသည်။

**MSME ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့**

## “(၇၈)နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနဲ့ပြိုင်ပွဲ Website ကို အင်တာနက်ပေါ်လွှင့်တင်နိုင်အောင်လည်း လမ်းညွှန်ချက်တွေနဲ့အညီ ဆက်စပ်ဝန်ကြီးဌာနတွေနဲ့ ပေါင်းစပ်ညှိနှိုင်းရေးဆွဲဖန်တီးသွားဖို့လည်းရှိပါတယ်”

အင်တာဗျူး စာ - ၁၄ သို့




# ရွှေမော်ဓောစေတီတော်မြတ်ကြီးသို့ ၂၀၂၄ ခုနှစ်အတွင်း ပြည်တွင်းပြည်ပဘုရားဖူးဧည့်သည် လေးသိန်းနီးပါးဝင်ရောက်ခဲ့



ပဲခူး ဖေဖော်ဝါရီ ၁၆

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိဆုတောင်းပြည့် ဆံတော်ရှင်ရွှေမော်ဓောစေတီတော်မြတ်ကြီးသို့ ၂၀၂၄ ခုနှစ် တစ်နှစ်တာကာလအတွင်း ပြည်တွင်း ပြည်ပဘုရားဖူးဧည့်သည် လေးသိန်းနီးပါးဝင်ရောက်ခဲ့ကြောင်း ရွှေမော်ဓောစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့မှ သိရသည်။

ရွှေမော်ဓော စေတီတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြသော နိုင်ငံခြားခရီးသွားဧည့်သည်များမှာ ထိုင်း၊ တရုတ်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ အများဆုံးဖြစ်ပြီး စုစုပေါင်း ၄၇၅၁ ဦး ဝင်ရောက်ခဲ့သည်။

"၂၀၂၄ ခုနှစ်က ရွှေမော်ဓောစေတီတော်မြတ်ကြီးကို ပြည်တွင်းပြည်ပဘုရားဖူးဧည့်သည်လေးသိန်းနီးပါး လာရောက်ဖူးမြော်ခဲ့ပြီးတော့ အဲဒီအထဲမှာ နိုင်ငံခြားခရီးသွားဧည့်သည် ၄၇၅၁ ဦး ပါဝင်ပါတယ်။ ရွှေမော်ဓောစေတီတော်မြတ်ကြီးကို နိုင်ငံခြားခရီးသွားဧည့်သည်တွေ လာရောက်ဖူးမြော်တဲ့အခါ ဝင်ကြေးကောက်ခံတာမရှိပါဘူး"ဟု ရွှေမော်ဓောစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ဝင် ဦးရွှေသိန်းကပြောသည်။

ရွှေမော်ဓောစေတီတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်သော ဘုရားဖူးများသည်ဘုရားမုခ်လေးခုစလုံးမှတက်ရောက်ဖူးမြော်ကြပြီး နိုင်ငံခြားခရီးသွားဧည့်သည်များသည် အရှေ့ဘက်မုခ်မှ အများဆုံးတက်ရောက်ဖူးမြော်ကြကြောင်း၊ ဘုရားအနောက်ဘက်မုခ်သည် မတ်စောက်မှုရှိခြင်းကြောင့် သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများ Wheel Chair ဖြင့် အတက်အဆင်းပြုလုပ်နိုင်စေရန် ဓာတ်လှေကားနှင့် ရွေ့လျားစက်လှေကားများ တပ်ဆင်ပေးထားကြောင်း သိရသည်။

ပဲခူးမြို့ရှိ ဆုတောင်းပြည့်ဆံတော်ရှင် ရွှေမော်ဓော စေတီတော်မြတ်ကြီးတွင် နေ့ထူးနေ့မြတ်အခမ်းအနားများ၊ ဘုရားပွဲတော်များ၊ ပျော်ပွဲရွှင်ပွဲများနှင့် ၁၂ လ ရာသီပွဲတော်များကို တစ်နှစ်ပတ်လုံး လအလိုက်ကျင်းပလေ့ရှိပြီး ယခုနှစ်တွင်လည်း ဘုရားပွဲတော်များကို ယခင်နှစ်များထက် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရန် ရွှေမော်ဓောစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့မှ စီစဉ်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ဆောင်းဦး

# ညောင်ဦးမြို့နယ်မီးသတ်စခန်း သန့်ရှင်းသာယာလှပရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းသုံးယာဉ်/စက်ပစ္စည်းများ ကွံ့ခိုင်ကောင်းမွန်ရေး ကွင်းဆင်းစစ်ဆေး

ညောင်ဦး ဖေဖော်ဝါရီ ၁၆

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမင်းသိမ်းထွန်းနှင့် တာဝန်ရှိသူများသည် ဖေဖော်ဝါရီလ ၁၅ ရက်က ညောင်ဦးမြို့နယ် မီးသတ်စခန်းသို့သွားရောက်ပြီး ရုံးပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ဒေသတွင်းမီးဘေးအန္တရာယ်ကင်းဝေးစေရန် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရေး ယာဉ်/စက်ပစ္စည်းများ ကွံ့ခိုင်ကောင်းမွန်မှုရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။

ရှေးဦးစွာ ညောင်ဦးခရိုင်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမင်းသိမ်းထွန်းက ညောင်ဦးမြို့နယ်မီးသတ်ဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များကိုတွေ့ဆုံ၍ ပွင့်လင်းရာသီကာလတွင် ပြည်သူများ မီးဘေးအန္တရာယ်ကင်းဝေးစေရေး မီးသတ်တပ်ဖွဲ့ဝင်များ သိရှိလိုက်နာဆောင်ရွက်ရမည့်အချက်များ၊ မီးဘေးလုံခြုံရေးအသိပညာပေးခြင်း၊ အကြံပြုစစ်ဆေးခြင်းများကို ပိုမိုတိုးမြှင့်ဆောင်ရွက်ရေး ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကျော်မင်းသူက ပွင့်လင်းရာသီကာလ မြို့နယ်အတွင်း မီးလောင်မှု/မီးလန့်မှုများမဖြစ်ပေါ်စေရေး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်ပြီး အသိပညာပေးနှိုးဆော်ခြင်း၊ မီးဘေးလုံခြုံစိတ်ချရမှု ရှိ/မရှိ ရပ်ကွက်/ကျေးရွာများအရောက် တစ်အိမ်တက်ဆင်း အကြံပြုစစ်ဆေးခြင်း၊ လက်တွေ့မီးငြိမ်းသတ်နည်းသရုပ်ပြခြင်းများ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ခရိုင်မီးသတ်ဦးစီးမှူးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ခရိုင်မီးသတ်ဦးစီးဌာန ဦးစီးမှူးနှင့် တာဝန်ရှိသူများက ညောင်ဦးမြို့နယ် မီးသတ်စခန်းရှိ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းသုံး ယာဉ်/စက်ပစ္စည်းများ ကွံ့ခိုင်ကောင်းမွန်အောင် စီစဉ်ဆောင်ရွက်ထားရှိမှု၊ ရုံးပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တပ်ဖွဲ့ဝင်မိသားစုနေအိမ်လိုင်းခန်းများ သန့်ရှင်းသပ်ရပ်မှုရှိ/ မရှိ လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

# ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလမှ ဇန်နဝါရီလအထိ ၁၀ လတာကာလအတွင်း ပြည်ပသို့ ရေထွက်ကုန်ငါးမက်ထရစ်တန် သုံးသိန်းကျော်တင်ပို့နိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ပြည်ပသို့ ရေထွက်ကုန်ပစ္စည်းများ တင်ပို့လျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ဇန်နဝါရီလ ၃၁ ရက်အထိ ၁၀ လတာကာလအတွင်း ရေထွက်ကုန်ငါးတင်ပို့မှုအနေဖြင့် မက်ထရစ်တန်သုံးသိန်းကျော် တင်ပို့နိုင်ခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ပြောဆိုချက်အရ သိရသည်။

"၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလ ၁ ရက်ကနေ ဇန်နဝါရီလ ၃၁ ရက်အထိ ၁၀ လတာကာလအတွင်း ပြည်ပကို ငါးတင်ပို့မှုအနေနဲ့ မက်ထရစ်တန် ၃၂၀၂၂၃ ဒသမ ၂၅၃ တန်တင်ပို့နိုင်ပြီး အမေရိကန်ဒေါ်လာ ၃၄၂ ဒသမ ၆၁၉ သန်း ရရှိခဲ့ပါတယ်" ဟုၤင်းကပြောသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ဇန်နဝါရီလ ၃၁ ရက်အထိ ၁၀ လတာကာလအတွင်း ပုံမှန်ကုန်သွယ်မှုမှ မက်ထရစ်တန် ၁၄၆၄၅၆ ဒသမ ၈၉၄ တန် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁၉၆ ဒသမ ၆၈၄ သန်းရရှိပြီး နယ်စပ်ကုန်သွယ်မှုမှ မက်ထရစ်တန် ၁၇၃၇၆၆ ဒသမ ၃၅၉ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁၄၅ ဒသမ ၉၃၅ သန်း ရရှိသည့်အတွက် ပြည်ပသို့ ငါးတင်ပို့မှုစုစုပေါင်းမက်ထရစ်တန် ၃၂၀၂၂၃ ဒသမ ၂၅၃ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၃၄၂ ဒသမ ၆၁၉ သန်း ရရှိထားသည်။

ပြီးခဲ့သည့်ဘဏ္ဍာနှစ် ကာလတူက ပြည်ပသို့ ငါးတင်ပို့မှုအနေဖြင့် မက်ထရစ်တန် ၂၆၁၃၇၆ ဒသမ ၄၁၂ တန် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၃၀၃ ဒသမ ၁၈၇ သန်း ရရှိခဲ့သည်။

ထို့ကြောင့် ယခုဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ငါးတင်ပို့မှုသည် ယခင်ဘဏ္ဍာနှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက မက်ထရစ်တန် ၅၈၈၄၆ ဒသမ ၈၄၁ တန် ပိုမိုတင်ပို့နိုင်ပြီး အမေရိကန်ဒေါ်လာ ၃၉ ဒသမ ၄၃၂ သန်း ပိုမိုရရှိခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ငါးပုစွန်အပါအဝင် ရေထွက်ကုန်များကို နိုင်ငံပေါင်း ၄၀ ကျော်သို့ တင်ပို့လျက်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့် ပုံမှန်တင်ပို့သည့်အပြင် နယ်စပ်ကုန်သွယ်ရေးမှလည်း တိုက်ရိုက်တင်ပို့ကြောင်း သိရသည်။

စောယု

မြဝတီ ကာတွန်း



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**"ဘီလိယက်ကြောင့် တစ်သက်တွင်တစ်ကြိမ် အညှံ့ခံရဖူးခြင်းကို တင်ပြလိုပါသေး၏။ နယ်လှည့်ရာမှ ပြန်ရောက်လာရာတွင် တနင်္ဂနွေနေ့လည်းဖြစ်၍ ကျွန်ုပ်သည် မင်္ဂလာလမ်းအနီးရှိ ဘီလိယက်ခုံသို့ သွားမိ၏။ ထိုနေ့တွင် အားလပ်ကြသည့်အလျောက် စာရေးတော်တော်များများလာရောက်ကြ၍ တစ်တွဲပြီးတစ်တွဲ ကစားကြခြင်းကို ကျန်လူများသည် အလှည့်မရ၍ ထိုင်စောင့်ရင်းကြည့်နေကြရ၏။ ထုံးစံမှာ ရှေးဦးစွာရောက်သူက ရှေးဦးစွာကစား၍ တစ်တွဲပြီးတစ်တွဲ ကိုယ့်အလှည့်ရောက်မှ ထ၍ကစားကြရ၏. . ."**

**ယမန်နေ့မှအဆက်**

### တစ်ခုပြီးတစ်ခုတတ်လာပုံ

တစ်နေ့သ၌ ရမည်းသင်းမြို့ ဗိုလ်တဲတွင် မင်းကြီးနှင့်ကျွန်ုပ်စတည်းချလျက်ရှိကြစဉ် မင်းကြီးသည် ရမည်းသင်း ရာဇဝတ်ဝန်ကြီးအား ဗိုလ်တဲသို့ဖိတ်၍ ညစာကျွေး၏။ (၎င်းတို့နှစ်ယောက်မှာ အင်္ဂလန်ပြည်၌ တစ်မြို့တည်းနေ ကျောင်းနေဖက်သူငယ်ချင်းများ ဖြစ်ကြသည်ဆို၏။) သူတို့နှစ်ယောက်သည် လသာသာတွင် ဗိုလ်တဲဝရန်တာသို့ထွက်၍ ရေခဲစိမ်ဘီယာသောက်ရင်း တစ်ညလုံးစကားပြောကြခြင်းကို ကျွန်ုပ်မြင်ရ၍ အလွန်သွားရည်ကျမိ၏။ 'တယ်ပြီး ဇိမ်ရှိတဲ့အလုပ်ပါတကား' ဟု အောက်မေ့မိ၏။ ထိုည၌မှာလည်း အထူးပူအိုက်လှ၍ (မေလရာသီဖြစ်သည်။) အလွန်ပူသောဒေသဖြစ်သည့် ရမည်းသင်းမြို့၌ ရေခဲစိမ်ဘီယာသောက်ကြခြင်းမှာ (အမြည်းအမျိုးမျိုးကိုလည်း ဘွိုင်ကုလားက ပြင်ပေးသည်။) လူ့လောကတွင် အကြီးဆုံးသော ဇိမ်တစ်မျိုးပေတည်းဟု ကျွန်ုပ်ချီးကျူးမိ၏။ အားကျမိ၏။ ဤတွင် ကျွန်ုပ်သည် မင်းကြီး၏ ဘတ္တလာသို့ချဉ်းကပ်ပြီး မင်းကြီး၏ စတိုသေတ္တာမှ ဘီယာတစ်လုံးနှင့် ရေခဲရအောင်နှူးပြီး သောက်ပါလေတော့သည်။ သေအရက်သည်(ဖော်ပြခဲ့ဖူးသည့်အတိုင်း) ကျွန်ုပ်အဖို့ အသစ်အဆန်းမဟုတ်သော်လည်း တစ်ခါတစ်ရံ အဖော်ကောင်းပါမှ သောက်မိခဲ့ခြင်းဖြစ်ရာ ဤည၌မူ ဘီယာကို တစ်ယောက်တည်းသောက်ရသော်လည်း ရှေးကကဲ့သို့ ခါးတော့သည်မထင်ဘဲ 'လေး' သော အရသာတစ်မျိုးရှိသည်ဆိုကာ တစ်ပုလင်းကုန်အောင်သောက်နိုင်ခဲ့ပါသည်။ ယခင်ကမူ အဖော်ကောင်း၍ သို့မဟုတ် ပျော်ချင်၍ သို့မဟုတ် ပျော်သည်ဆို၍ သောက်ခဲ့ဖူးရာ ထိုည၌မူကား ဇိမ်ရှိသည်ဟူ၍ပင် မှတ်ထင်တတ်လေပြီ။ ဘီယာနှင့် ဘီလိယက်သည် အလွန်ဖက်မိသောအတွဲဖြစ်သည်ဟု နောင်တွင် တစ်ဆင့်တက်၍ ခံစားတတ်လာပါတော့သည်။

### အညှံ့ခံခဲ့ရခြင်းတစ်ရပ်

ဘီလိယက်ကြောင့် တစ်သက်တွင် တစ်ကြိမ် အညှံ့ခံရဖူးခြင်းကို တင်ပြလိုပါသေး၏။ နယ်လှည့်ရာမှ ပြန်ရောက်လာရာတွင် တနင်္ဂနွေနေ့လည်းဖြစ်၍ ကျွန်ုပ်သည် မင်္ဂလာလမ်းအနီးရှိ ဘီလိယက်ခုံသို့ သွားမိ၏။ ထိုနေ့တွင် အားလပ်ကြသည့်အလျောက် စာရေးတော်တော်များများလာရောက်ကြ၍ တစ်တွဲပြီးတစ်တွဲ ကစားကြခြင်းကို ကျန်လူများသည် အလှည့်မရ၍ ထိုင်စောင့်ရင်းကြည့်နေကြရ၏။ ထုံးစံမှာ ရှေးဦးစွာရောက်သူက ရှေးဦးစွာကစား၍ တစ်တွဲပြီးတစ်တွဲ ကိုယ့်အလှည့်ရောက်မှ ထ၍ကစားကြရ၏။ တစ်နာရီခန့်စောင့်၍ ကျွန်ုပ်၏ အလှည့်သို့ရောက်သဖြင့် ကစားမည်ဟု ကျွန်ုပ်တို့တစ်တွဲထလိုက်ရာတွင် ခပ်ထောင်ထောင်မောင်းမောင်း လူတစ်ယောက်ထလာ၍ သူ့အလှည့်ဖြစ်သည်ဟုငြင်းကာ စားပွဲကိုယူ၏။ ကျွန်ုပ်ကလည်း ကိုယ့်အလှည့်ဖြစ်သည်ဟုဆိုကာ စားပွဲရဖို့ ကြိုးစား၏။ သူက သူ့ဟာသူ တကယ်ယုံကြည်လေသလော သို့တည်းမဟုတ် အနိုင်ကျင့်ရန် ကြံစည်လေသလော မပြောတတ်ချေ။ ကျွန်ုပ်သည် ဤခုံတွင် ထိုသူကိုမြင်ဖူးသော်လည်း လူချင်းကားမသိကြ။ ကျွန်ုပ်အထင်မှာ ထိုသူသည် အရပ်ထဲက ကြမ်းပိုးတစ်ယောက်ဖြစ်သည်ဟုထင်၏။ သူရကိုယ်ရ လုကြရာတွင် ထိုသူသည် ကျွန်ုပ်ကိုတွန်းပစ်သဖြင့် ကျွန်ုပ်ယိုင်သွား၏။ လဲတော့မလဲပါ။ ကျွန်ုပ်ကား အလွန်ရှက်သွားလေပြီ။ သူသည် ကျွန်ုပ်ထက် ဗလအနည်းငယ်သာသော်လည်း သူ၏ဗလကိုမကြောက်။ ကြမ်းပိုးလူမိုက်တစ်ယောက်ဖြစ်သည်ထင်သောကြောင့် တစ်စုံတစ်ခုဖြစ်ခဲ့လျှင် ကျွန်ုပ်ပင်အရှက်ရမည်ဟု စဉ်းစားမိသည်နှင့် အောင့်ခံလိုက်၏။ ရှက်လိုက်သည်မှာကား သေလုမတတ်ဖြစ်တော့၏။ ထိုနေ့မှစ၍ ကျွန်ုပ်သည် ယင်းဘီလိယက်ခုံသို့ မသွားတော့ဘဲ တခြားခုံများသို့သာ သွား၏။ တစ်နေ့သ၌ ကိုမြစ်က "ခင်ဗျားကောင်တော့ ပြောင်းသွားပြီဗျို့" ဟု ပြောသဖြင့် "ဘယ်ကောင်လဲ" ဟုမေးရာ "ခင်ဗျားနဲ့ ခုံလုကြတဲ့ကောင်လေ"ဟု ပြော၏။ ထိုစဉ်က ကိုမြစ်မရှိခြင်းကို ကျွန်ုပ်မှတ်မိ၍ "ခင်ဗျားလည်း ကြားသကိုး"ဟု မေးသဖြင့် ကြားကြောင်းပြန်ပြော၏။ "သူက ဘယ်ပြောင်းရအောင် ဘာကောင်လဲဗျ" ဟု ကျွန်ုပ်ကမေးရာ ယစ်မျိုးဘက်ဆိုင်ထိုင်အရာရှိ (R.E.O) ဖြစ်ကြောင်းပြော၏။ ဤတွင်မှ ကျွန်ုပ်ယူကျုံးမရဖြစ်တော့သည်။ ကျွန်ုပ်သည် ဤအကြောင်းကို သိရလျှင် သူ၏တွန်းခြင်းကို သည်းခံလိမ့်မည်မဟုတ်။ အရပ်သားကြမ်းပိုးလူမိုက်တစ်ယောက်ဖြစ်သည်ထင်၍ ကျိတ်ခံလိုက်ခြင်းဖြစ်ပါသည်။

ဤအကြောင်းကို ကိုမြစ်အားပြောပြရာ ကိုမြစ်က "ဩော် ... ဒီလိုလား၊ ကောင်းပါလေဗျာ"ဟု ပြန်ပြောပြ၏။ ခပ်ရွယ်ရွယ်ကမူ ကျွန်ုပ်သည် ဤအတွက် အခဲမကျေနိုင်ဘဲ ထိုလူနှင့်တွေ့ရာအရပ်တွင် တောင်းပန်ခိုင်းမည်။ မတောင်းပန်လျှင် ဖြစ်ချင်ရာဖြစ် သတ်ပုတ်မည်ဟု သန္နိဋ္ဌာန်ချထားခဲ့ရာ ကံအားလျော်စွာ တစ်ကြိမ်တစ်ခါမျှမတွေ့ရချေ။ ထိုတစ်ကြိမ် အညှံ့ခံလိုက်မိခြင်းအတွက် ကျွန်ုပ်သည် မိမိကိုယ်ကို မကျေနပ်ဆုံးသော ညှံ့ဖျင်းမှုတစ်ခုအနေဖြင့် မှတ်တမ်းတင်ထား၏။ နောက်နောင်တွင် ဤအဖြစ်မျိုးကြုံရပါက ဘာဘာညာညာမတွေးဘဲ လိုအပ်လျှင်သေသည်အထိခုခံမည်ဟု သန္နိဋ္ဌာန်ချခဲ့ပါတော့သည်။ ရန်ကုန်၌ နှစ်ပေါင်းများစွာနေခဲ့၍ ဟိုတယ်ပေါင်းစုံအောင် ဘီလိယက်ထိုးခဲ့ရာ ထိုအဖြစ်မျိုးနှင့်မကြုံရတော့ပါ။ ဤအကြောင်းကို အကျယ်တဝင့်ဖော်ပြခြင်းမှာ ဖခင်ထံမှရသည့် 'ကြောက်သွေး' ကို စွန့်စားခန်းစာအုပ်များ ဖတ်ခြင်းအားဖြင့် ဖယ်ထုတ်ခဲ့ရပုံကို ထင်ရှားစိမ့်သောငှာဖြစ်ပါသည်။ နောက်ပိုင်း၌မူ ထစ်ခနဲဆို သည်းမခံတော့ဘဲ တုံ့ပြန်တတ်ခြင်းကြောင့် ကိုယ့်ကိုယ်၌ အရိုးအရေအပြည့်အစုံရှိနေခြင်းပင်လျှင် ကံကောင်းသောကြောင့်ဖြစ်ပါသည်။

### တာဝန်ကြီးလှသည်

တစ်နေ့သ၌ မင်းကြီးနှင့်ကျွန်ုပ်သည် မိတ္ထီလာ ဒိစတြိတ် မလှိုင်ဘက်တွင် သမဝါယမအသင်းများထူထောင်ခြင်း၊ စစ်ဆေးခြင်းနှင့် ပတ်သက်၍ နယ်လှည့်လျက်ရှိကြ၏။ မစ္စတာကလေတင်မှာ လူပျိုကြီးအရာရှိတစ်ယောက်ဖြစ်၍ အိမ်ထောင်မှုပစ္စည်း အကောင်းဆုံးသုံးတတ်သူဖြစ်ရာ တောတက်သောအခါတွင် သူ၏ပစ္စည်းများအတွက် လှည်းသုံးစီးအမြဲတမ်းဆင့်ရ၏။ သူ၏ပန်းကန်ခွက်ယောက်၊ ဇွန်း၊ ခက်ရင်း၊ ဓား၊ ဖန်ခွက် စသောပစ္စည်းများထည့်သည့် သစ်သားသေတ္တာကြီးမှာ ဘိလပ်မှ ဝယ်လာခဲ့ခြင်းဖြစ်၍ အလွန်သပ်ရပ်စွာလုပ်ထားခြင်းဖြစ်သောကြောင့် ပစ္စည်းတစ်ခုနှင့်တစ်ခုကြားတွင် သက္ကလတ်အဝိုင်းကလေးများ၊ အရှည်ကလေးများ၊ လေးထောင့်ကလေးများ စသည်ဖြင့် ခံထားရာတွင် ပစ္စည်းတစ်ခုနှင့်တစ်ခုမထိနိုင်သဖြင့် မတော်တဆ သေတ္တာကြီးလိမ့်ကျစေဦးတော့ ပစ္စည်းများမကွဲမကြေနိုင်ပေ။ ဝါသနာပါသောကျွန်ုပ်သည် ဘွိုင်ကုလား၏ မီးဖိုထဲသို့ဝင်ကြည့်ရာ မီးဖိုကိရိယာများမှာ ကက်တလောက်ထဲကအတိုင်း ဆန်းပြားစုံလင်လှပါပေသည်။

**ဆက်လက်ဖော်ပြပါမည်။**

---

## ညောင်လေးပင်မြို့နယ် ဘိုင်းဒါးကျေးရွာ၌ ဆောင်းပဲတီစိမ်း စံကွက်ရိတ်သိမ်းပွဲကျင်းပ

ညောင်လေးပင် ဖေဖော်ဝါရီ ၁၆

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ညောင်လေးပင်မြို့နယ်၌ ဆောင်းပဲတီစိမ်းစံကွက်ရိတ်သိမ်းပွဲကို ဖေဖော်ဝါရီလ ၁၆ ရက်တွင် ညောင်လေးပင်မြို့နယ် ဝဲဝန်းကျေးရွာအုပ်စု ဘိုင်းဒါးကျေးရွာ ကွင်းအမှတ် (၃၃၅က)ဦးပိုင်အမှတ် (၁၈/၃) ရှိ တောင်သူဒေါ်အေးမာလာ၏လယ်မြေ၌ စိုက်ပျိုးထားသော ပဲတီစိမ်း ၁၅ ဧကတွင် စံကွက်ရိတ်သိမ်းခဲ့ကြသည်။



အဆိုပါ ဆောင်းပဲတီစိမ်းစံကွက်ရိတ်သိမ်းရာတွင် တစ်ဧကလျှင် ၃၁ ဒသမ ၂၅ တင်းခန့်ထွက်ရှိကြောင်း သိရသည်။

အဆိုပါဆောင်းပဲတီစိမ်း စံကွက်ရိတ်သိမ်းပွဲသို့ ညောင်လေးပင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် ခရိုင်၊ မြို့နယ်စိုက်ပျိုးမွေးမြူရေးကြီးကြပ်မှုကော်မတီဝင်များနှင့် ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

---

## ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒေသထွက်ဖူးစားပြောင်းများ တင်ပို့ရောင်းချ

ကျုံပျော် ဖေဖော်ဝါရီ ၁၆

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ဖူးစားပြောင်းအဖူးရေ ၉၀၀၀၀ ကျော် တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျုံပျော်မြို့နယ်၌ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူ ဒေါ်မီမီဝင်း၏ပြောပြချက်အရ သိရသည်။

ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလက ဒေသထွက်ဖူးစားပြောင်းအဖူးရေ ၇၅၀၀၀ ခန့်သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှ ၃၁ ရက်အထိ တစ်လတာကာလအတွင်း ဖူးစားပြောင်းအဖူးရေ ၉၈၀၀၀ ခန့်တင်ပို့ရောင်းချနိုင်ခဲ့သည်။

"ဇန်နဝါရီလတစ်လအတွင်း ကျုံပျော်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ဖူးစားပြောင်းအဖူးရေ ၉၈၀၀၀ လောက် တင်ပို့ရောင်းချခဲ့ရပါတယ်။ အခုလိုတင်ပို့ရောင်းချရတဲ့အတွက် တောင်သူတွေအပါအဝင် ကုန်သည်တွေပါ အလုပ်အကိုင်အခွင့်အလမ်းတွေကောင်းလာပါတယ်" ဟု ဒေါ်မီမီဝင်းကပြောသည်။

နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွင် ကုန်ထုတ်လုပ်မှုသည် အဓိကဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို မြှင့်တင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် စိုက်ပျိုးထုတ်လုပ်သူများအား လိုအပ်ချက်မရှိအောင် ကူညီဆောင်ရွက်ပေးလျက်ရှိရာ ဒေသခံတောင်သူများဘက်မှလည်း လုပ်ငန်းများ ပိုမိုအောင်မြင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သိရသည်။

**သုတကျော်**

# ပင်လယ်ရေကြောင်းကုန်သွယ်မှုအတွက် အဓိကအရေးပါသည့် ကမ်းလွန်ရေကြောင်းပြစခန်း

မြန်မာနိုင်ငံသည် ကမ်းရိုးတန်းအရှည် ရေမိုင် ၁၂၆၀ ကျော်ကို ပိုင်ဆိုင်သည့် ပင်လယ်ပိုင်နက်နိုင်ငံဖြစ်သဖြင့် နိုင်ငံတကာကုန်သွယ်မှုတန်ဖိုး၏ ၇၅ ရာခိုင်နှုန်းခန့်ကို ရန်ကုန်ဆိပ်ကမ်းမှတစ်ဆင့် ပင်လယ်ရေကြောင်းဖြင့်ကုန်သွယ်လျက်ရှိပြီး ကျန် ၂၅ ရာခိုင်နှုန်းကိုသာ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ကုန်သွယ်လျက်ရှိသည်။ ဤအချက်ကိုကြည့်ခြင်းအားဖြင့် မိမိနိုင်ငံ၏ဆိပ်ကမ်းလုပ်ငန်းကဏ္ဍသည် နိုင်ငံ၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် မည်မျှအရေးပါသည်ကို ဆန်းစစ်သုံးသပ်နိုင်မည်ဖြစ်သည်။ ထိုနည်းတူစွာပင် ဆိပ်ကမ်းလုပ်ငန်းများ ကောင်းစွာလည်ပတ်နိုင်ရန်နှင့် အထူးသဖြင့် နိုင်ငံတကာကုန်သွယ်သင်္ဘောကြီးများကို ရန်ကုန်ဆိပ်ကမ်းသို့ ဝင်/ထွက်သွားလာရာတွင် ဘေးကင်းလုံခြုံစွာ ဝန်ဆောင်မှုများပေးနိုင်ရန်အတွက် ရန်ကုန်မြစ်အတွင်းသို့ စတင်ဝင်ရောက်မည့်ပင်လယ်ဝမှသည် ရန်ကုန်မြစ်ရေလမ်းကြောင်းတစ်လျှောက် နေ့/ည ရာသီမရွေး တာဝန်ထမ်းဆောင်နေကြရသော ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှဆိပ်ကမ်းဆိုင်ရာ၊ ရေကြောင်းဆိုင်ရာဝန်ထမ်းများဖြစ်ကြသည့် ရေကြောင်းပြမှူးကြီး(Pilot)များနှင့် အဆင့်ဆင့်သောဝန်ထမ်းများ၏တာဝန်ကျေပွန်စွာဆောင်ရွက်နေမှုအခြေအနေများကို ဂုဏ်ယူစွာရေးသားတင်ပြလိုက်ရပါသည်။

ပြည်ထောင်စုဝန်ကြီး၏လမ်းညွှန်မှုအရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးသည် ဇန်နဝါရီလ ၂၅ ရက်တွင် ရန်ကုန်မြစ်ဝရှိ ကမ်းလွန်ရေကြောင်းပြစခန်း (Offshore Fixed Pilot Station)သို့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဦးဆောင်ညွှန်ကြားရေးမှူး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ခေတ္တညွှန်ကြားရေးမှူးချုပ်နှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ တာဝန်ရှိသူများနှင့်အတူ သွားရောက်ခဲ့သည်။ အဆိုပါခရီးစဉ်တွင် စာရေးသူအနေဖြင့်လည်း လိုက်ပါခွင့်ရခဲ့သဖြင့် ဆိပ်ကမ်းနှင့်ရေကြောင်းပြဆိုင်ရာဝန်ထမ်းများနှင့် ကမ်းလွန်ရေကြောင်းပြစခန်း၏ အတိတ်နှင့်ပစ္စုပ္ပန်ဆောင်ရွက်နေမှုအခြေအနေအရပ်ရပ်ကို ကောင်းစွာလေ့လာသိရှိခွင့်ရခဲ့သည်။

၂၀၁၅ ခုနှစ် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေ၏ပုဒ်မ ၅၆၊ ပုဒ်မခွဲ(က)တွင် **"ဆိပ်ကမ်းသို့ ဝင်ရောက်သော သို့မဟုတ် ဆိပ်ကမ်းမှထွက်ခွာသော ရေယာဉ်နှင့်ကုန်ပါ စုစုပေါင်းတန်ချိန် ၅၀၀ ထက်ပိုသည့် ရေယာဉ်၏ ရေယာဉ်မှူးသည်- ရေကြောင်းပြမှူးကြီးမပါဘဲ ဝင်/ထွက်ခွင့်တောင်းခံရယူနိုင်ရန် ရေကြောင်းဌာနက သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်မညီညွတ်ပါက ရေကြောင်းပြမှူးကြီး၏အကူအညီကို မဖြစ်မနေတောင်းခံရယူပြီး ဆိပ်ကမ်းသို့ဝင်ရောက်ဆိုက်ကပ်ခြင်း၊ ရပ်နားခြင်း၊ ထွက်ခွာခြင်း သို့မဟုတ် ဆိပ်ကမ်းနယ်နိမိတ်အတွင်း နေရာရွှေ့ပြောင်းခြင်းပြုရမည်"**ဟု ထည့်သွင်းပြဋ္ဌာန်းထားသည့်အတိုင်း ဒေသတွင်းနှင့် နိုင်ငံတကာဆိပ်ကမ်းများနည်းတူ ရန်ကုန်ဆိပ်ကမ်းသို့ ဝင်/ထွက်သွားလာကြသည့် နိုင်ငံတကာကုန်သွယ်သင်္ဘောကြီးများသည် ပင်လယ်ဝနှင့်ဆိပ်ကမ်းတံတားများအကြား ရေလမ်းကြောင်းတစ်လျှောက် ဘေးကင်းလုံခြုံစွာ ဝင်/ထွက်သွားလာနိုင်ရေးအတွက် ရေကြောင်းပြဝန်ဆောင်မှု (Pilotage Service)ကို မပျက်မကွက်ရယူကြရသည်။




၂၀၁၉ ခုနှစ်မတိုင်မီ နှစ်များဆီသို့ ပြန်ပြောင်းတွေးဆကြည့်ပါက နိုင်ငံတကာကုန်သွယ်သင်္ဘောကြီးများကိုရေကြောင်းပြဝန်ဆောင်မှုပေးနိုင်ရန်အတွက်ရေကြောင်းပြရေယာဉ်(Pilot Vessel) နှစ်စင်းဖြစ်သောအလျား ၆၀ မီတာဝန်းကျင်၊ တန်ချိန် (Gross Tonnage–GT) ၇၇၈ နှင့် ၅၀၀ အသီးသီးရှိကြသည့်သမ္မတရေယာဉ်နှင့် ဧကရီရေယာဉ်တို့ကို ရေကြောင်းပြစခန်း (Pilot Station)အဖြစ် ရန်ကုန်မြစ်ဝမှ ပင်လယ်ဘက်ရေမိုင် ၂၀ ခန့်အကွာတွင် အလှည့်ကျကျောက်ချထားရှိဆောင်ရွက်ရသည်။ ထိုအချိန်က ရေကြောင်းပြမှူးကြီးများနှင့်ဝန်ထမ်းများသည် ရေကြောင်းပြရေယာဉ်ပေါ်တွင်ပင် အနေအစားပင်ပန်းဆင်းရဲစွာ စခန်းချနေထိုင်ပြီး ရန်ကုန်ဆိပ်ကမ်းသို့ ဝင်/ထွက်ကြသည့် သင်္ဘောကြီးများပေါ်ကို ရေကြောင်းပြ ကြို/ပို့ခြင်းလုပ်ငန်းကို သစ်သားကတ္တူလှေငယ်(Pilot Cutter)များဖြင့် လှိုင်းကြားလေကြားအန္တရာယ်ကြားမှခက်ခဲစွာရေကြောင်းပြကြို/ပို့ခြင်း (Pilot Transfer Operation) ဆောင်ရွက်၍ တက်/ဆင်းမောင်းနှင်ပေးခဲ့ကြရသည်။ ထိုအချိန်ကာလများတွင် ရေကြောင်းပြမှူးကြီးများနှင့်ရေကြောင်းပြဝန်ထမ်းများ လှိုင်းလေထန်လှသည့် ပင်လယ်ပြင်တွင် ကတ္တူလှေငယ်ဖြင့် သင်္ဘောကြီးများဆီသို့သတိပြုချဉ်းကပ်၍တက်/ဆင်းရပုံများကို ယူကျု(Youtube) ပေါ်တွင် မြန်မာရေကြောင်းပြမှူးကြီး၏နေ့စဉ်ဘဝ (Daily Life of Myanmar Pilot) အမည်ဖြင့် မြန်မာရေကြောင်းပြမှူးကြီးများအသင်း (Myanmar Maritime Pilot Association)မှ ဗဟုသုတအဖြစ် လွှင့်တင်ပေးထားသည်ကိုလည်း ဝင်ရောက်ကြည့်ရှုခြင်းဖြင့် သိရှိနိုင်မည်ဖြစ်သည်။

ထို့ပြင် ရာသီဥတုဆိုးရွားချိန်များတွင် ရေကြောင်းပြစခန်းအဖြစ်အသုံးပြုသော ရေကြောင်းပြရေယာဉ်ကို ဘေးကင်းလုံခြုံသည့်နေရာသို့ရွှေ့ပြောင်းရခြင်း၊ ရေယာဉ်များ၏သက်တမ်းအရ ရေယာဉ်ပြုပြင်ထိန်းသိမ်းစရိတ်ကြီးမြင့်လာပြီး ဘေးကင်းလုံခြုံမှုအဆင့်လျော့ကျလာခြင်းနှင့် ၂၀၁၁ ခုနှစ်မှစ၍ ပြည်တွင်းနိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများနှင့်အတူ တစ်နှစ်ထက်တစ်နှစ်တိုးတက်လာနေသည့် ပင်လယ်ရေကြောင်းကုန်သွယ်မှုလိုအပ်ချက်အရ ရန်ကုန်ဆိပ်ကမ်းသည်လည်း နိုင်ငံတကာကုန်သွယ်ရေယာဉ်ကြီးများ အဝင်/အထွက်ပိုမိုများပြားလာပြီး ရေကြောင်းပြလုပ်ငန်းတွင် တာဝန်ထမ်းဆောင်ရမည့်ဝန်ထမ်းများ ပိုမိုများပြားလာသောကြောင့် ရေကြောင်းပြရေယာဉ်ဖြင့် ဘေးကင်းလုံခြုံစွာဆောင်ရွက်နိုင်ရန်အတွက် နေရာလုံလောက်မှုမရှိခြင်း၊ လှိုင်းဒဏ်လေဒဏ်ကို တိုက်ရိုက်ခံစားကြရခြင်းနှင့် ကိုယ်စိတ်လုံခြုံမှု (Physical and Mental Safety and Security) အားနည်းခြင်း စသည့်ကန့်သတ်ချက်များကြုံတွေ့လာခဲ့ရသည်။

အဆိုပါကြုံတွေ့လာရသည့်အခက်အခဲများကိုဖြေရှင်းနိုင်ရန်အတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ဌာနအကြီးအမှူးအဆင့်ဆင့်တို့သည် အမြော်အမြင်ကြီးစွာ ချင့်ချိန်သုံးသပ်၍ ရေကြောင်းပြမှူးကြီးများနှင့်ဆိပ်ကမ်းဆိုင်ရာ၊ ရေကြောင်းဆိုင်ရာနှင့်ဆက်သွယ်ရေးဆိုင်ရာဝန်ထမ်းများအတွက် ကမ်းလွန်ရေကြောင်းပြစခန်းတည်ဆောက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ကြသည်။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ တာဝန်ရှိသူများကို အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံဆိပ်ကမ်းများသို့သွားရောက်လေ့လာစေခဲ့ပြီး လေ့လာတွေ့ရှိချက်များအပေါ် ပြန်လည်သုံးသပ်၍ ရန်ကုန်ဆိပ်ကမ်းနှင့်မြစ်ကြောင်းအနေအထား၊ ရေလမ်းကြောင်းအနေအထားတို့နီးစပ်တူညီမှုရှိသည့် ထိုင်းနိုင်ငံ ဗန်ကောက်ဆိပ်ကမ်း၏ ပင်လယ်ဝရှိ

စာမျက်နှာ ၆ သို့


ကမ်းလွန်ရေကြောင်းပြစခန်းအား တည်ဆောက်မှုမှတ်တမ်းဓာတ်ပုံများ။


ကမ်းလွန်ရေကြောင်းပြစခန်းအား ယနေ့တွေ့မြင်ရပုံ။

❐ စာမျက်နှာ ၅ မှအဆက်

ကမ်းလွန်ရေကြောင်းပြစခန်း၏ ပုံစံကို နမူနာယူပြီး အခြေခံဒီဇိုင်း(Conceptual Design)ကိုရေးဆွဲခဲ့ကြသည်။ ထို့နောက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပြဋ္ဌာန်းထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံပိုင်သတင်းစာများ၌ ကြော်ငြာထည့်သွင်း၍ ပြည်တွင်း/ပြည်ပမှ ကမ်းဝေးပင်လယ်ပြင် တည်ဆောက်ရေးလုပ်ငန်းအတွေ့အကြုံရှိလုပ်ငန်းရှင်များကို တင်ဒါခေါ်ယူခဲ့ရာ China Harbour Engineering Co., Ltd. (CHEC)မှ စီမံကိန်းတန်ဖိုး အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၉ သန်းဖြင့် တင်ဒါအောင်မြင်တည်ဆောက်ခဲ့သည်။



ကမ်းလွန်ရေကြောင်းပြစခန်း မတည်ဆောက်မီနှင့်တည်ဆောက်ပြီးအခြေအနေများ

ကမ်းလွန်ရေကြောင်းပြစခန်းကို မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၁၂ ဒသမ ၇ လက်မနှင့် အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၆ ဒသမ ၇ လက်မတွင် အလျား ၃၃ ဒသမ ၂ မီတာနှင့်အနံ ၃၀ ဒသမ ၄ မီတာ အရွယ်အစားရှိ သံကူကွန်ကရစ်သုံးထပ် အဆောက်အအုံအဖြစ်တည်ဆောက်ထားခြင်းဖြစ်သည်။ တည်ဆောက်ရေးလုပ်ငန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် တည်ဆောက်ရေး လုပ်ငန်းအားလုံးပြီးစီး၍ ဖွင့်ပွဲအခမ်းအနား(Grand Opening Ceremony)ကို ၃၀-၃-၂၀၁၉ ရက်တွင်ပြုလုပ်ခဲ့ပြီး မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှလွှဲပြောင်းလက်ခံရယူကာ Operation လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့သည်။ စီမံကိန်းလုပ်ငန်းတွင် တန်ချိန် GT ၁၅၀၀ အရွယ်အစားရှိ ရေယာဉ်များဆိုက်ကပ်နိုင်သည့် ဆိပ်ခံတံတားတစ်စင်း၊ ၂၀ မီတာ ရေကြောင်းပြ ကြို/ပို့ ဖိုက်ဘာရေယာဉ်(Pilot Boat) သုံးစင်း၊ မီးစက်၊ ရေချိုချက်လုပ်သည့်စနစ် (Desalination System)၊ ရေဆိုးသန့်စင်စက်၊ မီးငြိမ်းသတ်စနစ်၊ ရေကြောင်းပြလုပ်ငန်းထိန်းချုပ်ခန်း(Control Room)နှင့် ရေကြောင်းဆိုင်ရာ ဆက်သွယ်ရေးစက်ကိရိယာများဖြစ်ကြသည့် ရေဒါ(Radar)နှင့် အလိုအလျောက် ရေယာဉ်အမျိုးအစားနှင့် အချက်အလက်ဖော်ပြသည့်စနစ်(Automatic Identification System – AIS)တို့ ပါဝင်သည်။ ထို့ပြင် ဘုရားခန်း၊ လူနေတစ်ယောက်/နှစ်ယောက်/သုံးယောက်အိပ်ခန်းများ၊ အားကစားခန်း၊ ရိက္ခာသိုလှောင်ခန်း၊ မီးဖိုခန်း၊ စားသောက်ခန်းနှင့် ရေချိုးခန်း၊ သန့်စင်ခန်း၊ အဝတ်လျှော်စက်၊ အခြောက်ခံစက်၊ စက်သုံးဆီသိုလှောင်ကန် စသည်တို့ပါဝင်ပြီး ဝန်ထမ်း ၃၆ ဦး သက်သောင့်သက်သာ အဆင်ပြေစွာ နေထိုင်၍ တာဝန်ထမ်းဆောင်နိုင်သော အဆောက်အအုံတစ်ခုဖြစ်သည်။



ကမ်းလွန်ရေကြောင်းပြစခန်း မတည်ဆောက်မီနှင့်တည်ဆောက်ပြီးအခြေအနေများ

Operation လုပ်ငန်းများဆောင်ရွက်ရာတွင် ပွင့်လင်းရာသီ၌ ရေကြောင်းပြကြို/ပို့ ဖိုက်ဘာရေယာဉ်များဖြင့် ဆိုက်ကပ်၍ ရေကြောင်းပြမှူးကြီးများ အတက်/အဆင်းပြုလုပ်ရာတွင် အဆင်ပြေမှုရှိသော်လည်း မိုးရာသီမုတ်သုံကာလ၌ လှိုင်းလေပြင်းထန်ချိန်တွင် လှိုင်းလေဒဏ်မခံနိုင်သောကြောင့် အန္တရာယ်ရှိသဖြင့် ဖိုက်ဘာရေယာဉ်များကို မြစ်ကြောင်းအတွင်း ရေကြောင်းပြကြို/ပို့ရန်သာ အသုံးပြုပြီး ပင်လယ်ပြင်တွင်အသုံးပြုနိုင်ရန်အတွက် သံထည်ဖြင့်ပြုလုပ်ထားသော ၂၀ မီတာရှိသည့် Pilot Boat သုံးစင်းကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်နှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်များတွင် စုစုပေါင်းအမေရိကန်ဒေါ်လာ ၁ ဒသမ ၄၄၄ သန်းလျာထားပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ဒါခေါ်ယူ၍ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ သိမ်ဖြူသင်္ဘောကျင်းတွင် ပုဂ္ဂလိကနှင့်ပူးပေါင်းပြီး ထပ်မံတည်ဆောက် ဖြည့်တင်းပေးခဲ့သည်။ ထို့ပြင် ရေကြောင်းပြစခန်း၏လေကွယ်ရာဘက်တွင် Pilot Boat များ အန္တရာယ်ကင်းရှင်းစွာဆိုက်ကပ်၍ ရေကြောင်းပြမှူးကြီးများ လုံခြုံစိတ်ချစွာ အတက်/အဆင်းပြုလုပ်နိုင်ရေးအတွက် ထပ်တိုးရေယာဉ်ဆိုက်ကပ်ရန်နေရာတစ်ခုကိုလည်း ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် CHEC နှင့် ညှိနှိုင်း၍ တည်ဆောက်ပေးခဲ့သည်။ အဆိုပါရေကြောင်းပြစခန်းသည် ရန်ကုန်မြို့တွင်း ဆိပ်ကမ်းဧရိယာမှ ရေမိုင် ၃၆ မိုင်ကွာဝေးသဖြင့် ဒီရေအတက်/အကျအခြေအနေများအပေါ်မူတည်ပြီး ရေကြောင်းပြစခန်းသို့ရောက်ရှိရန် ခုတ်မောင်းချိန် လေးနာရီမှခြောက်နာရီခန့်အထိ ကြာမြင့်နိုင်သည်။

စာရေးသူသည် ခရီးစဉ်တွင် ခေတ်မီ Pilot Boat ဖြင့် ရန်ကုန်မြစ်အတွင်းသို့ ဝင်ရောက်မည့်ကုန်သွယ်သင်္ဘောကြီးပေါ်သို့ ရေကြောင်းပြကြို/ပို့ခြင်းလုပ်ငန်းစဉ်ကို စောင့်ကြည့်မှတ်တမ်းတင်ခွင့်ရရှိခဲ့သည်။ ရန်ကုန်ဆိပ်ကမ်းသို့ဝင်ရောက်ရန်အတွက် သင်္ဘောကြီးများကို သတ်မှတ်အချိန်တွင် ကျောက်ချဧရိယာ(Anchorage Area)




မှ စတင်ဝင်ရောက်လာရန်ခေါ်ယူခြင်း၊ Pilot Boat စေလွှတ်ခြင်းနှင့် ပြန်လည်ခေါ်ယူခြင်း၊ တာဝန်ကျရေကြောင်းပြမှူးကြီး၏ဦးဆောင်မှုဖြင့် သင်္ဘောကြီး ရန်ကုန်မြစ်ရေလမ်းကြောင်းသို့ ဝင်ရောက်ခြင်း စသည့်လုပ်ငန်းစဉ်များကို ရေကြောင်းပြစခန်းရှိ Control Room တာဝန်ကျရေယာဉ်မှူးကြီးများနှင့် ဆက်သွယ်ရေးတာဝန်ခံတို့က ပေါင်းစပ်ညှိနှိုင်းဆက်သွယ်ခြင်း(Pilot Transfer Coordination)ကို Radar နှင့် AIS စနစ်များ၊ ဆက်သွယ်ရေးစက်များအသုံးပြု၍ စောင့်ကြည့်ဆက်သွယ်ဆောင်ရွက်ပေးကြရသည်။



ကမ်းလွန်ရေကြောင်းပြစခန်း မတည်ဆောက်မီနှင့်တည်ဆောက်ပြီးအခြေအနေများ

ဤခေတ်မီ ကမ်းလွန်ရေကြောင်းပြစခန်းနှင့် Pilot Boat များအတွက် နိုင်ငံတော်မှ ရင်းနှီးတည်ဆောက်ဖြည့်တင်းပေးရသည်နှင့်ထိုက်တန်သည့်အကျိုးရလဒ်ကောင်းများဖြစ်သော နိုင်ငံတကာကုန်သွယ်သင်္ဘောကြီးများ ရန်ကုန်ဆိပ်ကမ်းသို့ ဝင်/ထွက်သွားလာရာတွင်လည်းကောင်း၊ ရေကြောင်းပြမှူးကြီးများနှင့်ဝန်ထမ်းများ တာဝန်ထမ်းဆောင်ရာတွင်လည်းကောင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းအောင်စီမံဆောင်ရွက်ပေးနိုင်ခြင်းအပြင် တာဝန်ထမ်းဆောင်သူများ၏ကိုယ်စိတ်လုံခြုံမှုပိုမိုရရှိပြီး မိမိကိုယ်ကိုယုံကြည်မှု(Self-Confidence)ရှိစွာ တာဝန်ထမ်းဆောင်နိုင်ခြင်း၊ အကျိုးဆက်အနေဖြင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ဆိပ်ကမ်းနှင့်ရေကြောင်းပြဝန်ဆောင်မှုလုပ်ငန်းများတွင် လုပ်ငန်းခွင်မတော်တဆမှုနှင့်ထိခိုက်မှုအနည်းဆုံး (Zero Accident) အဆင့်သို့ရောက်ရှိထိန်းသိမ်းလာနိုင်ပြီး ဆိပ်ကမ်းသုံးစွဲသူ နိုင်ငံတကာသင်္ဘောလိုင်းများနှင့် ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင်များ၏ ယုံကြည်မှု(Trust)ပိုမိုရရှိလာနိုင်ပြီဖြစ်သောကြောင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့်ဆိပ်ကမ်းလုပ်ငန်းကဏ္ဍ၏ ပုံရိပ်(Image)သည်လည်း ပိုမိုကောင်းမွန်လာပြီဖြစ်ကြောင်း တွေ့ရှိခဲ့ရသည်။

ထို့ပြင် ရေကြောင်းပြမှူးကြီးများ၊ ဆိပ်ကမ်းနှင့်ရေကြောင်းဆိုင်ရာ၊ ဆက်သွယ်ရေးဝန်ထမ်းများအနေဖြင့် ကမ်းလွန်ရေကြောင်းပြစခန်းတွင် လှိုင်းလေဒဏ်ကို တိုက်ရိုက်မခံစားရတော့ဘဲ Facilities အပြည့်အစုံဖြင့် လုံခြုံစိတ်ချစွာ နေထိုင်နိုင်ပြီဖြစ်၍ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် စိတ်ပိုင်း၊ ကိုယ်ပိုင်းဆိုင်ရာယုံကြည်မှုအပြည့်ဖြင့် တာဝန်ထမ်းဆောင်နေနိုင်ကြပြီဖြစ်သည်။ ပင်လယ်ပြင်ရာသီဥတုဆိုးရွားချိန်များတွင် အခြားလုံခြုံသည့်နေရာသို့ရွှေ့ပြောင်းရန် မလိုအပ်တော့ခြင်း၊ ပြုပြင်ထိန်းသိမ်းစရိတ်လျှော့ချနိုင်ခြင်း၊ ဘေးကင်းလုံခြုံစိတ်ချရခြင်း၊ ထင်ရှားသည့်ရေကြောင်းပြအမှတ်အသားအဖြစ် ပင်လယ်ဝကျောက်ချဧရိယာအနီးတွင်တည်ရှိနေသောကြောင့် ဖြတ်သန်းသွားလာသည့် နိုင်ငံတကာကုန်သွယ်သင်္ဘောကြီးများနှင့် တပ်မတော်(ရေ)အပါအဝင် အရပ်ဘက်ကုန်တင်သင်္ဘောများအတွက် ရေကြောင်းပြအမှတ်အသားအဖြစ် အထောက်အကူပေးနိုင်ခြင်း၊ ယခင်က ရေကြောင်းပြလုပ်ငန်းကို ၂၄ နာရီအပြည့်မဆောင်ရွက်နိုင်ဘဲ ယခုအခါ ရန်ကုန်ဆိပ်ကမ်းများသို့ ဝင်/ထွက်ဆိုက်ကပ်သည့် နိုင်ငံတကာကုန်သွယ်ရေယာဉ်ကြီးများကို ရာသီမရွေး၊ ၂၄ နာရီ နေ့/ည အချိန်အခါမရွေး၊ ဆိပ်ကမ်းနှင့်ရေကြောင်းဆိုင်ရာ ဝန်ဆောင်မှုများကို ပေးလာနိုင်ပြီး နိုင်ငံ၏ သွင်းကုန်/ ပို့ကုန်များကို ပိုမိုကိုင်တွယ်လာနိုင်ခြင်းဖြင့် နိုင်ငံ၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကိုများစွာ အထောက်အကူပြုစေနိုင်သည့်အပြင် နိုင်ငံတော်အတွက် နိုင်ငံခြားငွေများစွာကို ရှာဖွေပေးနိုင်လျက်ရှိသည်။

ဒုတိယဝန်ကြီးအနေဖြင့်လည်း ရေကြောင်းပြစခန်းတွင် တာဝန်ထမ်းဆောင်နေကြသည့် ရေကြောင်းပြမှူးကြီးများနှင့် ဝန်ထမ်းများကို တွေ့ဆုံအားပေးစကား

စာမျက်နှာ ၇ သို့ ❐

❒ စာမျက်နှာ ၆ မှအဆက်

ပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် မိမိဝန်ထမ်းများ၏လုပ်အားတန်ဖိုးကို အလေးထားပြီး ဝန်ထမ်းများ ဘေးကင်းလုံခြုံစွာတာဝန်ထမ်းဆောင်နိုင်ကြစေရန် ငွေလုံးငွေရင်းစိုက်ထုတ်ရင်းနှီးဆောင်ရွက်ပေးထားမှုကြောင့် မိမိဝန်ထမ်းများ ရေကြောင်းပြစခန်းကြီးတွင်ဘေးအန္တရာယ်ကင်းစွာနေထိုင်၍ တာဝန်ထမ်းဆောင်နေနိုင်ပြီဖြစ်သည့်အတွက် များစွာဝမ်းမြောက်ရကြောင်း၊ နှစ်စဉ်လိုအပ်သည့် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများကို ဆောင်ရွက်ပေးထားမှုနှင့် နေထိုင်ရေးအပြင် စားသောက်ရေးအတွက်ပါ ပြည့်စုံအောင်ဆောင်ရွက်ပေးထားမှုတို့ကို တန်ဖိုးထားကာ ပေးအပ်သည့်တာဝန်ကိုကျေပွန်စွာထမ်းဆောင်ကြရန်၊ ဌာနနှင့်ဝန်ထမ်းများအတွက် အရေးပါလှသည့် Offshore Fixed Pilot Station ကြီးကို ရေရှည်ကောင်းမွန်စွာအသုံးပြုနိုင်ရေး တန်ဖိုးထားပိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန်၊ မျိုးဆက်သစ်လူ့စွမ်းအားအရင်းအမြစ်များကိုလည်း စဉ်ဆက်မပြတ်မွေးမြူလေ့ကျင့်ပေးရန်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အထူးဂရုပြုဆောင်ရွက်သွားရန်၊ လုပ်ငန်းတာဝန်များကို စွမ်းအားပြည့်ထမ်းဆောင်နိုင်ရန်အတွက် ဝန်ထမ်းတစ်ဦးချင်း ကျန်းမာရေးကို အထူးသတိပြုဆောင်ရွက်ကြရန်၊ မီးဘေးအန္တရာယ်နှင့်လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးကို တာဝန်ရှိသူအဆင့်ဆင့်က အလေးထားကြပ်မတ်ဆောင်ရွက်ရန်နှင့် နိုင်ငံတော်အတွက် ဝင်ငွေတိုးတက်ရှာဖွေပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းအားပေးပြောကြားခဲ့သည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၌ လက်ရှိကာလတွင် တပ်မတော်(ရေ)မှပြောင်းရွှေ့လာသည့် ရေကြောင်းပြမှူးကြီး ၃၅ ဦး တာဝန်ထမ်းဆောင်လျက်ရှိပြီး ဌာနတွင်းမှ ကျွမ်းကျင်လက်မှတ်ရ ရေယာဉ်မှူးကြီးများ၊ ရေယာဉ်မှူးများနှင့် ရေယာဉ်အင်ဂျင်နီယာမှူးကြီးများ၊ ဆက်သွယ်ရေးအရာရှိများနှင့်အတူပူးတွဲ၍ ကမ်းလွန်ရေကြောင်းပြစခန်းတွင်တာဝန်ထမ်းဆောင်စေလျက်ရှိသည်။ ရန်ကုန်ဆိပ်ကမ်းအနေဖြင့် ပင်လယ်ရေကြောင်းကုန်သွယ်မှုလိုအပ်ချက်အရ နှစ်အလိုက် နိုင်ငံတကာကုန်သွယ်သင်္ဘောကြီးများပိုမိုများပြားစွာဝင်/ထွက်လျက်ရှိပြီး ကုန်ကိုင်တွယ်ရရှိမှုသည်လည်း တိုးတက်လျက်ရှိနေသည်။ ရန်ကုန်ဆိပ်ကမ်းအနေဖြင့် တစ်နှစ်လျှင် သင်္ဘောစင်းရေ ၁၄၀၀ ခန့်၊ ကုန်သေတ္တာ (ပေ ၂၀၊ Twenty-foot Equivalent Unit – TEU) တစ်သန်းခန့်နှင့် အထွေထွေကုန်စည်မက်ထရစ်တန် လေးသန်းခန့်၊ စက်သုံးဆီမက်ထရစ်တန် လေးသန်းကျော်နှင့် စားသုံးဆီ မက်ထရစ်တန် ငါးသန်းခန့် ကိုင်တွယ်လျက်ရှိသည်။ ၂၀၂၄ ခုနှစ်တွင် ပြည်ပသို့ လယ်ယာထွက်ပို့ကုန် ဆန်တန်ချိန် ၂ ဒသမ ၇၈ သန်း၊ ပြောင်းတန်ချိန် ၂ ဒသမ ၇၃ သန်း၊ ပဲအမျိုးမျိုး တန်ချိန်နှစ်သန်းခန့်၊ နှမ်းတန်ချိန် ၆၇၂၂၀ အသီးသီးတင်ပို့နိုင်ခဲ့သည်။

သို့ဖြစ်ရာ နိုင်ငံ့လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကမဏ္ဍိုင်တစ်ရပ်ဖြစ်သည့် ပင်လယ်ရေကြောင်းဖြင့် ကုန်သွယ်မှုလွယ်ကူအဆင်ပြေချောမွေ့ဖွံ့ဖြိုးတိုးတက်စေရန် အဓိကဆိပ်ကမ်းကြီးဖြစ်သော ရန်ကုန်ဆိပ်ကမ်း၏ ရန်ကုန်ဧရိယာတွင် ဆိပ်ကမ်းတံတား ၂၈ စင်း၊ သီလဝါဧရိယာတွင် ဆိပ်ကမ်းတံတား ၂၀ စင်း စုစုပေါင်းဆိပ်ကမ်းတံတား ၄၈ စင်းဖြင့် ဝန်ဆောင်မှုပေးလျက်ရှိရာ ရန်ကုန်ဆိပ်ကမ်းသို့ ဝင်/ထွက်သွားလာကြသည့် နိုင်ငံတကာကုန်သွယ်သင်္ဘောကြီးများအတွက် ဘေးကင်းလုံခြုံစွာ ဆိပ်ကမ်းနှင့်ရေကြောင်းပြဝန်ဆောင်မှုလုပ်ငန်းများကို ၂၄ နာရီ လှိုင်းလေကြားက ဝန်ဆောင်မှုပေးနေကြသော ရေကြောင်းပြမှူးကြီးများနှင့် သတ်မှတ်ကာလအလိုက် အလှည့်ကျတာဝန်ထမ်းဆောင်နေကြသည့် ဆိပ်ကမ်းဆိုင်ရာ၊ ရေကြောင်းဆိုင်ရာနှင့်ဆက်သွယ်ရေးဆိုင်ရာဝန်ထမ်းများကိုယ်စိတ်လုံခြုံစွာ ကျရာတာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ရန် အပြည့်အဝအထောက်အကူဖြစ်စေသည့် ရန်ကုန်မြစ်ဝရှိ ကမ်းလွန်ရေကြောင်းပြစခန်းကြီး(Offshore Fixed Pilot Station) နှင့် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအားလုံးကို ဤဆောင်းပါးဖြင့် မှတ်တမ်းတင်ဂုဏ်ပြုရေးသားတင်ပြလိုက်ရပါကြောင်း။ ။

**ဒေါက်တာအာကာ(ဆိပ်ကမ်း)**

## စစ်ကိုင်းပညာရေးဒီဂရီကောလိပ်တွင် တန်းခွဲများအလိုက် အကပြိုင်ပွဲနှင့်ဆုပေးအပ်ပွဲကျင်းပ



စစ်ကိုင်း ဖေဖော်ဝါရီ ၁၆

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းပညာရေးဒီဂရီကောလိပ်တွင် တန်းခွဲများအလိုက် အကပြိုင်ပွဲနှင့်ဆုပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၁၅ ရက် နံနက်ပိုင်းတွင် အဆိုပါကောလိပ်၌ကျင်းပသည်။

ရှေးဦးစွာ စစ်ကိုင်းပညာရေးဒီဂရီကောလိပ်မှ ကျောင်းသား၊ ကျောင်းသူများက အက၊ အလှနှင့်တန်းခွဲအလိုက် ပုံဖော်ကပြယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသည့်တန်းခွဲအလိုက် အကအဖွဲ့များ၊ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အားကစားပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား စစ်ကိုင်းစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးအောင်၊ စစ်ကိုင်းပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီး ဒေါ်မေမြတ်ခိုင်နှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ကြောင်း သိရသည်။

**ဇော်မြင့်နိုင်(ပြန်/ဆက်)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၇-၂-၂၀၂၅(တနင်္လာနေ့)

| | | | |
|---|---|---|---|
| ၁။ ၀၆:၀၂ | နိုင်ငံတော်သီချင်း | | သုံးသပ်ချက် |
| ၂။ ၀၇:၁၆ | မေတ္တာပို့ | ၁၀။ ၁၄:၀၀ | Movie & Movies |
| ၃။ ၀၇:၂၀ | ဓမ္မပူဇာတေး | ၁၁။ ၁၅:၀၀ | ပန်းပေါင်းစုံစွာအနုပညာ |
| ၄။ ၀၈:၀၀ | မောင်မယ်လေးများ သိစေချင် | ၁၂။ ၁၇:၀၀ | သီချင်းလက်ဆောင် |
| | | ၁၃။ ၁၈:၀၀ | မြဝတီရုပ်မြင်သံကြား သတင်း |
| ၅။ ၀၉:၀၀ | မြဝတီနေ့စဉ်သတင်း | | |
| ၆။ ၁၀:၀၀ | တစ်ပတ်အတွင်း နိုင်ငံတကာသတင်း | ၁၄။ ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြား သတင်းမှန်များ |
| ၇။ ၁၁:၀၀ | တစ်ချိန်က သူတို့အကြောင်း | ၁၅။ ၁၈:၄၀ | ကျန်းမာသုတ |
| | | ၁၆။ ၁၉:၀၀ | **တောင်ပိုင်းပိုးလမ်းမ သစ်ကြီး တရုတ်-မြန်မာ အခန်းကဏ္ဍ အပိုင်း(၉/၁၀)** |
| ၈။ ၁၂:၀၀ | မြန်မာသံစဉ်ချိုနားဝင် | | |
| ၉။ ၁၃:၀၀ | တစ်ပတ်အတွင်း ထိပ်တန်းရောက် ကမ္ဘာ့သတင်း | | |

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၁၅၀၄၈၈၊ ၀၆၇-၄၁၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ဟော်မုန်းဓာတ်ညီမျှစေသည့်အပြုအမူနှင့် ကိုယ်အလေးချိန်တက်စေမည့် အစားအစာများ

ရောဂါပိုးမွှားစုံလင်လှတဲ့ ယနေ့ကာလမှာ ဝိတ်ချဖို့ထက် ကိုယ်ခံအားကောင်းအောင်၊ ကျန်းမာရေးနဲ့ ညီညွတ်ပြီး ရှိသင့်ရှိထိုက်တဲ့ကိုယ်အလေးချိန်နဲ့ ဟော်မုန်းဓာတ်ညီမျှအောင် စားသောက်ပြုမူနေထိုင်သင့်ပါတယ်။

လူ့ခန္ဓာကိုယ်မှာ သိုင်းရွိုက်ဂလင်း၊ အက်ဒရီနယ်ဂလင်း၊ ပစ်ကျူထရီဂလင်း၊ သားဥအိမ်၊ ပန်ကရိယ စတဲ့ကိုယ်တွင်းအင်္ဂါတွေကနေ ဟော်မုန်းတွေ ထုတ်ပေးပါတယ်။ သိုင်းရွိုက်ဟော်မုန်း၊ အီစတြိုဂျင်၊ တတ်စတိုစတီရုန်း၊ အင်ဆူလင် စတဲ့ဟော်မုန်းတွေက သွေးစီးဆင်းမှုနဲ့အတူ ခန္ဓာကိုယ်အနှံ့လှည့်လည်ပြီး ကျန်းမာရေးအပေါ် များစွာသက်ရောက်မှုရှိပါတယ်။ ခန္ဓာကိုယ်မှာ ဟော်မုန်းညီမျှမှုမရှိပါက မျိုးမပွားနိုင်တာ၊ ကိုယ်အလေးချိန်များတာ၊ စိတ်ကျတာ၊ မောပန်းနွမ်းနယ်တာ၊ အိပ်မပျော်တာ၊ ဆံပင်ကျွတ်တာ စတဲ့ဆိုးကျိုးတွေဖြစ်နိုင်ပါတယ်။

ဟော်မုန်းအစားထိုးကုသနိုင်တယ်ဆိုပေမယ့် ဒီနည်းလမ်းက ဘေးထွက်ဆိုးကျိုးလည်းရှိတာကြောင့် အရေးကြီးတဲ့ကျန်းမာရေးအခြေအနေမဟုတ်ဘူးဆိုရင် သဘာဝနည်းလမ်းတွေနဲ့ဟော်မုန်းညီမျှအောင် လုပ်ဆောင်နိုင်ပါတယ်။

**အဆိပ်အတောက်ဖြစ်နိုင်တာတွေကို ဖယ်ရှားသင့်ပါတယ်**

ခန္ဓာကိုယ်အဆိပ်အတောက်ထိတွေ့မှုလျှော့နည်းအောင် ဒီအီးအေ(DEA)၊ ပါရာဘင်၊ ပရိုဖိုင်လင်းဂလိုင်ကော(Propylene Glycol)၊ ဆိုဒီယမ်လိုင်း(Sodium Lyne)နဲ့ ဆာလဖိတ်ပါဝင်တဲ့ အလှကုန်ပစ္စည်းတွေ အသုံးပြုမှုကို ရှောင်ကြဉ်ဖို့လိုတယ်။ ပလတ်စတစ်ဘူးတွေ၊ ပန်းကန်တွေ၊ ခွက်တွေ အသုံးပြုမယ့်အစား ဖန်ခွက်နဲ့ စတီးပစ္စည်းတွေကို အစားထိုးသုံးစွဲသင့်ပါတယ်။ ဟင်းလျာတွေချက်ပြုတ်ရာမှာ ဟင်းအိုးမကပ်စေဖို့နဲ့ ဆီကုန်သက်သာစေဖို့ အိမ်ရှင်မတွေအသုံးပြုတတ်ကြတဲ့ လက်ကိုင်ကိုင်းပါတဲ့ဒယ်အိုးတွေက ခန္ဓာကိုယ်ရဲ့ဟော်မုန်းစနစ် ပြောင်းလဲမှုဖြစ်စေလို့ အသုံးမပြုသင့်ပါဘူး။

**လေ့ကျင့်ခန်းပြင်းပြင်းထန်ထန်လုပ်တာ ရှောင်ကြဉ်သင့်ပါတယ်**

သင့်တင့်တဲ့လေ့ကျင့်ခန်းပြုလုပ်တာက ကျန်းမာရေးအတွက်ကောင်းမွန်စေသလို ခန္ဓာကိုယ်တွင်းဟော်မုန်းပမာဏကိုလည်း ညီညွတ်မျှတစေပါတယ်။ လေ့ကျင့်ခန်းပုံမှန်ပြုလုပ်တာကြောင့် အန်ဒေါ်ဖင်(Andorphin)၊ တတ်စတိုစတီရုန်း (Testosterone)၊ ကြီးထွားဟော်မုန်း(Growth Hormone)၊ အင်ဆူလင်(Insulin) စတဲ့ဟော်မုန်းတွေညီညွတ်မျှတပြီး စိတ်ဖိစီးမှုလျှော့နည်းစေပါတယ်။ ခန္ဓာကိုယ်ခုခံစွမ်းအားပိုမိုကောင်းမွန်စေတာ၊ ဇီဝရုပ်ဖြစ်ပျက်မှုမှန်ကန်စေတာ၊ ကိုယ်အလေးချိန်ထိန်းသိမ်းပေးတာ စတဲ့ကောင်းကျိုးတွေရရှိစေပါတယ်။ ဒါပေမဲ့ လေ့ကျင့်ခန်းကို ပြင်းပြင်းထန်ထန်ပြုလုပ်တာက ဟော်မုန်းထုတ်လုပ်မှုကိုပြောင်းလဲစေပါတယ်။

**ကော်ဖီသောက်သုံးမှုလျှော့ချသင့်ပါတယ်**

ကော်ဖီကို အလွန်အကျွံသောက်တာကြောင့် အိပ်စက်မှုကို အနှောင့်အယှက်ဖြစ်စေတယ်။ စိတ်ဖိစီးမှုဟော်မုန်းလို့ခေါ်တဲ့ ကော်တီစုန်း မြင့်မားစေပြီး သိုင်းရွိုက်ဟော်မုန်းပမာဏကို လျှော့နည်းစေပါတယ်။ ဒါကြောင့် တစ်နေ့ကို ကော်ဖီ ၁-၂ ခွက်ထက် ပိုမသောက်သင့်ပါဘူး။ ကော်ဖီသောက်သုံးမှုကို လျှော့ချလိုက်ပါက ခန္ဓာကိုယ်တွင်းဟော်မုန်းပမာဏ ပုံမှန်ဖြစ်အောင်ထိန်းထားနိုင်ပြီး ကိုယ်အလေးချိန် ထိန်းသိမ်းနိုင်ကာ ကင်ဆာရောဂါဖြစ်ပွားနိုင်ခြေ လျှော့နည်းစေတဲ့ကောင်းကျိုးတွေရစေပါတယ်။

**"ကော်ဖီကို အလွန်အကျွံသောက်တာကြောင့် အိပ်စက်မှုကို အနှောင့်အယှက်ဖြစ်စေတယ်။ စိတ်ဖိစီးမှုဟော်မုန်းလို့ခေါ်တဲ့ ကော်တီစုန်းမြင့်မားစေပြီး သိုင်းရွိုက်ဟော်မုန်းပမာဏကို လျှော့နည်းစေပါတယ်။ ဒါကြောင့် တစ်နေ့ကို ကော်ဖီ ၁-၂ ခွက်ထက်ပိုမသောက်သင့်ပါဘူး။ ကော်ဖီသောက်သုံးမှုကို လျှော့ချလိုက်ပါက ခန္ဓာကိုယ်တွင်းဟော်မုန်းပမာဏပုံမှန်ဖြစ်အောင် ထိန်းထားနိုင်ပြီး ကိုယ်အလေးချိန်ထိန်းသိမ်းနိုင်ကာ ကင်ဆာရောဂါဖြစ်ပွားနိုင်ခြေလျှော့နည်းစေတဲ့ကောင်းကျိုးတွေရစေပါတယ်. . ."**

**အိပ်ရေးဝဝအိပ်စက်သင့်ပါတယ်**

တစ်ညကို ပုံမှန်အိပ်ချိန် ၆-၈ နာရီအပြည့် အိပ်သင့်ပါတယ်။ အိပ်ချိန်နည်းပါးတာ၊ နေ့ညအိပ်ချိန်များယွင်းစွာအိပ်တာက ခန္ဓာကိုယ်မှာ ဟော်မုန်းညီညွတ်မျှတမှုကို အနှောင့်အယှက်ဖြစ်စေပါတယ်။ ဘာကြောင့်လဲဆိုတော့ ဟော်မုန်းတွေက အချိန်အပိုင်းအခြားနဲ့ အလုပ်လုပ်တာကြောင့်ဖြစ်ပါတယ်။ စိတ်ဖိစီးမှုဖြစ်စေတဲ့အခါ ထွက်ရှိတဲ့ ကော်တီစုန်းဟော်မုန်းက ညဥ့်နက်သန်းခေါင်ကျော်ချိန်မှာ ပုံမှန်ထွက်ရှိမှုဖြစ်အောင် ပြန်လည်ထိန်းညှိပါတယ်။ အိပ်ချိန်နောက်ကျပြီး ညဥ့်နက်သန်းခေါင်မှ အိပ်စက်သူတွေအနေနဲ့ စိတ်ဖိစီးမှုဟော်မုန်းထွက်ရှိမှုကို ပုံမှန်ပြန်လည်ပြုလုပ်ချိန်မရှိတာကြောင့် စိတ်ဖိစီးမှုနဲ့ဆက်စပ်တဲ့ ကျန်းမာရေးပြဿနာတွေ ခံစားရနိုင်ပါတယ်။ ဟော်မုန်းထုတ်လုပ်မှုပုံမှန်ဖြစ်စေဖို့၊ ခန္ဓာကိုယ်က ပြုပြင်ချိန်ရဖို့အတွက် ည ၁၀ နာရီမှာ ပုံမှန်အိပ်စက်သင့်ပါတယ်။

**ဗီတာမင် D3 ဖြည့်စွက်သင့်ပါတယ်**

အမေရိကန်အာဟာရဆိုင်ရာ ဆေးပညာဂျာနယ်မှာ ဗီတာမင် D3 ရဲ့ ကျန်းမာရေးအပေါ်ကောင်းကျိုးတွေကို ရေးသားဖော်ပြထားပါတယ်။ လူအများစုက ရုံး၊ အလုပ်၊ ကျောင်း၊ အိမ်တွင်းမှာ နေ့လယ်နေ့ခင်းအချိန်တွေကုန်ဆုံးတတ်တာကြောင့် နေရောင်ခြည်နဲ့ထိတွေ့မှုမရှိလို့ တခြားကျန်းမာရေးပြဿနာတွေ ခံစားရနိုင်ပါတယ်။

ဗီတာမင် D3 ကတော့ ပန်ကရိယက အင်ဆူလင်ဟော်မုန်းထုတ်လုပ်မှုကို ပုံမှန်ဖြစ်စေပါတယ်။ နှလုံးလုပ်ငန်းတွေကောင်းမွန်စေတာ၊ သွေးဖိအားကို ပုံမှန်ဖြစ်စေတာ၊ သန္ဓေသားရဲ့ဦးနှောက်ဖွံ့ဖြိုးမှုကို အားပေးတာ စတဲ့ကောင်းကျိုးတွေကို ရရှိစေပါတယ်။ နေရောင်ခြည်နဲ့ထိတွေ့မှုမရှိပါက တစ်နေ့ကို ဗီတာမင် D3 ပမာဏ ၂၀၀၀-၅၀၀၀ အိုင်ယူဖြည့်စွက်သောက်သင့်ပါတယ်။ ကျန်းမာရေးနဲ့ညီညွတ်တဲ့ အစားအစာတွေစားသင့်ပါတယ်။

**အချိုစာများ**

အညိုရောင်ချောကလက်၊ ရေခဲမုန့်၊ ကိတ်မုန့် စတာတွေမှာ ကယ်လိုရီများစွာပါဝင်လို့ ကိုယ်အလေးချိန်တက်လိုသူတွေ စားသုံးသင့်ပါတယ်။ ဒါပေမဲ့ လွန်လွန်ကဲကဲစားသုံးမှုကိုတော့ ရှောင်ရှားသင့်တယ်။ အများစုက အချိုကဲတဲ့အစားအစာတွေ စားသုံးရတာနှစ်ခြိုက်တတ်ကြတယ်။ သကြား၊ နို့နဲ့ နို့ထွက်ပစ္စည်းတွေပါဝင်တဲ့ အစားအစာတွေက ကိုယ်အလေးချိန်ကို အမြန်တက်စေပါတယ်။

**နို့နှင့်နို့ထွက်ပစ္စည်းများ**

နို့နဲ့နို့ထွက်ပစ္စည်းတွေမှာ ကယ်လ်စီယမ်၊ ပရိုတင်းနဲ့ အဆီများစွာပါဝင်နေလို့ ကြွက်သားတည်ဆောက်ဖို့နဲ့ ကိုယ်အလေးချိန်တက်ဖို့အတွက် များစွာ အထောက်အကူဖြစ်စေပါတယ်။

**အစေ့အဆန်များ**

မြေပဲ၊ ဗာဒံစေ့၊ သီဟိုဠ်စေ့ စတဲ့အစေ့အဆန်တွေမှာ အဆီ၊ အမျှင်ဓာတ်၊ ဗီတာမင်နဲ့သတ္တုဓာတ် စတဲ့ အာဟာရဓာတ် များစွာပါဝင်ပါတယ်။ အစေ့အဆန်တစ်မျိုးမျိုးကို နေ့စဉ်စားသုံးပေးပါက နှလုံးကျန်းမာရေးကိုကောင်းမွန်စေပြီး ကိုယ်အလေးချိန်လည်း အနည်းငယ်တက်စေပါတယ်။ အစေ့အဆန်တွေထဲမှာ မရှိမဖြစ်အဆီပါဝင်လို့ ကိုယ်အလေးချိန် အမြန်တက်စေဖို့အားပေးပါတယ်။

**အသား**

အသားစားသုံးရာမှာ အဖြူရောင်အသားနဲ့ အနီရောင်အသားဆိုပြီးနှစ်မျိုးရှိပါတယ်။ ကြက်သား၊ ကြက်ဆင်သား၊ ငါးတို့က အဖြူရောင်အသားတွေဖြစ်ပြီး ပရိုတင်း၊ ကာဗိုဟိုက်ဒရိတ်နဲ့ အဆီအနည်းငယ်ပါဝင်ပါတယ်။ အမဲသား၊ ဆိတ်သားက အနီရောင်အသားတွေဖြစ်ပြီး ကယ်လိုရီနဲ့ အဆီဓာတ်ပါဝင်ပါတယ်။ ကိုယ်အလေးချိန်တက်စေဖို့ စားသုံးသင့်ပြီး အလွန်အကျွံစားသုံးမှုကိုတော့ ရှောင်ကြဉ်သင့်ပါတယ်။

**ကောက်နှံတစ်ခုလုံးပါဝင်စာ**

ဆန်လုံးညို၊ ကွေကာ၊ အုတ်ဂျုံနဲ့ နံ့စားပြောင်း စတာတွေက ကောက်နှံတစ်ခုလုံးပါဝင်စာတွေဖြစ်ပြီး အာဟာရဓာတ်မျိုးစုံရရှိနိုင်ပါတယ်။ ဆန်လုံးညိုနဲ့ အုတ်ဂျုံမှာပါဝင်တဲ့ ကာဗိုဟိုက်ဒရိတ်က ကြွက်သားတွေ တည်ဆောက်ရာမှာ အားပေးကူညီပါတယ်။ ကွေကာက ကယ်လိုရီပါဝင်မှုများလို့ နံနက်စာအဖြစ် စားသုံးဖို့သင့်တော်ပါတယ်။

**ငှက်ပျောသီး**

ကိုယ်အလေးချိန်တက်လိုသူတွေအတွက် ငှက်ပျောသီးစားသင့်ပါတယ်။ ငှက်ပျောသီးတစ်လုံးမှာ ၁၂၀ ကယ်လိုရီပါဝင်ပြီး အဆီ၊ ပိုတက်ဆီယမ်နဲ့ တခြားသတ္တုဓာတ်တွေများစွာပါဝင်ပါတယ်။ ငှက်ပျောသီးအမှည့်ကိုအခွံနွှာပြီးစားနိုင်သလို ဖျော်ရည်ပြုလုပ်ပြီး သောက်သုံးနိုင်ပါတယ်။

**ထောပတ်**

ထောပတ် ၅ ဂရမ်ကနေ ၃၆ ကယ်လိုရီရရှိနိုင်လို့ ကိုယ်အလေးချိန်တက်လိုသူတွေအနေနဲ့ စားသုံးဖို့သင့်တော်ပါတယ်။ မြေပဲထောပတ်မှာ ကယ်လိုရီ၊ ဗီတာမင်နဲ့သတ္တုဓာတ်တွေအပြင် တခြားအာဟာရဓာတ်တွေလည်းများစွာပါဝင်ပြီး ကိုယ်အလေးချိန်တက်ဖို့ဆိုရင် စားသုံးဖို့အကောင်းဆုံးအစားအစာပဲဖြစ်ပါတယ်။

**အာလူး**

အာလူးမှာ ကာဗိုဟိုက်ဒရိတ်နဲ့ ပရိုတင်းများစွာပါဝင်လို့ ကိုယ်အလေးချိန်တက်စေဖို့ အားပေးကူညီပါတယ်။ ဂျပန်နပန်းသမားတွေစားသုံးတဲ့ အစားအစာထဲမှာ အာလူး အဓိကပါဝင်ပါတယ်။

**သစ်သီးဖျော်ရည်**

သစ်သီးဖျော်ရည်တွေသောက်သုံးတာက ကယ်လိုရီများစွာရရှိစေလို့ ကိုယ်အလေးချိန်တက်ဖို့ အားပေးကူညီပါတယ်။ ကျန်းမာရေးနဲ့ညီညွတ်ပြီး ခန္ဓာကိုယ်အတွက် လိုအပ်တဲ့ဗီတာမင်နဲ့ သတ္တုဓာတ်များစွာရရှိစေပါတယ်။ သစ်သီးဖျော်ရည်တစ်ခွက်ကနေ ၅၇ ကယ်လိုရီရရှိစေပါတယ်။

**ဥအမျိုးမျိုး**

ဥအမျိုးမျိုးက ကယ်လိုရီကြွယ်ဝပြီး ခန္ဓာကိုယ်အတွက်လိုအပ်တဲ့ ပရိုတင်း၊ အဆီ၊ ဗီတာမင်နဲ့သတ္တုဓာတ်တွေကို ဖြည့်တင်းပေးပါတယ်။ မျက်စိ၊ ဦးနှောက်စတဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းတွေအတွက် လိုအပ်တဲ့ အာဟာရဓာတ်တွေကို ဖြည့်ဆည်းပေးတဲ့အပြင် ကိုယ်အလေးချိန်တက်စေဖို့လည်း အထောက်အကူပြုပါတယ်။

ဒေါက်တာလွင်သန့်

---

# ရပ်စောက်မြို့ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ညောင်သုံးပင်၌ လူငယ်ရေးရာအသိပညာပေးဟောပြော

ရပ်စောက် ဖေဖော်ဝါရီ ၁၆

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီလ ၁၅ ရက်က ရပ်စောက်မြို့ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ညောင်သုံးပင်၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူး ဦးရန်မျိုးအောင်က ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေ၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ဦးစီးမှူး ဦးမြတ်သူက လူငယ်နှင့်အားကစား၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဆုမွန်ထွန်းက စာဖတ်ခြင်းနှင့်ကျန်းမာရေး၊ Book Club အဖွဲ့ဝင် ဒေါ်ကြည်ဌေးက လူငယ်နှင့်စာရိတ္တ ခေါင်းစဉ်များဖြင့် အသီးသီးဟောပြောဆွေးနွေးကြသည်။ ဆက်လက်၍ တာဝန်ရှိသူများက ကျောင်းသုံးဗလာစာအုပ်များနှင့် စာရေးကိရိယာများ၊ အားကစားပစ္စည်းများ၊ သုတ၊ ရသစာအုပ်စာစောင်များ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများအား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။ အဆိုပါဟောပြောပွဲသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ညောင်သုံးပင်မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။


ချမ်းမြေ့

# အသက် ၃၀ နှစ်အောက် ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁၆**

မန္တလေးတိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီဥက္ကဋ္ဌဖလား အသက် ၃၀ နှစ်အောက်ဘော်လီဘောပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် လမ်း ၃၀ ရှိ ဗထူးအားကစားခန်းမ၌ ဖေဖော်ဝါရီလ ၁၅ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုးက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။



ဆက်လက်၍ အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုပြီး တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီးနှင့် ဘော်လီဘောဆပ်ကော်မတီဥက္ကဋ္ဌတို့က အားကစားသမားများအား လိုက်လံနှုတ်ဆက်ပြီး အားကစားပစ္စည်းများပေးအပ်သည်။

ထို့နောက် အသက် ၃၀ နှစ်အောက်အမျိုးသားဘော်လီဘောပြိုင်ပွဲကို အခမ်းအနားတက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြောင်း သိရသည်။ **မောင်ပြည်သူ**

# မြိတ်မြို့၌ မီးဘေးလုံခြုံရေး အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေ



**မြိတ် ဖေဖော်ဝါရီ ၁၆**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် မီးဘေးလုံခြုံရေးအတွက် ကြိုတင်မြော်တွေး၍ မီးလောင်မှုများလျော့နည်းစေရန်နှင့် ဘေးအန္တရာယ်များ ဖြစ်ပွားပေါ်ပေါက်လာပါက အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်နိုင်ရန်အတွက် မီးဘေးလုံခြုံရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းလုပ်ငန်းများကို ဖေဖော်ဝါရီလ ၁၅ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်ကြကြောင်း သိရသည်။

အဆိုပါမီးဘေးနှင့်သဘာဝဘေးအန္တရာယ်ဖြစ်ပွားပါက ၂၄ နာရီအတွင်း ချက်ချင်းအကူအညီတောင်းခံနိုင်ရန်အတွက် မီးသတ်ဦးစီးဌာနသို့ ဆက်သွယ်ရန် ဖုန်းနံပါတ်ပါရှိသည့် Sticker များ ကပ်နှိပ်ခြင်းကို မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတာဝန်ရှိသူများ၊ မြို့နယ် ရဲတပ်ဖွဲ့ဝင်များ၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာနမှတာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ခြင်းကို မြိတ်ခရိုင်မီးသတ်စခန်းအရှေ့၊ အထက(၇)ကျောင်းအရှေ့လမ်းဆုံ၊ တပ်ပြင် လမ်းဆုံတို့တွင် ဆောင်ရွက်ကြသည်။ ထို့ပြင်မြိတ်မြို့နယ်ကျွဲကူး-ကျောက်ဖျာတံတားထိပ်၊ သမုတ်ကျေးလက်ကျန်းမာရေးလမ်းဆုံနှင့် ရဲစခန်းလမ်းဆုံတွင်လည်းကောင်း၊ ကျွန်းစုမြို့နယ် မြို့မဈေးအရှေ့၊ ကံမော်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးအရှေ့၊ စခန်းသစ်ကျေးရွာသာကေတလမ်းဆုံတွင်လည်းကောင်း၊ ပုလောမြို့ အမှတ်(၂)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနှင့် ပလောက်မြို့ဈေးအရှေ့တွင် လည်းကောင်း၊ တနင်္သာရီမြို့ မြို့နယ်မီးသတ်စခန်းအရှေ့နှင့် မြို့မရဲစခန်းအရှေ့တွင်လည်းကောင်း ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ တစ်ပြိုင်နက်ဆောင်ရွက်ကြကြောင်း သိရသည်။

မီးဘေးလုံခြုံရေးပညာပေးလက်ကမ်းစာစောင်တွင် မီးလောင်မှုဖြစ်စေ၊ သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်သည်ဖြစ်စေ မီးသတ်ဦးစီးဌာနသို့ အကူအညီတောင်းခံလိုသည့် ဖုန်းနံပါတ်များ၊ မီးဖိုအသုံးပြုလျှင်၊ အထပ်မြင့်တိုက်များ မီးလောင်လျှင်၊ မီးလောင်မှုဖြစ်၍ မီးခိုးအန္တရာယ်ကြုံတွေ့ရလျှင်၊ လျှပ်စစ်ဓာတ်အားသုံးလျှင်၊ ဆေးလိပ်သောက်လျှင် ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ မိမိနေအိမ်တွင် မီးဘေးအန္တရာယ်ကင်းဝေးစေရန်နှင့် မီးသတ်ယာဉ်များ အမြန်ဆုံးလာရောက်ငြိမ်းသတ်နိုင်ရေးအတွက် ဆောင်ရွက်သင့်သည့်အကြောင်းအရာများ၊ မီးသတ်ဆေးဘူးအသုံးပြုပုံ၊ ဓာတ်ဆီဖြည့်လျှင်၊ ဓာတ်ဆီဖလှယ်လျှင် သတိထားသင့်သည့် အကြောင်းအရာများ၊ မိသားစုဝင်အားလုံး အပြင်သွားမည်ဆိုပါက သတိထားပြုလုပ်သင့်ပုံစသည့်အကြောင်းအရာများကို ထည့်သွင်းဖော်ပြထားကြောင်း သိရသည်။ မြင့်ဦး(မြိတ်)

# ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

**မိတ္ထီလာ ဖေဖော်ဝါရီ ၁၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကန်သာအေးကျေးရွာတွင် ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးနေမှုကို ဖေဖော်ဝါရီလ ၁၅ ရက်တွင် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

အဆိုပါ ကန်သာအေးကျေးရွာ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းပြီးစီးမှုအခြေအနေကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ထပ်တိုးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကန်သာအေးကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ဖြင့် ကျေးရွာတွင်းလမ်း အရှည်ပေ ၉၀၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေကျပ် ၁၅ သိန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၁၃ ဒသမ ၂၁ သိန်းတို့ဖြင့် ဆောင်ရွက်လျက်ရှိရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်းသိရသည်။

(၆၀၂)

## ပညာပန်းတိုင် ဝင့်ထည်ကြွားစေဖို့

* ပြည်နိုင်ငံ တိုးတက်မနေး
ပညာရေးသည် အုတ်မြစ်ပမာ။
ဘက်စုံချွန် ပြည့်သားကောင်းများ
ဖွားမြောက်ဖို့ရာ။
ခေတ်စနစ်နဲ့ တန်းညီစွာ
အမီလိုက်ပါ ရပ်တည်ရေး။
ကမ္ဘာနှင့်ယှဉ် ရင်ပေါင်တန်း
ရည်မှန်းမြော်တွေး။
* လှမ်းတက်ချီ အနာဂတ်လမ်း
ပြည့်ဂုဏ်နန်း တင့်ဖို့ရာ။
မျိုးဆက်မွန် လူသားရင်းမြစ်
ဖွားသစ်တည်ကာ။
ပြည့်အမွေကမ်း ပြည့်ဝန်တာ
ကျေပွန်စွာ ဆက်ခံမှု။
ပေါ်ထွန်းလာ ပညာတတ်များ
အားထားအခြေပြု။
* ထက်မြက်ချွန် ပညာတတ်များ
ထွန်းတောက်ကြွား ပြည့်ဖို့လျှင်။
ဝိဇ္ဇာ သိပ္ပံ သိပညာရပ်များ
ဆင့်ထပ်မှုပင်။
ပြီးပြည့်ဝ စံနှုန်းယှဉ်
ဘက်စုံမြင် မြင့်တင်မှန်း။
ထိရောက်မှန် ဘာသာရပ်များနဲ့
အားမြင့် တက်လှမ်း။
* ပညာရည် မြင့်မားအတွေး
အမျိုးသားရေး ပြည့်ပန်းတိုင်။
ခေတ်မီမီ ပညာရေးစနစ်နဲ့
ထုဆစ် ခိုင်ခိုင်။
အသုံးချ ထိရောက်ပိုင်နိုင်
ဆန်းစစ်တူပြိုင် မြင့်မားဖို့။
အလှထုံကြည်
မြန်မာ့ဂုဏ်ရည် ပညာနန်းတွက်
မျှော်မှန်းရည် မူဝါဒများနဲ့
ဝင့်ကြွားညီ တင့်တယ်မွေးစေရအောင်
အလေးထားကာ မြော်မြင်တွေးလို့
ပြည်ရေးမျှော် သုတေသနပြုကာဖြင့်
ပေါင်းစုဆုံ လက်ယှက်ထွေး
ဆွေးနွေးကြစို့။ ။

**မင်းသွေးနွယ်(ဇီးကုန်း)**

# တစ်ပတ်တာကာလအတွင်း ငွေကျပ်သိန်း ၁၁၀၀ ကျော်တန်ဖိုးရှိ စတော့ရှယ်ယာအစောင် ၃၄၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့




ရန်ကုန် ဖေဖော်ဝါရီ ၁၆

ရန်ကုန်စတော့အိတ်ချိန်း၌ အများပိုင်ကုမ္ပဏီရှစ်ခုဖြင့် ဘဏ်ပိတ်ရက်များမှအပ နေ့စဉ် စတော့ရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်လျက်ရှိရာ ဖေဖော်ဝါရီလ ဒုတိယပတ် တစ်ပတ်တာကာလအတွင်း ငွေကျပ် သိန်း ၁၁၀၀ ကျော် တန်ဖိုးရှိ စတော့ရှယ်ယာအစောင် ၃၄၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်စတော့အိတ်ချိန်းတွင် ဖေဖော်ဝါရီလ ၁၀ ရက်မှ ၁၄ ရက်အထိ စုစုပေါင်း ငွေကျပ် ၁၁၇၉၆၆၈၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၃၄၆၈၃ စောင် အရောင်းအဝယ်ပြုလုပ်နိုင်ခဲ့သည်။

ထိုသို့ အရောင်းအဝယ်ပြုလုပ်ရာတွင် FMI ကုမ္ပဏီမှ ငွေကျပ် ၂၉၉၈၄၉၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၃၉၅၃ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MTSH ကုမ္ပဏီမှ ငွေကျပ် ၅၆၇၀၃၂၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၉၄၄၇ စောင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာ သုံးပုံနှစ်ပုံခန့် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

MCB ကုမ္ပဏီမှ ငွေကျပ် ၁၆၄၇၅၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၂၀၆ စောင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင် ထက်ဝက်ကျော် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

FPB ကုမ္ပဏီမှ ငွေကျပ် ၅၈၆၂၆၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၃၂၅၇ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

TMH ကုမ္ပဏီမှ ငွေကျပ် ၄၆၉၄၅၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင် ၁၆၀ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင် ၁၅၀ ကျော် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

EFR ကုမ္ပဏီမှ ငွေကျပ် ၃၉၈၉၀၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၂၄၇၇ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

AMATA ကုမ္ပဏီမှ ငွေကျပ် ၁၄၅၁၄၉၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၃၆၈၇ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MAEX ကုမ္ပဏီမှ ငွေကျပ် ၄၇၉၅၁၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၄၉၆ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

ယခုတစ်ပတ်အတွင်း စာရင်းဝင်ကုမ္ပဏီရှစ်ခုအနက် ကုမ္ပဏီသုံးခုမှအပ ကျန်ကုမ္ပဏီငါးခုမှာ အရောင်းအဝယ်ကျဆင်းခဲ့သော်လည်း စုစုပေါင်းစတော့ရှယ်ယာအစောင်နှင့် ရောင်းရငွေမှာ ယခင်တစ်ပတ်ကထက် အရောင်းအဝယ်မြင့်တက်ခဲ့ကြောင်း သိရသည်။

**ခန့်ခန့်**

# ထန်းတပင်မြို့နယ်၌ သစ်တောထိန်းသိမ်းရေး ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်သစ်တောဦးစီးဌာနမှ သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီလ ၁၅ ရက်က ထန်းတပင်မြို့နယ် လမုတန်းကြီးကျေးရွာအုပ်စု လမုတန်းကြီးကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

အဆိုပါအသိပညာပေးဟောပြောပွဲတွင် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးနိုင်လင်းထွန်းက ဂေဟစနစ်ဆိုင်ရာ အကျိုးကျေးဇူးများ၊ ရေသယံဇာတထိန်းသိမ်းရန်နှင့် ရေဝေရေလဲဒေသကြီးများအကြောင်း၊ ရေအရင်းအမြစ်များ ထိန်းသိမ်းခြင်းကြောင့် ရရှိမည့်အကျိုးကျေးဇူးများ၊ ရာသီဥတုပြောင်းလဲမှု လျှော့ချရေးတွင် သစ်တောများ၏အရေးပါမှုနှင့်အကျိုးကျေးဇူးများ၊ မီးခိုးမြူငွေ့လျှော့ချရေးအတွက် Fire Hotspot များ လျှော့နည်းကျဆင်းအောင် တောမီးရှို့ခြင်း၊ လယ်ယာများမီးရှို့ခြင်းများ မပြုလုပ်ရန်တို့ကို အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမျိုးနိုင်ဦးက မီးလောင်မှုမဖြစ်ပွားစေရေးနှင့် အမှိုက်များမီးရှို့လိုပါကလည်း မြို့နယ်မီးသတ်ဦးစီးဌာနထံ သတင်းပေးပို့ဆောင်ရွက်ရန်တို့ကို အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် တက်ရောက်လာကြသူများက မိမိတို့သိရှိလိုသည်များကို မေးမြန်းခဲ့ကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။ ယင်းနောက် အခမ်းအနားတက်ရောက်လာကြသူများအား မြို့နယ်သစ်တောဦးစီးဌာနဝန်ထမ်းများက အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

# တောင်ငူမြို့နယ်၌ Siphon (ဆိုင်ဖွန်) သဘာဝရေဆွဲအားစနစ်ကိုအသုံးပြု၍ နွေစပါးစိုက်ကေများသို့ ရေတင်ခြင်းကွင်းသရုပ်ပြ



တောင်ငူ ဖေဖော်ဝါရီ ၁၆

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်စိုက်ပျိုးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီနှင့် မြို့နယ်စိုက်ပျိုးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များသည် Siphon (ဆိုင်ဖွန်) သဘာဝရေဆွဲအားစနစ်ကို အသုံးပြု၍ နွေစပါးစိုက်ကေများသို့ ရေတင်ခြင်းကွင်းသရုပ်ပြခြင်းကို ဖေဖော်ဝါရီလ ၁၅ ရက်က တောင်ငူမြို့နယ် ဆင်ဆိပ်ကျေးရွာအုပ်စု မြင်းစာခွက်ကျေးရွာ ကွင်းအမှတ် (၅၆၁) (ခ) တောင်သူဦးညွန့်၏လယ်ယာမြေ၌ ဆောင်ရွက်သည်။

ထိုသို့ကွင်းသရုပ်ပြရာသို့ တောင်ငူခရိုင်စိုက်ပျိုးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးညီညီလွင်စိုးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဉာဏ်လင်းအောင်နှင့်အဖွဲ့ဝင်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံ (GTI) (တောင်ငူ) မှ ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံတောင်သူများ ကြည့်ရှုအားပေးကြသည်။

Siphon (ဆိုင်ဖွန်) သဘာဝရေဆွဲအားစနစ်ကိုအသုံးပြု၍ စိုက်ပျိုးမြေများသို့ ရေတင်ခြင်းသည် မြင့်သောနေရာမှ နိမ့်သောနေရာသို့ ပြွန်ဖြင့်စီးဆင်းစေသောကိရိယာ သို့မဟုတ် နည်းလမ်းကိုအသုံးပြု၍ လေထုဖိအားနှင့်ဆွဲအားကြောင့် အရည်သည် ပြွန်အတွင်းမှတစ်ဆင့် အလိုအလျောက်စီးဆင်းသွားခြင်းဖြစ်ပြီး ရေကို ငွေကြေးအကုန်အကျသက်သာစွာရရှိစေနိုင်သော နည်းလမ်းတစ်ခုဖြစ်သောကြောင့် စပါးအပါအဝင် ဟင်းသီးဟင်းရွက်စိုက်တောင်သူများနှင့် တခြားသီးနှံစိုက်ပျိုးသည့်တောင်သူများအသုံးပြုပါက အကျိုးများစွာဖြစ်ထွန်းစေနိုင်ကြောင်း သိရသည်။

**ဇော်ကိုကို(တောင်ငူ)**

# ယာဉ်စည်းကမ်း လမ်းစည်းကမ်းနှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြော

သထုံ ဖေဖော်ဝါရီ ၁၆

မွန်ပြည်နယ် သထုံမြို့နယ် ဂေါ့ကျေးရွာရှိ ကွန်ပျူတာတက္ကသိုလ်(သထုံ)တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီလ ၁၅ ရက်က အဆိုပါတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သထုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌကိုယ်စား အတွင်းရေးမှူး ဒုတိယရဲမှူးကြီးစိုးပိုင်နှင့် ကွန်ပျူတာတက္ကသိုလ်(သထုံ)ပါမောက္ခချုပ် ဒေါက်တာနီလာသိန်းတို့က အမှာစကားများအသီးသီး ပြောကြားကြသည်။

ယင်းနောက် အမှတ်(၇၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စု(သထုံ)မှ ရဲအုပ်နိုင်ထွန်းနှင့် ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ စစ်ဆေးရေးမှူး(၃) ဦးသူရကျော်တို့က အပြည်ပြည်ဆိုင်ရာယာဉ်စည်းကမ်းထိန်းသိမ်းခြင်းနည်းစနစ် ငါးမျိုး၊ ယာဉ်တိုက်မှု/ယာဉ်မတော်တဆမှုအမျိုးအစားများ၊ ယာဉ်မတော်တဆဖြစ်ပွားရသည့်အကြောင်းရင်းများ၊ လမ်းအသုံးပြုသူများလိုက်နာရမည့်စည်းကမ်းချက်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်ခြင်းအတွက် မော်တော်ယာဉ်ဥပဒေ၊ နည်းဥပဒေနှင့်ရာဇသတ်ကြီးဥပဒေတို့အရ အရေးယူနိုင်မှုများကိုလည်းကောင်း၊ အမှတ် (၆၂) မူးယစ်တပ်ဖွဲ့စုမှ ရဲမှူးတင်ကိုကိုက မူးယစ်ဆေးဝါး၏ဆိုးကျိုးများနှင့် စွဲလမ်းစေသည့်အကြောင်းရင်းများ၊ မူးယစ်ဆေးအမျိုးအစားများ၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ ရောင်းဝယ်ခြင်းတို့နှင့်ပတ်သက်သည့် ပြစ်မှုပြစ်ဒဏ်များ၊ မူးယစ်ဆေးဝါးအန္တရာယ်ထိန်းချုပ်ရေးဆောင်ရွက်နေသည့် လုပ်ငန်းများစသည်တို့ကိုလည်းကောင်း ဟောပြောဆွေးနွေးကာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

အဆိုပါအသိပညာပေးဟောပြောပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အမှတ်(၇၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စုနှင့် အမှတ်(၆၂)မူးယစ်တပ်ဖွဲ့စုတို့မှတာဝန်ရှိသူများ၊ ကွန်ပျူတာတက္ကသိုလ်(သထုံ) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများနှင့် ကထိကဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ကွန်ပျူတာသိပ္ပံနှင့် ကွန်ပျူတာနည်းပညာကျောင်းသား၊ ကျောင်းသူများတက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ချမ်းမြေ့**

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ သတ္တမနေ့မြင်ကွင်းပုံရိပ်များ
























❑ **ရှေ့ဖုံးမှအဆက်**

အပြည့်လာရောက်လေ့လာကြသည့်ပြည်သူများကို သက်ဆိုင်ရာပြခန်းအလိုက် တာဝန်ရှိသူများက ဒေသထုတ်ကုန်၊ ထွက်ကုန်ပစ္စည်းများနှင့် ပတ်သက်၍ သိရှိလိုသမျှ ရှင်းလင်းဖြေကြားပေးလျက်ရှိပြီး လာရောက်လေ့လာဝယ်ယူသူများ များပြားသည့်အတွက် အချို့ဒေသထုတ်ကုန်၊ ထွက်ကုန်ပစ္စည်းများ ပြတ်လပ်သည်အထိ ရောင်းချခဲ့ရကြောင်း ပြခန်းတာဝန်ရှိသူများထံမှ သိရသည်။

အလားတူ ကုန်ထုတ်သမဝါယမအသင်းများ၏ ထုတ်ကုန်ပြခန်း၊ စက်မှုဝန်ကြီးဌာန၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်း(MEC)နှင့် မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့က စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို အထူးဈေးနှုန်းဖြင့် ချိုသာစွာရောင်းချပေးလျက်ရှိသည့်အတွက် လာရောက်ဝယ်ယူကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ထွက်ရှိသည့် ဒေသအလိုက်အစားအစာများ၊ ရိုးရာအစားအစာများကိုလည်း တိုင်းရင်းသားရိုးရာ အစားအစာအရောင်းပြခန်းများ၌ ပြည်သူများစိတ်ကြိုက်ဝယ်ယူစားသုံးနိုင်ရန်အတွက် ဈေးနှုန်းချိုသာစွာရောင်းချပေးလျက်ရှိသည့်အတွက် ဝယ်ယူစားသုံးသူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိပြီး တိုင်းရင်းသားရိုးရာအစားအစာများသည် ပြတ်လပ်သည်အထိ ရောင်းချရသည်ကိုတွေ့ရသည်။

ပြပွဲရက်များအတွင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကိုယ်စားပြုပြခန်းသည် ဆန်၊ ဆီ နှင့် ကုလားပဲတို့ကို နေ့စဉ်ဝေငှပေးလျက်ရှိပြီး ယနေ့တွင်လည်း ပွဲတော်လာပြည်သူအများအပြား စီတန်းရယူလျက်ရှိသည်ကိုလည်း တွေ့ရသည်။

ယနေ့သည် ပြပွဲကျင်းပသည့် နောက်ဆုံးရက်ဖြစ်သည့်အတွက် MSME လုပ်ငန်းရှင်များသည် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းဈေးကွက်ချိတ်ဆက်မှု၊ ပြည်ပဈေးကွက်ချိတ်ဆက်မှု၊ ရင်းနှီးမတည်ငွေချိတ်ဆက်မှု၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ One Stop Services များရယူနိုင်ရေးတို့ကို ကြိုးပမ်းချိတ်ဆက်ဆောင်ရွက်နေသည်ကို တွေ့ရှိရသည်။

ညပိုင်းတွင် ပြပွဲလာပြည်သူများ အေးချမ်းပျော်ရွှင်စွာ အပန်းဖြေနိုင်ရန် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့်အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ပြည်သူအကြိုက် တေးသီချင်းများဖြင့် မြူးကြွစွာ သီဆိုကပြဖျော်ဖြေတင်ဆက်ခဲ့ကြပြီး ပြည်သူများသည် တစ်ဦးချင်းအလိုက်၊ အစုအဖွဲ့အလိုက် အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲလျက်ရှိသည်ကို တွေ့ရသည်။

**သတင်း- သန်းမင်းအောင်၊**
**အောင်မင်းထွန်း**
**ဓာတ်ပုံ - ကိုအေးသန်း**



# ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲလွမ်းဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကာ လျာထားဧကပြည့်မီစေရေး စိုက်ပျိုးမည်ဖြစ်



**ပွင့်ဖြူ ဖေဖော်ဝါရီ ၁၆**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲလွမ်းဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကာ လျာထားဧကပြည့်မီစေရေး စိုက်ပျိုးမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲလွမ်း ၃၂၃၂ ဧက စိုက်ပျိုးရန် လျာထားပြီး ဒေသခံတောင်သူများက ၂၀၂၄ ခုနှစ် နိုဝင်ဘာလက စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ဧက ၂၀၁၀ စိုက်ပျိုးပြီးစီးပြီဖြစ်သည်။


"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း စားရေရိက္ခာဖူလုံစေဖို့၊ သီးနှံစိုက်ပျိုးစွမ်းအား တိုးတက်စေဖို့နဲ့ ဒေသခံတောင်သူတွေ သီးနှံဝင်ငွေတိုးပွားစေဖို့ ရည်ရွယ်ပြီး ပဲလွမ်း ၃၂၃၂ ဧက လျာထားစိုက်ပျိုးခဲ့တာ လက်ရှိအချိန်ထိ ဧက ၂၀၁၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဆက်လက်ပြီး လျာထားဧကပြည့်မီဖို့ စိုက်ပျိုးမှာဖြစ်ပါတယ်။ ပဲလွမ်းစိုက်ပျိုးရေးနဲ့ပတ်သက်ပြီး အထွက်နှုန်းတိုးတက်စေဖို့၊ စိုက်နည်းစနစ်မှန်ကန်စေဖို့နဲ့ ပိုးမွှားကျရောက်မှုမရှိစေဖို့ ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းတွေ ကူညီဆောင်ရွက်ပေးပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ယခု ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးရေးဦးစီးဌာနမှ သီးနှံများ အထွက်နှုန်းတိုးတက်ကောင်းမွန်စေရန် ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးရေ စနစ်တကျသုံးစွဲရေး၊ ပိုးမွှားရောဂါမကျရောက်စေရန် ကြိုတင်ကာကွယ်နှိမ်နင်းရေး၊ စိုက်ပျိုးရေးသွင်းအားစုများ မှန်ကန်စွာသုံးစွဲတတ်စေရေး စသည့် တောင်သူအသိပညာပေးလုပ်ငန်းများကို သက်ဆိုင်ရာဆက်စပ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်၌ ပဲလွမ်းကို အရည်အသွေးနှင့် အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပြည်ပပို့ကုန်အဖြစ်ပါ တင်ပို့နိုင်မည်ဖြစ်သောကြောင့် တောင်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

## မိုးလေဝသ သတင်း




| ထူးခြားသည့်ညအပူချိန်များ | |
|---|---|
| ဟားခါး | ၃.၆˚C |
| နမ့်စန်(ရှမ်းပြည်နယ်တောင်ပိုင်း) | ၄.၃˚C |
| တီးတိန် | ၄.၅˚C |
| ဟဲဟိုး | ၅.၄˚C |
| မိုင်းယန်း | ၅.၅˚C |
| ပူတာအို | ၇.၃˚C |
| မြစ်ကြီးနား | ၇.၇˚C |
| လွိုင်လင် | ၉˚C |
| ပြင်ဦးလွင် | ၉.၅˚C |
| ပင်လောင်း | ၉.၅˚C |
| ဂန့်ဂေါ | ၁၀˚C |
| မချမ်းဘော | ၁၀˚C |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၉ | ၂၅ |
| ရှမ်း(မြောက်) | ၁၀ | ၂၆ |
| ရှမ်း(အရှေ့) | ၁၀ | ၃၁ |
| ရှမ်း(တောင်) | ၁၀ | ၃၀ |
| ချင်း | ၅ | ၂၂ |
| စစ်ကိုင်း(အထက်) | ၁၃ | ၃၀ |
| စစ်ကိုင်း(အောက်) | ၁၇ | ၃၃ |
| နေပြည်တော် | ၁၈ | ၃၃ |
| မန္တလေး | ၂၀ | ၃၃ |
| မကွေး | ၁၅ | ၃၄ |
| ရခိုင် | ၁၄ | ၃၁ |
| ပဲခူး | ၁၈ | ၃၅ |
| ရန်ကုန် | ၂၀ | ၃၅ |
| ဧရာဝတီ | ၂၀ | ၃၅ |
| ကယား | ၉ | ၂၈ |
| ကရင် | ၁၉ | ၃၇ |
| မွန် | ၂၀ | ၃၅ |
| တနင်္သာရီ | ၂၀ | ၃၅ |

# မြေအောက်ရေရှာဖွေတိုင်းတာခြင်းဆောင်ရွက်

မြိတ် ဖေဖော်ဝါရီ ၁၆

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာ၌ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေ လေလွင့်ဆုံးရှုံးမှုမရှိစေရန်အတွက် မြိတ်မြို့နယ် ကွမ်းသီးချောင်ကျေးရွာ၌ မြေအောက်ရေတိုင်းတာခြင်းကို တာဝန်ရှိသူများက ဖေဖော်ဝါရီလ ၁၆ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်စိုး၊ မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် မြေအောက်ရေရှာဖွေတိုင်းတာရေးအဖွဲ့ တာဝန်ရှိသူများက ကွမ်းသီးချောင်ကျေးရွာ သောက်သုံးရေရရှိရေးကော်မတီဝင်များ၊ ကျေးရွာရပ်မိရပ်ဖများနှင့်အတူ မြေအောက်ရေရှာဖွေတိုင်းတာကြပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့် ရပ်မိရပ်ဖများအား မြေအောက်ရေရှာဖွေတိုင်းတာရခြင်း၏ အားသာချက်များ၊ သောက်သုံးရေ ရရှိနိုင်သည့် နည်းလမ်းများကို ရှင်းလင်းပြောကြားသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းများမဆောင်ရွက်မီကတည်းက မြေအောက်ရေရှာဖွေတိုင်းတာခြင်းများ ကြိုတင်ဆောင်ရွက်ထားသည့်အတွက် နိုင်ငံတော်ဘဏ္ဍာငွေ လေလွင့်ဆုံးရှုံးမှုမရှိသည့်အပြင် ကျေးလက်နေပြည်သူများအတွက် ဘေးကင်းလုံခြုံသော သောက်သုံးရေရရှိနိုင်မည်ဖြစ်ကြောင်း မြိတ်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အထွေး**

## နံနက်စောစောအိပ်ရာထသူသည် လန်းဆန်းတက်ကြွသောခံစားမှုကို ရရှိနိုင်သည်။

# ဖြူးမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းမှချေးငွေများထုတ်ချေး



ဖြူး ဖေဖော်ဝါရီ ၁၆

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒိုင်းတရာ(မြန်မာ)ကျေးရွာ၌ ဒသမအကြိမ်မြစိမ်းရောင်ကျေးရွာစီမံကိန်း ချေးငွေများ ပြန်လည်ထုတ်ချေးခြင်းကို ဖေဖော်ဝါရီလ ၁၆ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးကျော်မျိုးအောင်နှင့်စီမံကိန်းတာဝန်ခံဝန်ထမ်းများက ဒိုင်းတရာ(မြန်မာ)ကျေးရွာရှိ တာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ ကျေးလက်နေပြည်သူများအလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကိုရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် ၃၉၅ သိန်းကို မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များထံသို့ပေးအပ်သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်း၏ ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များက ဒိုင်းတရာ(မြန်မာ)ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်သူ ၁၇ ဦးကို ချေးငွေကျပ် ၈၅ သိန်း၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်သူ ၆၈ ဦးကို ချေးငွေကျပ်သိန်း ၃၁၀ စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၅ ဦးကိုမြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်မတည်ရန်ပုံငွေကျပ် ၃၉၅ သိန်းကို သက်သာသောအတိုးနှုန်းဖြင့် တစ်ဦးချင်းစီ၏ လက်ဝယ်အရောက် ထုတ်ချေးပေးကြောင်း သိရသည်။

**ကိုညို(ကျေးလက်)**

# ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီး

ပြင်ဦးလွင် ဖေဖော်ဝါရီ ၁၆

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေအသုံးပြု၍ ရွှေချောင်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီလ ၁၆ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇေယျာညို၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထိုက်နှင့် တာဝန်ရှိသူများက လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုကို စစ်ဆေးကြပြီး ခရိုင်ဦးစီးမှူးက ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ကြရန်၊ အကျိုးရှိစွာအသုံးပြုကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါရွာတွင်းလမ်းမှာ အရှည် ၅၀၁ ပေ၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိပြီး ပြင်ဦးလွင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေကျပ်သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၃၀ စုစုပေါင်းငွေကျပ်သိန်း ၁၈၀ ဖြင့် ဆောင်ရွက်ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအားပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**
**အကြောင်းအမျိုးမျိုးကြောင့်**
**နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**
**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့်အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ DCS လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့်အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီးရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှမြန်မာနိုင်ငံရှိ၎င်းတို့ဒေသအသီးသီးသို့ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS)လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# “(၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနဲ့ ပြိုင်ပွဲ Website ကို အင်တာနက်ပေါ် လွှင့်တင်နိုင်အောင်လည်းလမ်းညွှန်ချက်တွေနဲ့အညီ ဆက်စပ်ဝန်ကြီးဌာနတွေနဲ့ ပေါင်းစပ်ညှိနှိုင်းရေးဆွဲဖန်တီးသွားဖို့လည်းရှိပါတယ်”

**(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပလျက်ရှိသည်။ ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲတွင် MSME လုပ်ငန်းများကို အထောက်အကူပြုနိုင်စေရန်ရည်ရွယ်၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက ပြခန်းပြသပြီး နည်းပညာ၊ အသိပညာများ ဆွေးနွေးဖြန့်ဝေပေးလျက်ရှိသည့်အခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသိရှိနိုင်ရန် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဖေယျနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို တင်ပြလိုက်ရပါသည် –**

**မေး။ ။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြခန်းမှာ MSME လုပ်ငန်းရှင်တွေက နည်းပညာပံ့ပိုးပေးဖို့ တောင်းခံမှုတွေရှိတယ်လို့ သိရှိရတဲ့အတွက် ဒီအပေါ်မှာ ပထမဆုံး ဆွေးနွေးသုံးသပ်ပေးပါ။**

**ဖြေ။ ။** စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတွေကရရှိတဲ့ ဒေသထွက်ကုန်ကြမ်းတွေကနေ MSME လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းကသာ နိုင်ငံ့အမျိုးသားရေးရည်မှန်းချက်တွေနဲ့ နိုင်ငံတော်ရေရှည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေဖို့ အမှန်တကယ်အထောက်အကူပြုနိုင်မှာ ဖြစ်ပါတယ်။ ပြီးတော့ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတွေက ထုတ်လုပ်ရရှိတဲ့ ဒေသထွက်ကုန်ကြမ်းတွေဆိုတာက ဘယ်တော့မှကုန်ခန်းသွားတယ်ဆိုတာ မရှိနိုင်ပါဘူး။

သတ်မှတ်ကာလအလိုက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတွေ ဆောင်ရွက်တာနဲ့ ကုန်ကြမ်းတွေက ပြန်လည်ရရှိနိုင်တယ်။ ဒါကြောင့် ဒီလုပ်ငန်းတွေကိုသာ အခြေပြုပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရင် သားစဉ်မြေးဆက် လက်ဆင့်ကမ်းဆောင်ရွက်သွားနိုင်တဲ့ ပြန်လည်ပြည့်ဖြိုးမြဲထုတ်ကုန်လုပ်ငန်းတွေလို့ ဆိုနိုင်ပါတယ်။

ဒီနေရာမှာ အရည်အသွေးမြင့်တန်ဖိုးမြှင့် MSME ထုတ်ကုန်တွေကို ဈေးနှုန်းသက်သာစွာ ထုတ်လုပ်ရောင်းချနိုင်ဖို့က နည်းပညာပိုင်းကလည်း အခရာကျတဲ့ ကဏ္ဍတစ်ခုဖြစ်ပါတယ်။ MSME ထုတ်လုပ်ရေးကွင်းဆက်တစ်လျှောက် နည်းပညာရွေးချယ်မှုမှန်ကန်ဖို့ လိုအပ်ပါတယ်။ ထုတ်လုပ်ရေး ကွင်းဆက်အတွင်းက လုပ်ငန်းစဉ်တွေဟာ စံချိန်စံညွှန်းတွေနဲ့အညီဖြစ်ဖို့ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုနဲ့ ဆောင်ရွက်ဖို့လိုအပ်ပါတယ်။ ခေတ်မီနည်းပညာသုံးစွမ်းရည်မြင့် စက်ပစ္စည်းကိရိယာတွေနဲ့ လည်ပတ်သုံးစွဲနိုင်ဖို့ လိုအပ်ပါတယ်။ ဒါမှသာလျှင် စွမ်းအင်သုံးစွဲနိုင်မှုကို ချွေတာနိုင်တဲ့အပြင် ထုတ်လုပ်ရေးအတွက် အချိန်ကုန်သက်သာ၊ ထုတ်လုပ်စရိတ်သက်သာလာနိုင်မှာပဲဖြစ်ပါတယ်။ ကိုယ့်ရဲ့ထုတ်ကုန်တွေကို အရည်အသွေးထောက်ခံချက်တွေ၊ အသိအမှတ်ပြုမှုတွေနဲ့အညီ ထုတ်လုပ်ထားတယ်ဆိုတာ အဓိကပြသနိုင်မယ်။ ပြီးတော့ ပြည်တွင်းနဲ့နိုင်ငံတကာ ဈေးကွက်တွေရဲ့ဒစ်ဂျစ်တယ်ပလက်ဖောင်းတွေမှာ ဖော်ထုတ်ပြသသွားနိုင်မှာဖြစ်ပါတယ်။

အဓိကကတော့ MSME လုပ်ငန်းရှင်တွေဆီမှာ နည်းပညာဆိုင်ရာ ပုစ္ဆာတွေ၊ အရည်အသွေး အသိအမှတ်ပြုမှု ထောက်ခံချက်ရရှိဖို့ ပံ့ပိုးပေးဖို့လိုအပ်ချက်တွေ၊ လုပ်ငန်းခွင်အခက်အခဲတွေ ရှိနေတယ်။ ကျွန်တော်တို့ဝန်ကြီးဌာနမှာရှိတဲ့၊ သုတေသနရပ်ဝန်းထဲမှာရှိတဲ့ ဌာနတွေ၊ တက္ကသိုလ်နဲ့ ကောလိပ်တွေမှာ တာဝန်ထမ်းဆောင်နေတဲ့ သုတေသနအဖွဲ့တွေနဲ့ ဓာတ်ခွဲခန်းတာဝန်ခံတွေမှာ လုပ်ငန်းရှင်တွေရဲ့ ပုစ္ဆာတွေ၊ အခက်အခဲတွေကို ဖြေရှင်းပေးနိုင်မယ့် သီအိုရီဆိုင်ရာ အဖြေတွေရှိနေတယ်။ တိကျမှန်ကန်စွာ တိုင်းတာစစ်ဆေးပေးနိုင်မယ့် စက်ပစ္စည်းကိရိယာတွေ ရှိနေပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဝန်ကြီးဌာနပြခန်းတွေမှာ နည်းပညာပံ့ပိုးပေးဖို့ တောင်းခံကြပါတယ်။



**မေး။ ။ ဒီလိုနည်းပညာပံ့ပိုးပေးဖို့ ပြပွဲကနေတစ်ဆင့် တောင်းခံမှုအခြေအနေကိုလည်းသိရှိပါရစေ။**

**ဖြေ။ ။** သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနကနေ ပြခန်းအမှတ်(၆)နဲ့ ပြခန်းအမှတ်(၂၇) Digital Corner ပြခန်းနှစ်ခု ပြသထားပါတယ်။ ဒီပြခန်းနှစ်ခုပေါင်းမှာ ပြပွဲအစကနေ ပြပွဲနောက်ဆုံးနေ့ ဒီနေ့မနက်ပိုင်းအထိ နည်းပညာပိုင်းပံ့ပိုးပေးဖို့ ပူးပေါင်းဆောင်ရွက်ဖို့ တောင်းခံသူ ၅၀၊ နည်းပညာဝန်ဆောင်မှုနဲ့ သင်တန်းပေးဖို့ တောင်းခံသူ ၂၁၀ ရှိခဲ့ပါတယ်။ ပြီးတော့ မြန်မာစံချိန်စံညွှန်းစာအုပ် ၄၆ အုပ် ဝယ်ယူသူတွေလည်း ရှိခဲ့တယ်။ တိကျမှန်ကန်စွာ တိုင်းတာမှု၊ မြန်မာစံချိန်စံညွှန်းနဲ့ ISO ရယူရေးကိစ္စ မေးမြန်းဆွေးနွေးတောင်းဆိုသူ ၉၂ ဦးရှိခဲ့ပါတယ်။ MSME ထုတ်ကုန်တွေရဲ့ စံနှုန်းအရည်အသွေးတွေကို စမ်းသပ်စစ်ဆေးပေးဖို့ ပေးပို့တာတွေလည်းရှိပါတယ်။

ဒါကြောင့် ဒီပြပွဲကနေ MSME လုပ်ငန်းရှင်တွေရဲ့ သက်ဆိုင်ရာလုပ်ငန်းအလိုက် ပိုမိုတိုးတက်အောင်မြင်စေဖို့ နည်းပညာလိုအပ်ချက်တွေ၊ စိန်ခေါ်မှုအခက်အခဲတွေကို သိရှိရတယ်။ ကျွန်တော်တို့အနေနဲ့လည်း လုပ်ငန်းရှင်တွေရဲ့ အခက်အခဲတွေကို လက်တွေ့ကျကျ ဖြေရှင်းပေးနိုင်မယ့် သုတေသနစမ်းသပ်မှုတွေ၊ လေ့လာမှုတွေအပါအဝင် ဘာတွေလုပ်ဆောင်ပေးရမယ်ဆိုတာ သိရှိခဲ့ရပါတယ်။

**မေး။ ။လုပ်ငန်းရှင်တွေအတွက်ဆက်လက်ဆောင်ရွက်ပေးသွားမယ့် အရာတွေကိုလည်းသိပါရစေ။**

**ဖြေ။ ။** ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနဲ့ ပြိုင်ပွဲပြီးတာနဲ့ နိုင်ငံတော်ရဲ့ MSME ကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် အားလုံးပူးပေါင်းပြီး ပိုမိုအရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်မယ်လို့ ယုံကြည်မိပါတယ်။

ကျွန်တော်တို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအနေနဲ့ ဒီပြပွဲကနေ တောင်းခံထားတဲ့ နည်းပညာလိုအပ်ချက်တွေ၊ နည်းပညာစွမ်းရည်မြှင့်သင်တန်းတွေ ပို့ချပေးနိုင်ဖို့ အချိန်နဲ့တစ်ပြေးညီ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အခုပြပွဲကြီးကတော့ စက်မှုဝန်ကြီးဌာနက ဦးဆောင်ပြီး သက်ဆိုင်ရာအားလုံးပါဝင်ပြီးတော့ အောင်အောင်မြင်မြင်ကျင်းပနိုင်ခဲ့ပါတယ်။ လုပ်ငန်းရှင်တွေအနေနဲ့လည်း လုပ်ငန်း–စီးပွားချိတ်ဆက်မှုတွေ၊ စီးပွားရေးသံမှူးတွေနဲ့ အွန်လိုင်းကနေ ချိတ်ဆက်ဆွေးနွေးမှုတွေ၊ လုပ်ငန်းအချင်းချင်းချိတ်ဆက်မှုတွေ၊ ကိုယ့်လုပ်ငန်းတွေ ပိုမိုတိုးတက်အောင်မြင်အောင် ဆောင်ရွက်နိုင်ဖို့ အကြံဉာဏ်တွေ၊ အရည်အသွေးမြှင့်တင်ရေးအသိပညာတွေ၊ MSME ကွန်ရက်ကိုလည်း ပိုမိုချဲ့ထွင်နိုင်ပြီး ပြည်တွင်းဖူလုံမှုမှသည် နိုင်ငံတကာဈေးကွက်အထိ ချဲ့ထွင်ထိုးဖောက်နိုင်ဖို့ ပူးပေါင်းဆောင်ရွက်နိုင်ဖို့ ဆွေးနွေးမှုတွေ၊ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုအပါအဝင် နည်းပညာအသစ်အဆန်းတွေသုံးစွဲဖို့ အသိသစ်၊ အမြင်သစ်တွေကို ရရှိခဲ့ကြမယ်လို့ ယုံကြည်ပါတယ်။

**မေး။ ။လုပ်ငန်းရှင်တွေအတွက် အစီအစဉ်သစ်တွေဆောင်ရွက်ဖို့ ရှိရင်လည်း ပြောကြားပေးပါ။**

**ဖြေ။ ။** (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနဲ့ပြိုင်ပွဲ Website ကို အင်တာနက်ပေါ် လွှင့်တင်နိုင်အောင်လည်း လမ်းညွှန်ချက်တွေနဲ့အညီ ဆက်စပ်ဝန်ကြီးဌာနတွေနဲ့ ပေါင်းစပ်ညှိနှိုင်းရေးဆွဲဖန်တီးသွားဖို့လည်းရှိပါတယ်၊ MSME ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒီ Website ကနေတစ်ဆင့်ချိတ်ဆက်မှုတွေ၊ အကြံဉာဏ်တောင်းခံမှုတွေကို လုပ်ဆောင်သွားနိုင်မယ်။ ဒီကနေတစ်ဆင့် စဉ်ဆက်မပြတ်ဖြည့်ဆည်းပံ့ပိုးပေးနိုင်ဖို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ပြီးတော့ ကျွန်တော်တို့ ဌာနအနေနဲ့ လာမယ့်နှစ်တွေမှာ ကျင်းပမယ့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနဲ့ ပြိုင်ပွဲတွေမှာ ဆုချီးမြှင့်ခြင်းအခမ်းအနားအပါအဝင် နည်းပညာဆိုင်ရာဆောင်ရွက်ဖို့အပါအဝင် လုပ်ငန်းရှင်တွေအတွက် လိုအပ်တဲ့ပိုမိုဆန်းသစ်တဲ့ နည်းပညာတွေကို တီထွင်ဖန်တီးဆောင်ရွက်နိုင်ဖို့ ကြိုးပမ်းဆောင်ရွက်သွားပါမယ်။

**မေးမြန်း–ဝင်းဝင်းမင်း**

**ဓာတ်ပုံ–ကိုကြီးထိန်**

# ဘိုကလေးမြို့နယ်၌ မီးဘေးလုံခြုံရေးအသိပညာပေးဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြလေ့ကျင့်မှုများဆောင်ရွက်

**ဘိုကလေး ဖေဖော်ဝါရီ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးလောင်မှုမဖြစ်ပွားစေရေးနှင့် မီးဘေးအန္တရာယ် တားဆီးကာကွယ်နိုင်စေရေး ရည်ရွယ်၍ မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြလေ့ကျင့်မှုများကို နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(ဘိုကလေး)၌ ဖေဖော်ဝါရီလ ၁၅ ရက်က ဆောင်ရွက်သည်။

အဆိုပါအသိပညာပေးဟောပြောပွဲနှင့် သရုပ်ပြလေ့ကျင့်ရာသို့ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းအောင်နှင့် တပ်ဖွဲ့ဝင်များ၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (ဘိုကလေး)မှ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြပြီး မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းအောင်က မီးလောင်မှုဖြစ်ပွားရခြင်း၏ အကြောင်းရင်းများ၊ မီးလောင်မှုဖြစ်ပွားနိုင်သည့် အခြေအနေများ၊ မီးဘေးအန္တရာယ် ကင်းဝေးစေရေးအတွက် လိုက်နာရမည့် အချက်များနှင့်ရှောင်ကြဉ်ရမည့်အချက်များကို အသိပညာပေးဟောပြောပြီး ကျောင်းအုပ်ကြီး ဦးနိုင်းလိမ်းဟုန်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိနှင့် တပ်ဖွဲ့ဝင်များက လောင်စာဆီကြောင့် လောင်ကျွမ်းသောမီးအား ငြိမ်းသတ်နည်း၊ ရှာဖွေကယ်ဆယ်နည်း၊ ရေစိုမီးငြိမ်းသတ်နည်းတို့ကို သရုပ်ပြဆောင်ရွက်ခဲ့ပြီး သင်တန်းသား၊ သင်တန်းသူများအား လက်တွေ့ငြိမ်းသတ်ခြင်းကို လေ့ကျင့်စေခဲ့ကြောင်း သိရသည်။



**မိုးစက်(ဘိုကလေး)**

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘာက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။”**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

## လယ်ယာသုံးစက်ကိရိယာပစ္စည်းများ အဆင့်မြှင့်တင်ထုတ်လုပ်နိုင်ရေးညှိနှိုင်းစည်းဝေး



နေပြည်တော် ဖေဖော်ဝါရီ ၁၆

လယ်ယာသုံးစက်ကိရိယာပစ္စည်းများ အဆင့်မြှင့်တင်ထုတ်လုပ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကျင်းပသည့် တပေါင်းကွင်း ယာယီကွပ်ကဲရေးရုံး၌ ကျင်းပသည်။

အစည်းအဝေးသို့ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဆပ်ကော်မတီဥက္ကဋ္ဌများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဆပ်ကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ စက်ပစ္စည်းကိရိယာများထုတ်လုပ်ရာတွင် ပစ္စည်းတစ်ခုချင်းစီ၏အရည်အသွေးများကို သတ်မှတ်ရမည်ဖြစ်ပြီး သတ်မှတ်ချက်များနှင့် ပြည့်စုံသည့် ထုတ်လုပ်မှုကျင့်စဉ်များကိုလည်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လယ်ယာသုံး စက်ပစ္စည်းကိရိယာများကို အဆင့်မြှင့်တင်ထုတ်လုပ်နိုင်ရေးအတွက် ထုတ်လုပ်သူများအချင်းချင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည့်အပြင် ဝန်ကြီးဌာနများမှလည်း လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ထုတ်လုပ်မည့် စက်ပစ္စည်းတစ်ခုချင်းစီ၏ ပုံစံဒီဇိုင်း၊ ထုတ်လုပ်မှုနည်းစဉ်၊ အသုံးပြုမည့်ကုန်ကြမ်းစသည်တို့ကို စနစ်တကျသတ်မှတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများနှင့်ပတ်သက်၍ အရည်အသွေးကောင်းမွန်စေရေးအတွက် အရည်အသွေးအာမခံစနစ်များ ထူထောင်ထားရှိရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးက စပါးများစိုက်ပျိုးရာတွင် ကြဲပက်သည့်စနစ်နှင့် အစေ့ချစိုက်ပျိုးသည့်စနစ်တို့သည် အထွက်နှုန်းတူညီမှုမရှိကြောင်း၊ ထို့ကြောင့် အထွက်နှုန်းပိုမိုကောင်းမွန်သည့် အစေ့ချစိုက်ပျိုးသည့်စနစ်၊ ကောက်စိုက်စက်တို့ဖြင့် စိုက်ပျိုးနိုင်ရေးတွန်းအားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သီးနှံများလေလွင့်ဆုံးရှုံးမှု နည်းပါးစေရေးအတွက် အချိန်မီရိတ်သိမ်းနိုင်ရေးကိုလည်း စီမံဆောင်ရွက်ထားရှိရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ထုတ်လုပ်ထားရှိသည့် လယ်ယာသုံးစက်ပစ္စည်းကိရိယာများသည် ဒေသနှင့်ကိုက်ညီမှုရှိအောင် စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက်အစည်းအဝေးတက်ရောက်လာကြသူများက လယ်ယာသုံးစက်ပစ္စည်းကိရိယာများထုတ်လုပ်ရာတွင် အသုံးပြုရမည့် ကုန်ကြမ်းပစ္စည်းများဖြစ်သည့် သံ၊ သံမဏိတို့တွင်ပါဝင်သည့် ဓာတုနှင့် ရုပ်ဂုဏ်သတ္တိများ၊ အရည်အသွေးများ၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုလယ်ယာဝန်ဆောင်မှုအသင်းများဖွဲ့စည်း၍ ပံ့ပိုးမည့်အခြေအနေ၊ မြေပြုပြင်ရန်လိုအပ်မှု၊ အရင်းအနှီး၊ သွင်းအားစုများ ဖြည့်ဆည်းပေးမည့်အခြေအနေ၊ ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိရေးအတွက် စိုက်နည်းစနစ်မှန်ကန်စေရေး အသိပညာပေးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်မည့် အခြေအနေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ထုတ်လုပ်ထားရှိသည့် လယ်ယာသုံးစက်ပစ္စည်း ကိရိယာများ အဆင့်မြှင့်တင်ထုတ်လုပ်နိုင်ရေးကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများသည် တိုင်းဒေသကြီး/ပြည်နယ် ပြခန်းများ၌ ခင်းကျင်းပြသထားသည့် လယ်ယာသုံးစက်ပစ္စည်းကိရိယာများကို လှည့်လည်ကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ဖွဲ့စည်းထားရှိသည့် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများအလိုက် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခဲ့သည့် ဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် တွေ့ဆုံအားပေးစကားပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ထောက်ပံ့ငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၀)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအားကြိုဆို

နေပြည်တော် ဖေဖော်ဝါရီ ၁၆

ရှမ်းပြည်နယ်အတွင်းရှိ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၀)သို့တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအား ကြိုဆိုပွဲကို ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ရှိ နယ်မြေခံသင်တန်းကျောင်း၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၀)သို့တက်ရောက်ကြမည့်နိုင်ငံ့သားကောင်းရတနာများအား စားသောက်ဖွယ်ရာများပေးဝေပြီး သောင်းသောင်းဖြဖြကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အဆိုပါသင်တန်းသို့တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား လိုအပ်သည့် စုဖွဲ့ပြင်ဆင်မှုများနှင့် အုပ်ချုပ်မှုကိစ္စရပ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၀)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ကြိုဆိုနှုတ်ဆက်စဉ်။

# တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ပုလဲမွေးမြူထုတ်လုပ်ရေးကျွန်းများ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ကွင်းဆင်းစစ်ဆေး



နေပြည်တော် ဖေဖော်ဝါရီ ၁၆

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယမန်နေ့နံနက်ပိုင်းက တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ဝါးအလယ်ကျွန်းရှိ သဘာဝအခြေခံခရီးသွားလုပ်ငန်း၏လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေရန် ထိန်းသိမ်းဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ပြည်ထောင်စုဝန်ကြီးသည် ကော့သောင်းမြို့နယ် လန်ပိကျွန်းရှိ မကြုံဂလက် ဆလုံတိုင်းရင်းသားကျေးရွာသို့ သွားရောက်၍ ဒေသခံဆလုံတိုင်းရင်းသားများနှင့်တွေ့ဆုံပြီး လန်ပိကျွန်းနှင့် ပတ်ဝန်းကျင်ဒေသသည် ဆလုံတိုင်းရင်းသားများ၏ လူနေမှုနှင့် ယဉ်ကျေးမှုဓလေ့များ၊ သန္တာကျောက်တန်းများ၊ ပင်လယ်မြက်ခင်းများ၊ သဘာဝတောတောင်များဖြင့် သာယာလှပသောနေရာတစ်ခုဖြစ်ပြီး သဘာဝအခြေခံခရီးသွားလုပ်ငန်းအတွက် အရေးပါသောနေရာတစ်ခုဖြစ်ကြောင်း၊ ဒေသခံများအနေဖြင့် မိမိတို့၏ပတ်ဝန်းကျင်နှင့်သစ်တောသစ်ပင်များ၏တန်ဖိုးကို သိရှိနားလည်ပြီး ရေရှည်တည်တံ့အောင် ဝိုင်းဝန်းကူညီထိန်းသိမ်းပေးကြရန်မှာကြားကာ ဆလုံတိုင်းရင်းသား အိမ်ထောင်စုများနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် ဆန်၊ ဆီအပါအဝင် စာသင်ကြားမှုအထောက်အကူပြုပစ္စည်းများနှင့် ကျေးရွာစာကြည့်တိုက် တည်ထောင်နိုင်ရေးအတွက် အလှူငွေများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ကော့သောင်းမြို့နယ် ဂျလန်းကျွန်းရှိ အရှေ့တိုင်းပုလဲကုမ္ပဏီနှင့် စိန့်လုခ်ကျွန်းရှိမြန်မာအန်ဒါမန်ပါးလ်ကုမ္ပဏီသို့သွားရောက်၍ မုတ်ကောင်သားဖောက် မွေးမြူမှုနှင့် ဝတ်ဆံသွင်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ပုလဲထုတ်လုပ်မှုတိုးတက်လာစေရေးအတွက် မုတ်ကောင်သားဖောက်ခြင်းမှ ပုလဲဖော်ခြင်းအထိ လုပ်ငန်းစဉ်အလိုက် အထူးအလေးထားဆောင်ရွက်သွားရန်နှင့် မုတ်ကောင်သားဖောက်ရှင်သန်မှုမြင့်မားစေရေး၊ ဝတ်ဆံမြဲမုတ်ကောင်ရာခိုင်နှုန်းတိုးတက်လာစေရေး၊ ဖော်ယူရရှိသော ပုလဲများ၏ အရည်အသွေးမြင့်မားစေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# မအူပင်မြို့နယ်ရှိ ပြည်သူ့ဆေးရုံများနှင့် ငှက်ဖျားရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းဆောင်ရွက်မှု ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၆

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းသည် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်နှင့် မအူပင်မြို့နယ်ရှိ ပြည်သူ့ဆေးရုံများနှင့် ငှက်ဖျားရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်း ဆောင်ရွက်မှုတို့ကိုသွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပန်းတနော်မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ မြို့နယ်ပြည်သူ့ဆေးရုံမှကျန်းမာရေးဝန်ထမ်းများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံကာ ငှက်ဖျားရောဂါဖြစ်ပွားမှုနှင့် ပတ်သက်၍ ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်ရန်၊ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများ အပါအဝင် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများနှင့်ပတ်သက်၍ ပိုမိုကြိုးစားအားထုတ်ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ပန်းတနော်မြို့နယ် ကုသရေးဦးစီးဌာနမှူးက ဆေးရုံလုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် လိုအပ်ချက်များ၊ ဒုတိယတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး (ရောဂါကာကွယ်နှိမ်နင်းရေး)မှ ငှက်ဖျားရောဂါကာကွယ်ရေးလုပ်ငန်းဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များကို အသေးစိတ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပန်းတနော်မြို့နယ် ပြည်သူ့ဆေးရုံအတွင်းသို့ လှည့်လည်ကြည့်ရှုကာ တာဝန်ကျဆရာဝန်များ၊ ဆေးရုံတက်ရောက်ကုသမှုခံယူနေသော လူနာများနှင့် တွေ့ဆုံနှုတ်ဆက်အားပေးစကားပြောကြားသည်။



ယင်းနောက် ပန်းတနော်မြို့နယ်အတွင်း မြို့ကွက်သစ် အရှေ့ပိုင်းရပ်ကွက်(၁) နှင့် ဆက်စပ်ကျေးရွာများမှ ပြည်သူများကို တာရှည်ခံဆေးစိမ်ခြင်ထောင်များ ဖြန့်ဝေပေးပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံးနှင့် လေးခန်းတွဲ လေးထပ်အဆောက်အအုံ ဝန်ထမ်းအိမ်ရာဆောက်လုပ်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပန်းတနော်မြို့မှ မအူပင်မြို့သို့ ဆက်လက်ထွက်ခွာပြီး မအူပင်မြို့ပြည်သူ့ဆေးရုံကြီးမှဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သောဆေးဝါးနှင့် ဆေးရုံသုံးပစ္စည်းကိရိယာများ ပြတ်လပ်မှုမရှိစေရေးဖြည့်ဆည်းပေးရန်၊ ပြည်သူများအကျိုးအတွက် ဆေးကုသရေးလုပ်ငန်းများ ယခုထက် ပိုမိုတိုးတက်စေရေး ဆောင်ရွက်ပေးရန်တို့ကိုမှာကြားပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ ဆေးရုံတက်ရောက်ကုသနေသော လူနာများကိုအားပေးစကားပြောကြားသည်။

ညနေပိုင်းတွင် မအူပင်ခရိုင် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ သွားရောက်၍ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ဓာတ်ခွဲခန်းအဆင့်မြှင့်တင်မှုများပြုလုပ်ရန်အတွက် လိုအပ်သောလူအင်အားနှင့် စက်ပစ္စည်းကိရိယာများကို ဦးစီးဌာနမှပံ့ပိုးကူညီနိုင်ရေးမှာကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (ရန်ကုန်)သို့ ရုပ်ရှင်ပညာရပ်ဆိုင်ရာစာအုပ်စာစောင်များ ပေးအပ်လှူဒါန်း



ရန်ကုန် ဖေဖော်ဝါရီ ၁၆

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) သို့ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော ရုပ်ရှင်ပညာရပ်ဆိုင်ရာ စာအုပ်ပေါင်း ၂၈၁ အုပ် ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့သစ် (တောင်ပိုင်း)ရှိ အဆိုပါတက္ကသိုလ် စာကြည့်တိုက်၌ကျင်းပရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး (ယဉ်ကျေးမှု) ဒေါ်နုမြဇံ တက်ရောက်လက်ခံသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက လှူဒါန်းခဲ့သည့်စာအုပ်များသည် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) စာကြည့်တိုက်တွင် အထူးစာစု (Special Collection) အဖြစ် စုဆောင်းထိန်းသိမ်းထားရှိမည်ဖြစ်ပြီး ရုပ်ရှင်နှင့် ပြဇာတ်ပညာရပ်ကို တက်ရောက်သင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများအတွက် အကျိုးများသောစာအုပ်များဖြစ်သည်ကိုတွေ့ရှိရကြောင်း၊ အဆိုပါစာအုပ်များသည်သင်ကြားရေးကိုအထောက်အကူပြုခြင်းသာမက စာတမ်းများပြုစုရာတွင် အထောက်အကူရရှိခြင်း၊ ပညာဗဟုသုတလေ့လာဆည်းပူးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများလည်း ရရှိမည်ဖြစ်ကြောင်း မှဒိတာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းက စာအုပ်လှူဒါန်းခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာကေသီထွေးက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက စာအုပ်များပေးအပ်လှူဒါန်းရာ ဒုတိယဝန်ကြီးနှင့် ပါမောက္ခချုပ်တို့ကလက်ခံပြီး ဒုတိယဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ဒုတိယဝန်ကြီးနှင့်အခမ်းအနားသို့တက်ရောက်လာသူများသည် စာကြည့်တိုက်တွင်ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို ကြည့်ရှုလေ့လာကြသည်။

ယနေ့အခမ်းအနားတွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ရုပ်ရှင်နှင့်ပတ်သက်သည့်စာအုပ်များဖြစ်သော motion picture ဆိုင်ရာ ၇၃ အုပ်၊ Directing ပညာရပ်ဆိုင်ရာ ခြောက်အုပ်၊ Editing ဆိုင်ရာ သုံးအုပ်၊ Script Writing ဆိုင်ရာ နှစ်အုပ်၊ production ဆိုင်ရာနှစ်အုပ်၊ photography ဆိုင်ရာ ၁၆ အုပ်၊ Biography ဆိုင်ရာ ၅၈ အုပ်၊ Encyclopedia နှင့် Dictionary သုံးအုပ်၊ Film music ၁၁ အုပ်၊ Techniques ၄၄ အုပ်၊ Theatre နှစ်အုပ်၊ Shooting တစ်အုပ်၊ Censor တစ်အုပ်၊ Novel ၃၀ အုပ်၊ History နှစ်အုပ်၊ General ၂၇ အုပ် စုစုပေါင်း ၂၈၁ အုပ်ကိုလှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

# ကမ္ဘာအေး စာပုံနှိပ်တိုက်တွင် ပညာရေးဝန်ကြီးဌာနကပုံနှိပ်ရန်အပ်နှံထားသော ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းသုံးဖတ်စာအုပ်များ ပုံနှိပ်ချုပ်လုပ်နေမှု ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၆

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ သာသနာရေးဦးစီးဌာန ပုံနှိပ်ထုတ်ဝေရေးဌာနခွဲ ကမ္ဘာအေးစာပုံနှိပ်တိုက်သို့ရောက်ရှိပြီး ပညာရေးဝန်ကြီးဌာနက ပုံနှိပ်ရန်အပ်နှံထားသော ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းသုံးဖတ်စာအုပ်များ ပုံနှိပ်ချုပ်လုပ်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ပုံနှိပ်စက်များလည်ပတ်နေမှု၊ အဆင့်ဆင့်ဆောင်ရွက်နေသော စာအုပ်ချုပ်လုပ်ငန်းများကို တာဝန်ရှိသူများနှင့်အတူ လိုက်လံကြည့်ရှုစစ်ဆေးပြီး သာသနာရေးဦးစီးဌာန၏ မူလလုပ်ငန်းများဖြစ်သော သာသနာရေးဆိုင်ရာစာအုပ်များ ရိုက်နှိပ်နေမှု၊ ချုပ်လုပ်နေမှုများကိုလိုက်လံကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ပညာရေးဝန်ကြီးဌာနက အပ်နှံသည့် ကျောင်းသုံးဖတ်စာအုပ်များကို ပုံနှိပ်ရာတွင် ကျောင်းသုံးဖတ်စာအုပ်များ၏ အရည်အသွေးကောင်းမွန်ရေးအတွက် သတ်မှတ်ထားသည့် စက္ကူ၊ အပြင်အဆင် စာအုပ်အရွယ်အချိုးအစားများ မှန်မှန်ကန်ကန်ဖြစ်စေရေး ပညာရေးဝန်ကြီးဌာနသို့ပေးပို့အပ်နှံရမည့် အချိန်ကာလအမီ ဝန်ထမ်းများအဆင့်ဆင့်က အလေးအနက်ထားကာ ကြပ်မတ်စစ်ဆေးဆောင်ရွက်ရေးနှင့် လုပ်ငန်းဆိုင်ရာ စာရင်းဇယားများကို သတ်မှတ်ချက်များအတိုင်း ပြည့်စုံအောင် ပြင်ဆင်ဆောင်ရွက်ရေး တာဝန်ရှိသူများကို မှာကြားသည်။ (မြဝ)



# ရန်ကုန်တက္ကသိုလ်နှင့်ရန်ကင်းပညာရေးဒီဂရီကောလိပ်မှတာဝန်ရှိသူများနှင့် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် တွေ့ဆုံဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် ယမန်နေ့နံနက်ပိုင်းက ရန်ကင်းပညာရေးဒီဂရီကောလိပ်သို့ရောက်ရှိပြီး ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ပညာရေးဒီဂရီကောလိပ်မှကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဆရာ၊ ဆရာမများဖြစ်လာပါက အပြုအမူ၊ အပြောအဆိုနှင့် စည်းကမ်းလိုက်နာမှုတွင် ကျောင်းသား၊ ကျောင်းသူများအတွက် စံပြဖြစ်ရန်လိုကြောင်း၊ စာသင်ကောင်းသော ဆရာ၊ ဆရာမများဖြစ်ရန် ဘာသာရပ်ပိုင်းဆိုင်ရာတတ်ကျွမ်းမှုလိုအပ်သကဲ့သို့ သင်ပြနည်းများ၊ ပညာရေးစိတ်ပညာ၊ ပညာရေးသဘောတရားများကိုနားလည်ကြရမည်ဖြစ်ကြောင်း ပြောကြားပြီး ရန်ကင်းပညာရေးဒီဂရီကောလိပ်အတွင်းရှိ စာသင်ဆောင်များ၊ အိပ်ဆောင်များကို မြေပြင်ကွင်းဆင်းလေ့လာကာ လိုအပ်သည်များကို မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ရန်ကုန်မြို့ပေါ်ရှိ တက္ကသိုလ်များမှ အင်္ဂလိပ်စာပါရဂူဘွဲ့ရ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများနှင့်တွေ့ဆုံ၍ အင်္ဂလိပ်စာသဒ္ဒါ (Grammar) ကို မီဒီယာများမှတစ်ဆင့် ထုတ်လွှင့်သင်ကြားနိုင်ရေး လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ (မြဝ)



# အမျိုးသားအနုပညာပြတိုက်(ချင်းချောင်းနန်းတော်) ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်း ဒုတိယဝန်ကြီးဒေါ်နုမြဲ ကြည့်ရှုစစ်ဆေး



ရန်ကုန် ဖေဖော်ဝါရီ ၁၆

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဲသည် ယနေ့မွန်းလွဲပိုင်းတွင် ကမ္ဘာအေးစေတီလမ်းရှိ အမျိုးသားအနုပညာပြတိုက်အဖြစ် ဆောင်ရွက်သွားမည့်(ချင်းချောင်းနန်းတော်)ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးက မြန်မာနိုင်ငံတွင် အမျိုးသားပြတိုက်၊ အမျိုးသားစာကြည့်တိုက်နှင့်အမျိုးသားကဇာတ်ရုံတို့ အသီးသီး တည်ထောင်ပြီးဖြစ်သော်လည်း အမျိုးသားအနုပညာပြတိုက်တစ်ခုသာ တည်ထောင်ရန်ကျန်ရှိနေသေးသဖြင့် အမျိုးသားအနုပညာပြတိုက် တည်ထောင်ဖွင့်လှစ်နိုင်ရန် ၂၀၁၈ ခုနှစ်မှစတင်၍ ကြိုးပမ်းဆောင်ရွက်ခဲ့ကြကြောင်း၊ အမျိုးသားအနုပညာပြတိုက် တည်ဆောက်မည့်နေရာကိုပန်းချီဆရာကြီးများ၊ ပညာရှင်များနှင့် ဆွေးနွေးညှိနှိုင်းချက်အရ ဤကမ္ဘာဇရိပ်သာ(ချင်းချောင်းနန်းတော်)ကို ညွှန်းဆိုဆွေးနွေးခဲ့ကြ၍ ဤအဆောက်အအုံအား အမျိုးသားအနုပညာပြတိုက်အဖြစ် တည်ထောင်ဖွင့်လှစ်ရန် စီမံကိန်းရေးဆွဲပြီး ပြခန်းဖွဲ့စည်းပုံများပါ ထည့်သွင်းရေးဆွဲကာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှစ၍ M.I.E.G Co.,Ltd. သို့ လုပ်ငန်းအပ်နှံလျက် ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန အမျိုးသားပြတိုက်(ရန်ကုန်) ညွှန်ကြားရေးမှူး ဒေါ်နန်းလောဝင်းက အမျိုးသားအနုပညာပြတိုက် (ချင်းချောင်း) ဖွင့်လှစ်နိုင်ရေးအတွက် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ၊ ပြင်ဆင်ပြီးပါက ခင်းကျင်းပြသသွားမည့်စီမံချက်၊ လျာထားချက်များနှင့်ပတ်သက်၍လည်းကောင်း၊ အနုပညာဦးစီးဌာန ဇာတ်ရုံဌာနခွဲ ညွှန်ကြားရေးမှူး ဦးရာထန်းလျှက ချင်းချောင်းနန်းတော်အတွင်း ဘွဲ့လွန်မြန်မာပြကွဒိန်ပညာဒီပလိုမာသင်တန်းနှင့် နက္ခတ်တာရာကြည့်ပြခန်း၊ ပြကွဒိန်ပညာဆိုင်ရာစာကြည့်တိုက်ဖွင့်လှစ်နိုင်ရေးတို့ကိုလည်းကောင်း ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများသည် အမျိုးသားအနုပညာပြတိုက်အဖြစ် ဆောင်ရွက်သွားမည့် ကမ္ဘာဇရိပ်သာ (ချင်းချောင်းနန်းတော်)အတွင်း ပြုပြင်ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

## ပြည်ပဘီလပ်မြေများ တင်သွင်းရောက်ရှိမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၆

နိုင်ငံတစ်ဝန်းတွင် ယခုပွင့်လင်းရာသီချိန်၌ ဆောက်လုပ်ရေးလုပ်ငန်းများတိုးမြှင့်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများအချိန်မီပြီးစီးနိုင်ရေးအတွက် ဘီလပ်မြေလိုအပ်ချက်များအား ပြည်တွင်းဘီလပ်မြေစက်ရုံများ၏ထုတ်လုပ်မှုများအပြင် ပြည်ပမှဘီလပ်မြေများကို နယ်စပ်ကုန်သွယ်ရေးနှင့် ပင်လယ်ရေကြောင်းတို့မှ အားဖြည့်တင်သွင်းခွင့်ပြုထားကြောင်းနှင့် အဆိုပါပြည်ပဘီလပ်မြေများသည် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရောက်ရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(မြဝ)

## ထူးခြားသည့်ညအပူချိန်များ

၁၆-၂-၂၀၂၅

| | |
|---|---|
| ဟားခါး | ၃ ဒသမ ၆ ဒီဂရီဆဲလ်စီးယက် |
| နမ့်စန် (ရှမ်းပြည်နယ်တောင်ပိုင်း) | ၄ ဒသမ ၃ ဒီဂရီဆဲလ်စီးယက် |
| တီးတိန် | ၄ ဒသမ ၅ ဒီဂရီဆဲလ်စီးယက် |
| ဟဲဟိုး | ၅ ဒသမ ၄ ဒီဂရီဆဲလ်စီးယက် |
| မိုင်းယန်း | ၅ ဒသမ ၅ ဒီဂရီဆဲလ်စီးယက် |
| ပူတာအို | ၇ ဒသမ ၃ ဒီဂရီဆဲလ်စီးယက် |
| မြစ်ကြီးနား | ၇ ဒသမ ၇ ဒီဂရီဆဲလ်စီးယက် |
| လွိုင်လင် | ၉ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် |
| ပြင်ဦးလွင် | ၉ ဒသမ ၅ ဒီဂရီဆဲလ်စီးယက် |
| ပင်လောင်း | ၉ ဒသမ ၅ ဒီဂရီဆဲလ်စီးယက် |

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# 231 more foreigners, who illegally entered Myanmar, exposed and detained


Members of a combined departmental team doing paperwork to transfer the victims of gambling frauds and online scams to the relevant countries.


Members of a combined departmental team collecting personal information and conducting documentation and recording processes.


Members of a combined departmental team collecting personal information and conducting documentation and recording processes.


Authorities are arranging to send back the victims of gambling frauds and online scams to the relevant countries.


The process of sending victims of gambling frauds and online scams back to the relevant countries in progress.

NAY PYI TAW February 16

The government of Myanmar is effectively crushing crimes including illegal online gambling frauds and online scams occurring at the border.

While launching its anti-crime campaigns, the government could expose and detain 231 more foreigners, who entered Myawady-Shwe Kokko and KK Park through illegal routes, and is collecting necessary personal information and conducting the documentation and recording process with combined departmental teams within a day to transfer the detainees to the relevant countries.

The government could expose and detain 1030 foreigner illegal migrants during the period from 30 January 2025 to 16 February, systematically transfer 61 of them to Thailand in line with legal procedures, and was ready to send the remaining 969 back to the relevant countries. According to the available information, they were kept in a good condition.

The following are the voices of the detained foreigners.

**Mr. Qian Le Ping (Chinese citizen)**



I came to Mongla from China on 12 March 2018 from the illegal route after I received a job offer letter, saying that I would be employed in Mongla and the salary would be high. In Mongla, I had to work at Yong Le Gong online game company of a Chinese man, Xiao Mu, for five years. I arrived at Shwe Kokko via Mongla on 3 December 2023. There I worked at an online computer and game advertising section of Hing Tu Guo Ji company of another Chinaman, Xiao Duo Duo, from noon to midnight every day. I was paid a monthly salary of 7000 Baht for three months. I did not receive any monthly salary for the remaining months.

**Mr. Zhuo Li (Chinese citizen)**



My job was to send scam messages from Jin Man Tang, a company owned by a Chinese person, and my working time was 16 hours per day. I worked there for about nine months. I was paid 5000 Baht for the first month, but did not receive any salary for the remaining months. To get to Shwe Kokko, I first went to Laos from China. From Laos, I traveled to Bangkok, Thailand, by car. With the help of a Thai driver, I went to Maesot from Bangkok. When in Maesot, I crossed a river by a motorized boat, and arrived at Shwe Kokko under the arrangements of a Thai. I started my journey after I received a contact from a Chinese citizen, I know well, through an online message, saying that I would get a job with 10,000 Yuan monthly salary. I was detained on 15 February.

**Mr. Xu Yuan Shun (Chinese citizen)**

After I got an online contact from a Chinese citizen, I knew well, saying that I would be hired at a monthly salary of 12,000 Yuan per month, I arrived at Bangkok from China by air on 3 May 2024, From Bangkok, I was transported to Maesot by a Chinese driver the next day. I arrived in Maesot. From there I arrived at Shwe Kokko under the arrangement of a Thai. I had




to cross a river to reach Shwe Kokko, where I was employed at a company owned by a Chinese person. I had to work for 16 hours a day, and my job was to find more workers for the company through an online scamming process. I received a monthly salary of Baht 2000, and I worked there for about nine months.

**Mr. Phimsanduk (Thai citizen)**

After I had completed my studies in electronics, I worked at my native town, Lam Phun. At that time, I received an online contact that offered a job with a high salary in Shwe Kokko from a woman I met on Facebook. She offered me a job to recruit staff online; and said that the salary would be 30,000 Baht per month. So, I started my journey from Lam Phun in Thailand by a passenger bus on 5 January 2025. On arrival at Maesot, a Thai man drove me to the bank of Thaungyin River. I crossed the river by a mechanized boat and when I reached the other bank a Chinese man took me by car to Hong Chu company in Shwe Kokko. I was arrested while learning computer science to work in the online game sector.

**100**



# State Administration Council
# Press Release
## Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

**3. The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**

**State Administration Council**

# Katha Township completes cultivation of cold season sesame

KATHA February 16

Based on data of the Katha Township Department of Agriculture, a total of 20,637 acres of winter sesame has been planted in Katha Township of Sagaing Region.

Local authorities earmarked cultivation of 25,050 acres of winter sesame in the township in 2024-2025 cold season but farmers have so far planted 20,637 acres of crop against the target.

U Ko Lay, Head of Katha Township Department of Agriculture commented: "Local farmers have so far planted more than 20,600 acres of winter sesame against the target of more than 25,000 acres. Township officials help local farmers meet the target cultivation. Their sown acreage of sesame is on the increase. Local farmers prefer to grow sesame in winter more than monsoon."

This year, officials of Township Agriculture Department raise farmer awareness for expansion of sown acreage of sesame, use of agricultural techniques and GAP system, and use of quality strains of crops to boost per-acre yield of crops.

The crops planted in GAP system produce more quality crops than other crops grown as usual. Moreover, the crops planted in GAP system can fetch higher prices in the domestic and international markets. Hence, growers can earn increased incomes.

**SK**

# Myinmu Township finishes cultivation of butter bean on more than 1,000 acres of croplands

MYINMU February 16

Local farmers have so far planted 1,379 acres of butter bean as cold season crops in Myinmu Township of Sagaing Region, according to the statistics of Sagaing District Agriculture Department.

In 2024-2025 cold season, the township plans to grow 1,963 acres of butter bean but farmers planted 1,379 acres of crops, against the target cultivation.

Daw Thida Lwin, Head of Sagaing District Agriculture Department said: "So far, farmers have planted 1,379 acres of butter bean against the target of 1,963 acres this cold season. Farmers prefer to grow butter bean in cold season rather than monsoon. Now, butter bean plantations are thriving in the farms. Local farmers emphasize cultivation of butter bean due to high prices."

Farmers grow butter bean as mixed-cropping patter or separately for earning increased incomes for their families.

Officials of the Township Agriculture Department help local farmers use quality strains of crops and apply agricultural technology give training to farmers to prevent pasts and make natural fertilizers with the use of domestic products.

**SMK**

# Khamti Township finishes cultivation of peanut on more than 1,600 acres of croplands

KHAMTI February 16

According to Khamti Township Department of Agriculture, local farmers have grown 1,605 acres of peanut as a cold season crop in Khamti Township of Sagaing Region.

Stating from October, local farmers planted peanut on 1,605 acres exceeding the target of 50 acres of crops in the township in 2024-2025 cold season.

Daw Su Su Khaing, Head of Khamti Township Agriculture Department stated: Local authorities earmarked cultivation of 750 acres of peanut in Khamti Township this cold season. But farmers have planted 1,605 acres of peanut exceeding the target cultivation. Now, peanut plantations are thriving in the farms. Local farmers do not grow peanut in monsoon but in cold season."

Farmers need to use 1.5 baskets of peanut seas per acre in cultivation. They cost more than Ks-200,000 per acre for quality seeds, labour charges, fertilizers and pesticides. Each acre of crop yields more than 50 baskets of peanut.

This year, officials of the Township Agriculture Deparment helped local farmers thrive crops, prevent pests and weed crop plantations on their field trips.

**SMK**

# Russia's Lavrov and US' Rubio Hold Phone Talks

MOSCOW February 16

Russian and US foreign ministers have held a phone conversation at the initiative of Washington, a source in the Russian Foreign Ministry told Sputnik.

Over the course of this conversation, Lavrov and Rubio:

Agreed to maintain a communication channel to address accumulated issues in Russian-American relations. This effort aims to remove unilateral barriers inherited from the previous administration that have hindered mutually beneficial trade, economic, and investment cooperation.

Expressed a mutual commitment to engage on pressing international issues, including the settlement of the situation around Ukraine, developments concerning Palestine, and broader issues in the Middle East and other regional matters.

Exchanged views on ways to promptly end the policy initiated by the Obama administration in 2016, which significantly tightened conditions for the functioning of Russian diplomatic missions in the US, prompting reciprocal measures.

Agreed to organize an expert meeting in the near future to coordinate concrete steps for the mutual removal of obstacles to the operations of Russian and US diplomatic missions abroad.

Reaffirmed their readiness to work together on restoring a respectful intergovernmental dialogue in line with the tone set by the presidents.

Agreed to maintain regular contacts, including for the preparation of a high-level Russian-American meeting.

**Sputnik**

## Brazil to host BRICS summit in Rio de Janeiro in July

SAO PAULO February 16

Brazil will host the BRICS leaders' summit in Rio de Janeiro on July 6 and 7, Foreign Minister Mauro Vieira announced Saturday.

Brazil took over the rotating presidency of BRICS on Jan. 1 and is leading working groups to prepare the agenda and topics for the summit, which will bring together heads of state and government.

The announcement came after Vieira met with Rio de Janeiro Mayor Eduardo Paes on Saturday. The decision follows the city's successful hosting of the G20 Leaders' Summit last November.

"We will welcome the heads of state from the 20 countries that are full members and partners of BRICS, where we will make important decisions on development, cooperation, and improving living conditions in these nations. Once again, Rio de Janeiro will be the stage for a major international gathering," Vieira said.

Paes, who has created a commission to oversee the event's organization, said that the BRICS summit would strengthen international relations while fostering cultural, trade and tourism exchanges.

**Xinhua**

# Stampede in India's capital leaves 18 dead



NEW DELHI February 16

A stampede at New Delhi's main railway station on Saturday night resulted in the death of at least 18 people, including five children, and left several others injured. The incident occurred when thousands of pilgrims gaevthered to board trains heading to the Maha Kumbh festival in northern India, touted as the world's largest religious gathering.

The stampede was triggered by an overwhelming crowd of passengers attempting to board the Prayagraj Express, a train bound for the Maha Kumbh festival in Prayagraj (formerly Allahabad), in the northern state of Uttar Pradesh. The incident occurred around 8pm local time, as reported by NDTV. Delays of two other trains contributed to the congestion on multiple platforms, leading to an uncontrollable situation, Delhi Police said.

Prime Minister Narendra Modi expressed his sorrow over the incident, stating, "I am distressed by the stampede at the New Delhi railway station. My thoughts are with all those who have lost their loved ones. I pray that the injured have a speedy recovery. The authorities are assisting all those who have been affected by this stampede," he shared on X (formerly Twitter).

Railway Minister Ashwini Vaishnaw confirmed that the situation is now under control. He announced that the Railway Protection Force, along with Delhi Police, is actively managing the aftermath of the tragedy. He also conveyed his condolences, saying "the entire team is working to assist everyone affected by this tragic incident."

This tragedy comes just two weeks after a similar incident at the site of the Maha Kumbh festival, which left 30 people dead and 90 others injured. The event, which spans six weeks, involves ritualistic bathing at the confluence of the Ganges, Yamuna, and Saraswati rivers. The gathering has already attracted over 510 million attendees, including India's prime minister and key members of his cabinet, prominent celebrities and business leaders. The festival has had a history of similar accidents. In 1954, the first Maha Kumbh Mela held after India gained independence from Britain saw nearly 800 people trampled to death or drowned in the river after a stampede broke out.

The Kumbh Mela held in Haridwar, a city in northern Uttarakhand state, witnessed a tragic stampede in 1986 that claimed at least 200 lives.

Another stampede took place in Nashik, Maharashtra, in 2003 when pilgrims surged at the Godavari River to take a dip during the Kumbh Mela, resulting in 41 fatalities and over 100 injuries.

The Maha Kumbh festival is scheduled to continue until February 26, with millions more pilgrims expected to attend. Officials are urging attendees to remain vigilant and to follow safety protocols to ensure their well-being during the event.

**RT**

# 11 killed, 7 injured in road accidents in Pakistan's Punjab


ISLAMABAD February 16

Eleven people were killed and seven others injured in two separate road accidents in Pakistan's eastern Punjab province on Sunday, local media and police said.

One of the accidents occurred in the Multan district in a traffic pile-up involving a passenger van, a car, and a motorbike, resulting in six deaths and seven injuries, police sources from the district told Xinhua.

Rescue teams swiftly arrived and shifted the injured to a nearby hospital.

In the other incident, four people, including three brothers, lost their lives when a concrete-laden tractor-trolley overturned after colliding with a truck in Layyah district, local media reported.




Road accidents in Pakistan have become an alarming issue, with a significant increase in both frequency and severity over the years. Reckless driving, poor road conditions, and inadequate vehicle maintenance are among the primary causes of the high accident rate.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# English Grammar in Use (Intermediate Level)

## Unit 22 will and shall 2

**A** We do not use **will** to say what somebody has already arranged or decided to do:

- Lisa **is working** next week. (not Lisa will work)
- **Are** you **going to watch** TV this evening? (not will you watch)

See Units 19–20.

We use **will** to say what we know or believe about the future (not what someone has already decided).

For example:




Some more examples:

- They've been away a long time. When they return, they'**ll find** a lot of changes here.
- 'Where **will** you **be** this time next year?' 'I'**ll be** in Japan.'
- That plate is hot. If you touch it, you'**ll burn** yourself.
- Anna looks completely diff erent now. You **won't recognise** her.
- When **will** you **get** your exam results?

Compare:

- I think James **is going** to the party on Friday. (= I think he has already decided to go)
- I think James **will go** to the party on Friday. (= I think he will decide to go)

**B** We oft en use **will ('ll)** with:

| | |
|---|---|
| **probably** | I'**ll probably** be home late tonight. |
| **I'm sure** | Don't worry about the exam. **I'm sure** you'**ll** pass. |
| **I think** | Do you **think** Sarah **will** like the present we bought her? |
| **I don't think** | I **don't think** the exam **will** be very diff icult. |
| **I wonder** | I **wonder** what **will** happen. |

After **I hope**, we generally use the present:

- I hope Kate **passes** the driving test.
- I hope it **doesn't rain** tomorrow.

**C** Generally we use **will** to talk about the future, but sometimes we use **will** to talk about now:

- Don't phone Amy now. She'**ll be** busy. (= she'll be busy now)

**Raymond Murphy**









မြဝတီမြို့- ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေများသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့်ဆောင်ရွက်စဉ်။



Mr. Qian Le Ping



Mr. Zhuo Li



Mr. Xu Yuan Shun



Mr. Phimsanduk

■ **ကျောဖုံးမှအဆက်**

အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်းလုပ်ငန်းများကိုဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့်နေ့ချင်းပြီးဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်မှ ဖေဖော်ဝါရီလ ၁၆ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်းဦးရေ ၁၀၃၀ ကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၆၁ ဦးကို ထိုင်းနိုင်ငံသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၉၆၉ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီ ဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းထားရှိကြောင်း သတင်းရရှိသည်။

အဆိုပါထိန်းသိမ်းထားရှိသည့် ပြည်ပနိုင်ငံသားများ၏စကားသံများကို ယခုကဲ့သို့ကြားသိရသည်-

**Mr. Qian Le Ping (တရုတ်နိုင်ငံသား)**

မိုင်းလားမြို့မှာ အလုပ်ကောင်းကောင်းရမယ်။ လစာများများရမယ်ဆိုတဲ့ အလုပ်ခေါ်စာတွေ့လို့ ၂၀၁၈ ခုနှစ် မတ်လ ၁၂ ရက်မှာ တရုတ်နိုင်ငံကတစ်ဆင့် မိုင်းလားမြို့ကို တရားမဝင်လမ်းကြောင်းကနေ ဝင်ရောက်ခဲ့ပါတယ်။ မိုင်းလားမြို့ကို ရောက်တဲ့အခါမှာ တရုတ်လူမျိုး Xiao Mu ရဲ့ Yong Le Gong အွန်လိုင်းဂိမ်းကုမ္ပဏီမှာ ငါးနှစ် အလုပ်လုပ်ခဲ့ပါတယ်။ မိုင်းလားကတစ်ဆင့် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၃ ရက်မှာ ရွှေကုက္ကိုလ်ကိုရောက်ရှိပြီး တရုတ်လူမျိုး Xiao Duo Duo ရဲ့ Hong Tu Guo Ji ကုမ္ပဏီမှာ အွန်လိုင်းကတစ်ဆင့် ကွန်ပျူတာနဲ့ ဂိမ်းကြော်ငြာပေးရတဲ့ အလုပ်ကို နေ့တိုင်း မွန်းတည့် ၁၂ နာရီကနေ ည ၁၂ နာရီအထိ လုပ်ပေးရပါတယ်။ တစ်လကို ဘတ် ၇ ထောင်နဲ့ သုံးလစာပဲရရှိပြီး ကျန်လတွေမှာ လစာမရခဲ့ပါဘူး။

**Mr. Zhuo Li ( တရုတ်နိုင်ငံသား)**

ကျွန်တော်လုပ်ရတဲ့အလုပ်က တရုတ်လူမျိုးပိုင်တဲ့ Jin Man Tang ကုမ္ပဏီမှာ အွန်လိုင်းကတစ်ဆင့် လိမ်လည်ပြီး မက်ဆေ့ပို့ရတဲ့ အလုပ်ကို တစ်ရက် ၁၆ နာရီခန့် အလုပ်လုပ်ရပြီး အဲဒီမှာ ကိုးလခန့် ကြာခဲ့ပါတယ်။ ပထမလမှာ ဘတ် ၅ ထောင် ရပါတယ်။ ကျန်လတွေမှာတော့ လစာ မရပါဘူး။ ရွှေကုက္ကိုလ်ကို ဝင်ရောက်ခဲ့တဲ့ လမ်းကြောင်းကတော့ တရုတ်နိုင်ငံကနေ လာအိုနိုင်ငံကိုအရင်သွားခဲ့ပါတယ်။ လာအိုနိုင်ငံကနေ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ကို ကားနဲ့ထွက်ခွာခဲ့ပါတယ်။ ဘန်ကောက်မြို့ကတစ်ဆင့် ထိုင်းလူမျိုးယာဉ်မောင်း တစ်ဦးရဲ့အကူအညီနဲ့ မဲဆောက်မြို့ကို ဆက်ထွက်ခဲ့ပါတယ်။ မဲဆောက်မြို့ရောက်တော့ ထိုင်းလူမျိုးတစ်ဦးရဲ့ စီစဉ်ပေးမှုနဲ့ မြစ်တစ်ခုကိုစက်လှေနဲ့ဖြတ်ပြီး ရွှေကုက္ကိုလ်ကိုရောက်ရှိခဲ့တာဖြစ်ပါတယ်။ ထိုင်းနိုင်ငံမှာ တစ်လကို ယွမ် ၁ သောင်း ရမယ်ဆိုပြီး အွန်လိုင်းကနေခင်တဲ့ တရုတ်နိုင်ငံသားတစ်ဦးရဲ့ ဆက်သွယ်ပေးမှုကြောင့် အခုလိုထွက်လာခဲ့တာဖြစ်ပါတယ်။ ဖေဖော်ဝါရီလ ၁၅ ရက်မှာတော့ ထိန်းသိမ်းခံခဲ့ရပါတယ်။

**Mr. Xu Yuan Shun ( တရုတ်နိုင်ငံသား)**

ထိုင်းနိုင်ငံမှာ တစ်လကို ယွမ် ၁၂၀၀၀ ရတဲ့အလုပ် လုပ်ရမယ်ဆိုပြီး အွန်လိုင်းကနေခင်တဲ့ တရုတ်နိုင်ငံသားတစ်ဦးက ဆက်သွယ်ပေးတဲ့အတွက် ၂၀၂၄ ခုနှစ် မေလ ၃ ရက်မှာ လေယာဉ်နဲ့ တရုတ်နိုင်ငံကနေ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ကို ရောက်ရှိခဲ့ပါတယ်။ ဘန်ကောက်မြို့ကို ရောက်တော့ တရုတ်လူမျိုးယာဉ်မောင်း တစ်ဦးက မဲဆောက်မြို့ကို ပို့ဆောင်ပေးခဲ့ပါတယ်။ မဲဆောက်မြို့ကို မေလ ၄ ရက်မှာ ရောက်ရှိခဲ့ပါတယ်။ မဲဆောက်မြို့ကနေတစ်ဆင့် ထိုင်းလူမျိုးတစ်ဦးရဲ့ စီစဉ်ပေးမှုနဲ့ ရွှေကုက္ကိုလ်ကို ရောက်ရှိခဲ့တာဖြစ်ပါတယ်။ ရွှေကုက္ကိုလ်ကို မရောက်ခင် စက်လှေနဲ့ မြစ်တစ်မြစ်ကို ဖြတ်ခဲ့ရပါတယ်။ ရွှေကုက္ကိုလ်ကို ရောက်တော့ တရုတ်လူမျိုးပိုင်တဲ့ ကုမ္ပဏီတစ်ခုမှာ အလုပ်ရပြီး အွန်လိုင်းကနေ လိမ်လည်ပြီး လူရှာဖွေပေးရတဲ့ အလုပ်ကို တစ်နေ့ ၁၆ နာရီ လုပ်ပေးရပါတယ်။ တစ်လကို ဘတ် ၂၀၀၀ ရရှိပါတယ်။ ကိုးလခန့် လုပ်ကိုင်ခဲ့ရပါတယ်။

**Mr. Phimsanduk (ထိုင်းနိုင်ငံသား)**

ကျွန်တော်က (Electronic) အထူးပြုဘာသာရပ်နဲ့ ကျောင်းပြီးပါပြီ။ ကျောင်းပြီးတော့ ဇာတိမြို့ဖြစ်တဲ့ Lam Phun မြို့မှာပဲ အလုပ်လုပ်ခဲ့ပါတယ်။ အလုပ်လုပ်နေရင်း ရွှေကုက္ကိုလ်မှာ လစာကောင်းတဲ့ အလုပ်လုပ်ရမယ်ဆိုပြီး အွန်လိုင်းကနေ အဆက်အသွယ်ရခဲ့ပါတယ်။ အွန်လိုင်းကနေ လူရှာပေးရတဲ့အလုပ်လုပ်ရမယ်။ လစာ တစ်လ ဘတ် ၃၀၀၀၀ ရမယ်လို့ Facebook ပေါ်မှာတွေ့တဲ့ အမျိုးသမီးတစ်ဦးက ဆက်သွယ်ပြောဆိုလာခဲ့တဲ့အတွက် အလုပ်လုပ်ဖို့ ထိုင်းနိုင်ငံ Lam Phun မြို့ကနေ ခရီးသည်တင်ယာဉ်နဲ့ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၅ ရက်မှာ ထွက်လာခဲ့ပါတယ်။ မဲဆောက်မြို့ကို ရောက်တဲ့အခါမှာ ထိုင်းလူမျိုး အမျိုးသားတစ်ဦးက ကားနဲ့လာခေါ်ပြီး သောင်ရင်းမြစ်ကမ်းစပ်ကို ပို့ဆောင်ပေးခဲ့ပါတယ်။ မြစ်ကို စက်လှေနဲ့ ဖြတ်ကူးပြီး တစ်ဖက်ကမ်းကိုရောက်တဲ့အခါမှာ တရုတ်လူမျိုး အမျိုးသားတစ်ဦးက ကားနဲ့လာခေါ်ပြီး ရွှေကုက္ကိုလ်မှာရှိတဲ့ Hong Chu ကုမ္ပဏီကို ပို့ပေးခဲ့ပါတယ်။ အဲဒီမှာ အွန်လိုင်းဂိမ်းအလုပ်ကို လုပ်ကိုင်ဖို့ ကွန်ပျူတာပညာကို သင်ယူနေတုန်းဖြစ်ပါတယ်။ သင်ယူနေတုန်းထိန်းသိမ်းခံလိုက်ရတာဖြစ်ပါတယ်။ (၁၀၀)

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ






ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကိုဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဧရာဝတီတိုင်းဒေသကြီးတရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့ များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဖေဖော်ဝါရီလ ၁၃ ရက်၊ ၁၄ ရက်နှင့် ၁၅ ရက်** တို့တွင် မြန်အောင်ခရိုင်၊ ကျုံပျော်ခရိုင်၊ မအူပင်ခရိုင်နှင့် ပုသိမ်ခရိုင်တို့အတွင်း၌ တရားမဝင် အခြားသစ် (၉ ဒသမ ၆၆၄)တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ်၁၇၈၀၁၉၄)** ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဖေဖော်ဝါရီလ ၁၅ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်လမြိုင်မြို့မှ နေပြည်တော်သို့မောင်းနှင်လာသည့် မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၁၂၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Higer Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ်၄၆၂၁၂၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကရင်ပြည်နယ်တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဇာသပြင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ သာမညမှ မော်လမြိုင်မြို့သို့သွားရောက်မည့်မော်တော်ယာဉ် (၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၄)မျိုး၊ လူသုံးကုန်ပစ္စည်း (၃)မျိုးနှင့် စားသောက်ကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၂၃၁၇၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်ထားသည့် Higer Bus (၁)စီးနှင့် KIA Pregio Mini Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၂၃၁၇၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။







တနင်္သာရီတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ယင်းအပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာရတနာပုံတံတား(မန္တလေး)စစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှ မုံရွာမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁၈)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၂၄၁၃၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hino Rainbow Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀၀)ကိုလည်းကောင်း၊ (၁၆)မိုင်တိုးဂိတ်အနီး၌ မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၈၉၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် စက်မှုဇုန်ထုတ် Doh Shwe Myanmar Mini Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၈၇၃၀၃၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့၊ အေးရိပ်ငြိမ်ရပ်ကွက် ဦးအောင်ဇေယျ(၅)လမ်းရှိ ကမ်းနားဆိပ်၌ စုပုံထားသော အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်း (၂)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၂)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူး အဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်း အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ်(၃ ဒသမ ၉၀၀)တန်၊ သစ်မာ(၆ ဒသမ ၆၂၅)တန်၊ အခြားသစ် (သုည ဒသမ ၅၉၀)တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၇၉၅၂၉)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီလ ၁၃ ရက်၊ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၂၇)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၆၈၁၉၀၂၃)**ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့်ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှု စွမ်းအားကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**(သတင်းစဉ်)**


# MFF ဖူဆယ်လိဂ် - ၁ ပြိုင်ပွဲ ဒုတိယအကျော့စတင်ကျင်းပပြီး ထိပ်ဆုံးမှ MIU အသင်း နိုင်ပွဲဆက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

၂၀၂၄-၂၀၂၅ ရာသီ MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲ ဒုတိယအကျော့ အဖွင့်ရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ် (၁၀) ကို ယနေ့တွင် ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ကျင်းပရာ ထိပ်ဆုံးမှ MIU အသင်း နိုင်ပွဲဆက်ခဲ့သည်။

ပထမအကျော့အပြီးတွင် ထိပ်ဆုံးမှ ဦးဆောင်နေသည့် MIU အသင်းနှင့် ဒုတိယနေရာမှ MH Dream Team အသင်းသည် ပထမအကျော့နောက်ဆုံးပွဲနှင့် ဒုတိယ အကျော့အဖွင့်ပွဲတွင် နှစ်ပွဲဆက်တိုက်တွေ့ဆုံခြင်းဖြစ်ပြီး MIU အသင်းက နှစ်ပွဲစလုံး အနိုင်ယူကာ ထိပ်ဆုံးတွင်အမှတ်ဖြတ် ဦးဆောင်နိုင်ခဲ့သည်။ MH Dream Team အသင်းသည် နှစ်ပွဲဆက်အရေးနိမ့်ကာ ဒုတိယနေရာမှဖယ်ပေးခဲ့ရပြီး YRG အသင်းက ဒုတိယနေရာ တက်လှမ်းနိုင်ခဲ့သည်။ ပွဲစဉ် (၁၀) တွင် MIU အသင်းက MH Dream Team အသင်းကို ၂ ဂိုး ဂိုးမရှိ၊ M2K အသင်းက SGF အသင်းကို ၄ ဂိုး ၃ဂိုး၊ YRG အသင်းက YCDC Marga အသင်းကို ၉ ဂိုး ၁ဂိုး၊ Winner Soccer အသင်းက VUC အသင်းကို ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရပြီး Generations အသင်းနှင့် ဖူဆယ်ချစ်သူ အသင်း သုံးဂိုးစီသရေကျခဲ့သည်။

ပွဲစဉ် (၁၀) အပြီးတွင် MIU အသင်းက ၂၈ မှတ်၊ YRG အသင်းက ၂၁ မှတ်၊ MH Dream Team အသင်းက ၂၀ မှတ်၊ Generations အသင်းနှင့် M2K အသင်းက ၁၅ မှတ်စီ၊




VUC အသင်းက ၁၁ မှတ်၊ Winner Soccer အသင်းက ကိုးမှတ်၊ YCDC Marga အသင်းနှင့် ဖူဆယ်ချစ်သူအသင်းတို့က ရှစ်မှတ်စီ၊ SGF အသင်းက လေးမှတ် ရရှိထားကြောင်း သိရသည်။

**သတင်း-ရဲရင့်လွင်**
**ဓာတ်ပုံ-MFF**

**တစ်ဦးတည်းဖြစ်ပါကြောင်း**
ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ (ဘ)ဦးသိန်းထွန်းအောင်၏သမီး ဒေါ်မေပုလဲထွန်း(ခ)ဒေါ်သန်းသန်းအေး၁၂/သဃက(နိုင်)၀၄၂၃၃၉ ကိုင်ဆောင်သူသည် တစ်ဦးတည်းဖြစ်ပါကြောင်း။
ဒေါ်မေပုလဲထွန်း(ခ)ဒေါ်သန်းသန်းအေး

**ပျောက်ဆုံးကြောင်း**
နမ့်ခမ်းမြို့၊ အမှတ်(၉)ရပ်ကွက်နေ မကျွဲရင် (ဘ)ဦးကျွန်ဖုရင် ၁၃/နခန(နိုင်)၀၈၉၁၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 433574) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၈၈၃၀၁၇၉

**အမည်မှန်**
ဘားအံမြို့၊ အ.လ.က(ဇာသပြင်-၂) Grade-3 မှ (ဘ)ဦးတူးနိုင် ၃/ဘအန(နိုင်)၁၆၁၀၆၇၏သမီး မိငွေစင်သွန်း၏အမည်မှန်မှာ မိဆုပြည့်သဒ္ဒါစံဖြစ်ပါကြောင်း။
မိဆုပြည့်သဒ္ဒါစံ

**အမည်မှန်**
ဘားအံမြို့၊ အ.လ.က(ဇာသပြင်-၂) Grade-4 မှ (ဘ)ဦးတူးနိုင် ၃/ဘအန(နိုင်)၁၆၁၀၆၇၏သား မင်းထက်ဦးယံ၏အမည်မှန်မှာ မင်းဟိန်းရတုအောင်ဖြစ်ပါကြောင်း။
မင်းဟိန်းရတုအောင်

**အမည်မှန်**
ဘားအံမြို့၊ အ.ထ.က(ဒုံရင်း) Grade-4 မှ မဇူလိုင်ရတီဝေ(ဘ)ဦးမောင်မောင် ၇/ဒဥန(နိုင်)၁၅၄၆၂၅၏အမည်မှန်မှာ နန်းဇူလိုင်ဝင်းဖြစ်ပါကြောင်း။
နန်းဇူလိုင်ဝင်း

**အမည်ပြောင်း**
ဘီးလင်းမြို့ အ.မ.က(ဝင်းပြန်ကျောင်း)KG တန်းမှ (ဘ)ဦးကျော်မင်းထွန်း၏သား မောင်ကောင်းသန့်မင်းအား မောင်ညာဏ်ကောင်းစံဟု ပြောင်းလဲခေါ်ဆိုပါရန်။
မောင်ညာဏ်ကောင်းစံ

## ၂၀၂၂ ခုနှစ်နောက်ပိုင်း ဂိုးပေါက်တည့်ကန်သွင်းချက် တစ်ကြိမ်မျှမလုပ်ဆောင်နိုင်သည့် မှတ်တမ်းဆိုးကို ချယ်လ်ဆီးအသင်းပြန်လည်ရရှိ



လန်ဒန် ဖေဖော်ဝါရီ ၁၆

ချယ်လ်ဆီးအသင်းသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ်ကစားသည့် ဘရိုက်တန်အသင်းကို ၃ ဂိုး- ဂိုးမရှိဖြင့် ရှုံးနိမ့်သောပွဲစဉ်တွင် ပွဲချိန်တစ်လျှောက်လုံး ဂိုးပေါက်တည့်ကန်သွင်းချက် တစ်ကြိမ်မျှမလုပ်ဆောင်နိုင်သည့်အတွက် ၂၀၂၂ ခုနှစ်နောက်ပိုင်း ဂိုးပေါက်တည့်ကန်သွင်းချက်မရှိသည့် ဒုတိယမြောက်ပွဲစဉ်အဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ချယ်လ်ဆီးအသင်းသည် ယခုလအတွင်း ဘရိုက်တန်အသင်းနှင့် နှစ်ပွဲကစားခဲ့ပြီး ပထမပွဲစဉ်အဖြစ် အက်ဖ်အေဖလားပြိုင်ပွဲ စတုတ္ထအဆင့်ပွဲစဉ်အဖြစ် အဝေးကွင်း၌သွားရောက်ကစားခဲ့ရာ ၂ ဂိုး- ၁ ဂိုးဖြင့် ရှုံးနိမ့်ခဲ့သကဲ့သို့ ယခုပွဲစဉ်တွင်လည်း ၃ ဂိုး - ဂိုးမရှိဖြင့် ထပ်မံရှုံးနိမ့်ခဲ့သည့်အပြင် မှတ်တမ်းဆိုးတစ်ရပ်ပါ ပြန်လည်ရရှိခဲ့ခြင်းဖြစ်သည်။

ချယ်လ်ဆီးအသင်းနှင့် ဘရိုက်တန်အသင်းတို့ပွဲစဉ်၌ ဘရိုက်တန်အသင်းအနေဖြင့် ဂိုးပေါက်တည့်ကန်သွင်းချက် ငါးကြိမ်ပြုလုပ်နိုင်ရာတွင် ပွဲချိန် ၂၇ မိနစ်တွင် မီတိုမာ၊ ပွဲချိန် ၃၈ မိနစ်နှင့် ၆၃ မိနစ်တို့တွင် မင်တက်ခ်တို့က ဘရိုက်တန်အသင်းအတွက် သုံးဂိုးသွင်းယူနိုင်ခဲ့ကာ ချယ်လ်ဆီးအသင်းအနေဖြင့် ပွဲချိန်တစ်လျှောက်လုံး အသင်းတိုက်စစ်ပိုင်းမှာ ရုန်းကန်ခဲ့ရပြီး ဂိုးပေါက်တည့်ကန်သွင်းချက် တစ်ကြိမ်မျှမလုပ်ဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် ဘရိုက်တန်အသင်းနှင့်ပွဲစဉ်တွင် အသင်းတိုက်စစ်ပိုင်း၌ အဓိက ကစားသမား ဂျက်ဆင် ဒဏ်ရာကြောင့်ပါဝင်နိုင်ခြင်းမရှိဘဲ အန်ကူကူ ပွဲထွက်လာသော်လည်း အသင်းတိုက်စစ်ပိုင်းမှာ ခြေစွမ်းပိုင်းဆိုးရွားခဲ့ပြီး ပြိုင်ဘက်အသင်းဂိုးပေါက်ကို ဂိုးပေါက်တည့်ကန်သွင်းချက် တစ်ကြိမ်မျှမလုပ်ဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် ၂၀၂၂ ခုနှစ်က မန်စီးတီးအသင်းနှင့်ကစားသည့် ပရီးမီးယားလိဂ်ပွဲစဉ်တွင် ပွဲချိန်တစ်လျှောက်လုံး ဂိုးပေါက်တည့်ကန်သွင်းချက် တစ်ကြိမ်မျှမလုပ်ဆောင်နိုင်သည့် ပွဲစဉ်နောက်ပိုင်း ယခုအခါ ဂိုးပေါက်တည့်ကန်သွင်းချက်တစ်ကြိမ်မျှ မလုပ်ဆောင်နိုင်သည့်မှတ်တမ်းဆိုးတစ်ရပ်ကို ပြန်လည်ရရှိပြီး ဘရိုက်တန်အသင်းကို နှစ်ပွဲဆက်ရှုံးနိမ့်ပြီးနောက် ချယ်လ်ဆီးအသင်းပရိသတ်များက နည်းပြ မာရက်စ်ကာကို ရာထူးမှထုတ်ပယ်ပေးရန် တောင်းဆိုမှုများလုပ်ဆောင်ခဲ့ကြကြောင်း သိရသည်။

*Ref;Fotmob*

## ရီးယဲလ်မက်ဒရစ်အသင်းက ဗင်နီစီးယက်စ်ကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ဆွေးနွေး

မက်ဒရစ် ဖေဖော်ဝါရီ ၁၆

ရီးယဲလ်မက်ဒရစ်အသင်းက တိုက်စစ်ကစားသမား ဗင်နီစီးယက်စ်ကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ဆွေးနွေးမှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။

အသက် ၂၄ နှစ်အရွယ် ဗင်နီစီးယက်စ်သည် ၂၀၁၈ ခုနှစ်က ဖလာမင်ဂိုအသင်းမှ ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ နောက်ပိုင်းဘောလုံးရာသီများတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ ပြီးခဲ့သည့်ဘောလုံးရာသီကလည်း အသင်းနှင့် ခြေစွမ်းပြနိုင်မှုကြောင့် ကမ္ဘာ့အကောင်းဆုံးကစားသမားဆုဆွတ်ခူးနိုင်ရန်အတွက်ပါ နီးစပ်ခဲ့သည်။

လက်ရှိဗင်နီစီးယက်စ်နှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့ စာချုပ်သက်တမ်းမှာ ၂၀၂၇ ခုနှစ် ဇွန်လကုန်မှသာကုန်ဆုံးမည်ဖြစ်ပြီး စာချုပ်လျော်ကြေးကို ယူရိုတစ်ဘီလီယံသတ်မှတ်ထားသော်လည်း ဆော်ဒီထိပ်တန်းကလပ်အသင်းကြီးများက လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ဗင်နီစီးယက်စ်ကို စာချုပ်လျော်ကြေးအပြင် ကမ္ဘာ့စံချိန်တင် လုပ်ခလစာတစ်ရပ်ဖြင့်ခေါ်ယူရန် ကြိုးပမ်းနေသည့်အတွက် သက်တမ်းတိုးစာချုပ်ချုပ်ဆိုပြီး ထိန်းထားရန် ကြိုးပမ်းနေခြင်းဖြစ်ကြောင်း သိရသည်။

*Ref;Fabrizio Romano*

## ယခုဘောလုံးရာသီအကုန်တွင် နယူးကာဆယ်အသင်း ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်မရရှိပါက အဓိကတိုက်စစ်ကစားသမားအီဆက်က အသင်းမှထွက်ခွာရန်ဆုံးဖြတ်

လန်ဒန် ဖေဖော်ဝါရီ ၁၆

နယူးကာဆယ်အသင်းမှ အဓိကတိုက်စစ်ကစားသမား အီဆက်သည် ယခုဘောလုံးရာသီအကုန်တွင် နယူးကာဆယ်အသင်း ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်မရရှိပါက အသင်းမှထွက်ခွာပြီး ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိမည့်အသင်းသို့ ပြောင်းရွှေ့ကစားရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

အသက် ၂၅ နှစ်အရွယ် အီဆက်သည် ၂၀၂၂ ခုနှစ်က ဆိုစီဒက်စ်အသင်းမှ နယူးကာဆယ်အသင်းသို့ ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၆၀ ဖြင့် ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ ယခုဘောလုံးရာသီတွင်လည်း ထိပ်တန်းအဆင့်ခြေစွမ်းပြနေသူဖြစ်သည်။

ယခုဘောလုံးရာသီတွင် ခြေစွမ်းပြလျက်ရှိသည့် အီဆက်ကို ပြီးခဲ့သည့်ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလက အာဆင်နယ်အသင်းက ခေါ်ယူရန် တရားဝင်ကမ်းလှမ်းမှုများပြုလုပ်ခဲ့သော်လည်း နယူးကာဆယ်အသင်းက လက်မလွှတ်လိုသည့်အတွက် ကမ်းလှမ်းမှုများကို ပယ်ချခဲ့ခြင်းဖြစ်သည်။

အီဆက်ကိုယ်တိုင်ကလည်း အစောပိုင်းကတည်းက အသင်းမှ ထွက်ခွာလိုနေသည့်အတွက် ယခုဘောလုံးရာသီအကုန်တွင် အသင်း၏ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့် ရ မရကို စောင့်ကြည့်မည်ဖြစ်ပြီး ချန်ပီယံလိဂ်ဝင်ခွင့်မရရှိပါက အသင်းမှထွက်ခွာရန် ဆုံးဖြတ်ထားခြင်းဖြစ်သည်။

လက်ရှိတွင် အီဆက်ကို အာဆင်နယ်အသင်းအပြင် ဥရောပထိပ်တန်းအသင်းကြီးများဖြစ်သည့် လီဗာပူးအသင်း၊ ပီအက်စ်ဂျီအသင်းနှင့် ဘာစီလိုနာအသင်းတို့ကခေါ်ယူရန် စောင့်ကြည့်လျက်ရှိပြီး အီဆက်ကိုယ်တိုင်က နယူးကာဆယ်အသင်း ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်မရရှိပါက ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ရောက်ခွင့်ရရှိမည့် ထိပ်တန်းအသင်းတစ်သင်းသို့ ပြောင်းရွှေ့ကစားရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

*Ref;The Telegraph*

## မတ်လအတွင်းကစားမည့်ပွဲစဉ်များတွင် ပြင်သစ်အသင်းအတွက် အမ်ဘာတ်ပီပြန်လည်ပါဝင်ကစားမည်ဖြစ်ကြောင်း နည်းပြ ဒက်ချမ့်အတည်ပြု

ပဲရစ် ဖေဖော်ဝါရီ ၁၆

ပြင်သစ်အသင်းနည်းပြဒက်ချမ့်က မတ်လအတွင်းကစားမည့် နိုင်ငံတကာပွဲစဉ်များတွင် ပြင်သစ်အသင်း၌ အဓိကတိုက်စစ်ကစားသမား အမ်ဘာတ်ပီ ပြန်လည်ပါဝင်ကစားမည်ဖြစ်ကြောင်း အတည်ပြုခဲ့သည်။

အမ်ဘာတ်ပီသည် ယခုဘောလုံးရာသီအစပိုင်းတွင် ရီးယဲလ်မက်ဒရစ်အသင်း၌ ရုန်းကန်နေရသည့်အခြေအနေတွင် ပြင်သစ်အသင်း၌ သွားရောက်ကစားလျှင် ဒဏ်ရာရရှိမည်ဆိုပါက ပိုမိုရုန်းကန်ရနိုင်သည့် အခြေအနေများကြောင့် ၂၀၂၄ ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် ကျင်းပသည့် ဥရောပနေးရှင်းလိဂ်ပြိုင်ပွဲ၌ ပြင်သစ်အသင်းနှင့် မပူးပေါင်းခဲ့ခြင်းဖြစ်သည်။

ပြင်သစ်အသင်းသည် ၂၀၂၄ ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် ဥရောပနေးရှင်းလိဂ်ပြိုင်ပွဲအုပ်စုပွဲစဉ်များ ကစားရမည်ဖြစ်သည့်အတွက် အမ်ဘာတ်ပီက နည်းပြဒက်ချမ့်နှင့်ဆွေးနွေးခဲ့ပြီးနောက် ရီးယဲလ်မက်ဒရစ်အသင်းတွင်သာ အာရုံစိုက်လိုနေသည့်အတွက် အသင်းကစားသမားစာရင်းမှနုတ်ထွက်ခဲ့ခြင်းဖြစ်ပြီး မတ်လအတွင်း အသင်းအနေဖြင့် ဥရောပနေးရှင်းလိဂ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များကစားရမည်ဖြစ်သည့်အတွက် အသင်းနှင့်ပြန်လည်ပူးပေါင်းမည်ဖြစ်သည်။

ဒက်ချမ့်က "အမ်ဘာတ်ပီအနေနဲ့ မတ်လအတွင်း ကစားမယ့် နိုင်ငံတကာပွဲစဉ်တွေမှာ အသင်းနဲ့ လာရောက်ပူးပေါင်းမှာပါ။ ကျွန်တော်နဲ့သူ သေချာဆွေးနွေးပြီးပါပြီ။ သေချာတာတစ်ခုကတော့ လာမည့် အသင်းရဲ့ပွဲစဉ်တွေမှာ အမ်ဘာတ်ပီ သေချာပေါက် ပါဝင်ကစားပေးမှာပါ" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

*Ref;Fabrizio Romano*



# မိုင်းယန်းမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုစစ်ဆေး



မိုင်းယန်း ဖေဖော်ဝါရီ ၁၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခေတ်မီစံပြကျေးရွာထူထောင်ရေးလုပ်ငန်းစီမံကိန်း (SMART Village) အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မိုင်းလွေခေတ်မီစံပြကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဖေဖော်ဝါရီလ ၁၆ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်အိအိမြတ်နှင့် တာဝန်ရှိသူများသည် မိုင်းလွေခေတ်မီစံပြကျေးရွာ စာကြည့်တိုက်ရှေ့၌ အရှည်ပေ ၃၀၊ အကျယ် ၂၆ ပေ၊ ထု ၆ လက်မရှိသည့် ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်းနှင့် အလျား ၉၆ ပေ၊ အမြင့် ၅ ပေရှိသည့် စာကြည့်တိုက် ခြံစည်းရိုးကာရံခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ/ကျေးရွာသားများ၊ ခေတ်မီစံပြကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်တွေ့ဆုံကာ ကျေးရွာသန့်ရှင်းသာယာလှပရေးနှင့် ဆောင်ရွက်ပြီးသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းကြိုးစားဆောင်ရွက်ရန်မှာကြားပြီး ကျေးရွာမှ တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

မိုင်းလွေခေတ်မီစံပြကျေးရွာ၌ အဆိုပါဖွံ့ဖြိုးရေးလုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ခေတ်မီစံပြကျေးရွာထူထောင်ရေး စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် ၁၂၇ သိန်း အသုံးပြုကာ ပြည်နယ်/ခရိုင်/မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများနှင့် ကျေးရွာသူ၊ ကျေးရွာသားများပူးပေါင်း၍ ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ပထမပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ အားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

မောင်ခိုင်

# မိုင်းခတ်မြို့နယ်၌ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်

မိုင်းခတ် ဖေဖော်ဝါရီ ၁၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်၌ ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်း၍ အပတ်စဉ်မြို့သန့်ရှင်းသာယာလှပရေး စုပေါင်းဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီလ ၁၅ ရက် နံနက်ပိုင်းတွင် အခြေခံပညာအထက်တန်းကျောင်း (မိုင်းခတ်)၌ သန့်ရှင်းရေးဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ သန့်ရှင်းရေးဆောင်ရွက်ရာတွင် မိုင်းခတ်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟန်ဝင်းလတ်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များစုပေါင်း၍ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းရှိ အမှိုက်များ၊ ပေါင်းမြက်များအားခုတ်ထွင်ရှင်းလင်းခြင်းနှင့် ရေမြောင်းအတွင်း ပိတ်ဆို့နေသောအမှိုက်များအား ဆယ်ယူရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ကြကြောင်း သိရသည်။

နန်းနွယ်နီ(ပြန်/ဆက်)

**သင်မလိုသော မီးကိုပိတ်ထားခြင်းဖြင့် လိုအပ်သူများ အလင်းရပါစေ။**

# နယ်လှည့်စာကြည့်တိုက်ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကျင်းပ

မိုင်းဆတ် ဖေဖော်ဝါရီ ၁၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသည် အများပြည်သူများ အသိပညာဗဟုသုတရရှိစေရန်ရည်ရွယ်၍ နယ်လှည့်စာကြည့်တိုက် ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ဖေဖော်ဝါရီလ ၁၅ ရက် နေ့လယ်ပိုင်းတွင် နောင်ဘိုကျေးရွာရှိ ရောင်ခြည်သစ်စာကြည့်တိုက်၌ ကျင်းပသည်။



ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်လေးဝင်းက ဟောပြောပွဲနှင့် ပြပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်နှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများ အကြောင်းကိုလည်းကောင်း၊ ဒုတိယဦးစီးမှူး ဒေါ်ယဉ်ယဉ်ဝင်းက မူးယစ်ဆေးဝါး၏ ဆိုးကျိုးအန္တရာယ်များနှင့် လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးအကြောင်းအရာများကိုလည်းကောင်း ဆွေးနွေးဟောပြောသည်။

ထို့နောက် တက်ရောက်လာသော နောင်ဘိုကျေးရွာနေ ပြည်သူများက ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေး ဓာတ်ပုံနှင့် နံရံကပ်စာစောင်များ၊ အသိပညာပေးစာအုပ်၊ စာစောင်များအား စိတ်ပါဝင်စားစွာလေ့လာဖတ်ရှုကြကြောင်း သိရသည်။

ယဉ်ယဉ်ဝင်း(ပြန်/ဆက်)

# ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု ကွင်းဆင်းစစ်ဆေး

မိုင်းတုံ ဖေဖော်ဝါရီ ၁၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပိန်းမုံ၊ ဟိုပွေ့ (၉)မိုင် ကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလည်ပတ်ရန်ပုံငွေများဖြင့် ဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို ဖေဖော်ဝါရီလ ၁၆ ရက်နံနက်ပိုင်းတွင် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်စွာနှင့် တာဝန်ရှိသူများသည် ပိန်းမုံ၊ ဟိုပွေ့ (၉)မိုင် ကျေးရွာတို့၌ စီမံကိန်းလည်ပတ်ရန်ပုံငွေများဖြင့် မွေးမြူရေးလုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်း များ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြို့နယ် ဦးစီးမှူးက တစ်နိုင်တစ်ပိုင်မိသားစုဝင်ငွေ တိုးစီးပွားရေးလုပ်ငန်းများကို ပိုမိုတိုးချဲ့ လုပ်ကိုင်ကြရန် ဆွေးနွေးမှာကြားသည်။

ပိန်းမုံ၊ ဟိုပွေ့ (၉)မိုင် ကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစတင်ကာ ကျေးရွာ နှစ်ရွာ တစ်ယူနစ်၊ ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါ ကျေးရွာရှိ အသင်းသူ၊ အသင်းသား ၄၁ ဦး ကို ဒသမအကြိမ်မြောက် ရန်ပုံငွေကျပ် ၄၈၈ သိန်းအထိ အတိုးနှုန်းသက်သာစွာ ထုတ်ချေးထားနိုင်ပြီး စီမံကိန်းလုပ်ငန်း များ အောင်မြင်စွာ လည်ပတ်အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိန်လွင်(ကျေးလက်)

# မိုင်းဖြတ်မြို့နယ်၌ စာအုပ်စာစောင်လှူဒါန်းပွဲကျင်းပ

မိုင်းဖြတ် ဖေဖော်ဝါရီ ၁၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်တွင် ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာစေရန်နှင့် စာဖတ်ရှိန်မြှင့်တင်ရေးအတွက်စာအုပ်စာစောင်များ လှူဒါန်းပွဲကို ဖေဖော်ဝါရီလ ၁၅ ရက် နံနက်ပိုင်းတွင် ပါလောင်းကျေးရွာရှိ ရှင်သန်ခြင်းစာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးလှမျိုး က ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးအတွက် ကျေးရွာနေပြည်သူများ ပူးပေါင်း ဆောင်ရွက်ရေး၊ စာဖတ်ခြင်း၏ အကျိုး ကျေးဇူးများနှင့်စပ်လျဉ်း၍ ပြောကြားသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးဝင်းခိုင်က စာအုပ်စာစောင် လှူဒါန်းပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက် များကိုပြောကြားပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး




ဦးစီးဌာန၊ မြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင် ကျော်ခိုင်က အမှာစကားများပြောကြား သည်။

ဆက်လက်၍ ရှင်သန်ခြင်းစာကြည့် တိုက်အတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အလှူရှင်များက သုတ၊ ရသ စာအုပ်၊ စာစောင်များကို ပေးအပ်လှူဒါန်း ရာ အုပ်ချုပ်ရေးမှူး ဦးဇရိယာက လက်ခံ ရယူသည်။

မိုင်းဖြတ်မြို့နယ်တွင် အဆိုပါ ရှင်သန်ခြင်း စာကြည့်တိုက်ကို ၂၀၁၂ ခုနှစ် အောက်တို ဘာလ ၁၀ ရက်က ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဖြစ် စတင်ဖွင့်လှစ်ရာ ယခုအခါမြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေကျပ်သိန်း ၅၀၊ အလှူရှင်များနှင့် ကျေးရွာနေပြည်သူများ ၏ စုပေါင်းလှူဒါန်းသည့် ရန်ပုံငွေများဖြင့် အလျားပေ ၂၀၊ အနံ ၁၆ ပေရှိ (RC) တစ်ထပ် အမျိုးအစားကို အကောင်အထည်ဖော် ပြန်လည်ပြုပြင်ဆောင်ရွက်နိုင်ခြင်းဖြစ် ကြောင်း သိရသည်။

ရွှေကို(မိုင်းဖြတ်)

# ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီ ပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းလျှောက်လွှာများအား ၁၅-၁-၂၀၂၅ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ ၁၈-၂-၂၀၂၅ ရက်နေ့တွင် လျှောက်လွှာများ ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီ ပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး(ဖုန်း၊ ၀၃၆-၃၀၃၃၁ နှင့် ၀၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

### ပျောက်ဆုံးကြောင်း
သန်းမြင့်(ဘ)ဦးပွဲရှောက်ကျွမ်း ၉/ပဥလ(နိုင်)၀၅၉၈၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၂၈၂၈၆၄

### ပျောက်ဆုံးကြောင်း
သန်းစိုးထိုက်(ဘ)ဦးဝင်းကြိုင် ၁၂/ကတတ(နိုင်)၀၃၀၆၆၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၈၅၆၀၁၂၆၆

### ဖခင်အမည်မှန်
တန့်ယန်းမြို့၊ အလက ကျောင်း၊ နဝမတန်း(A)မှ မောင်အိုက်ဆန်း၏ ဖခင်အမည်မှန်မှာ ဦးစောမောင်မောင်ဖြစ်ပါကြောင်း။
**ဦးစောမောင်မောင်**

### အမည်မှန်
တန့်ယန်းမြို့၊ ရပ်ကွက်(၂)နေ အဘဦးလှဆမ်း၏သမီး အမည်မှန်မှာ မယော့ဂျူးမောမ်းဖြစ်ပါကြောင်း။
**မယော့ဂျူးမောမ်း**

### ဖခင်အမည်မှန်
တန့်ယန်းမြို့၊ အလက ကျောင်း၊ ဆဋ္ဌမတန်း(A)မှ မယော့ဆင်း၏ ဖခင်အမည်မှန်မှာ ဦးစောမောင်မောင်ဖြစ်ပါကြောင်း။
**ဦးစောမောင်မောင်**

### ပျောက်ဆုံးကြောင်း
မြတ်မြင့်မိုရ်ခင်(ဘ)ဦးမျိုးမြတ်ကျော် ၁၂/ဥကတ(နိုင်)၁၇၀၈၅၉ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
သင်းသင်းလှိုင်(ဘ)ဦးသိန်းရွှေ ၈/ပခက(နိုင်)၁၈၉၇၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
မသဇင်ဖူး(ဘ)ဦးဝင်းနိုင် ၅/ကလထ(နိုင်)၂၀၅၆၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၉၅၁၂၂၇၀

### ပျောက်ဆုံးကြောင်း
ဘောမ်ဒိန့်(ဘ)ဦးဒိန့်ဘောမ် ၁/ဝမန(နိုင်)၀၆၆၂၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၅၄၃၆၈၂၂

### ပျောက်ဆုံးကြောင်း
မေဖူးဟန်(ဘ)ဦးလှမြင့်(ခ)အရှိစံ ၇/ညလပ(နိုင်)၁၆၆၈၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
သိန်းစိုး(ဘ)ဦးစိုးတင့် ၁၄/အမန(နိုင်)၁၉၅၆၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 165265)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ဥမ္မာဝင်း(ဘ)ဦးထွန်းကြိုင် ၇/ရတန(နိုင်)၁၀၀၁၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 144590)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် ရန်ကုန်မြို့ရှိ ဆေးသိုလှောင်ရုံများနှင့် နေပြည်တော်ဆေးသိုလှောင်ရုံများမှ ဆေးနှင့်ဆေးပစ္စည်းများ၊ စက်ပစ္စည်းများ၊ ပုံနှိပ်ပစ္စည်းများအား တိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများသို့ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် (၁)နှစ်တာကာလငှားရမ်းလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် သက်တမ်းရှိကုမ္ပဏီများအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက်ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| တင်ဒါအမှတ် | - | Tender.25.Transport(3rd)(2024–2025) |
| တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | - | ၁၈-၂-၂၀၂၅ ရက်နေ့ |
| တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန် | - | ၃-၃-၂၀၂၅ ရက်နေ့၊ မွန်းတည့်(၁၂:၀၀)နာရီ |

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇၃၄၃၁၀၈၅/၀၆၇၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

### ပျောက်ဆုံးကြောင်း
ဝေယျာဝင်းထွန်း(ဘ)ဦးတင်ထွန်း ၁၂/မဂတ(နိုင်)၀၉၀၃၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 682923)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
မောင်အေးသွင်(ဘ)ဦးကံကြည် ၈/တတက(နိုင်)၁၃၈၉၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ငွေးလွင်တင့်(ဘ)ဦးခင်ငွေး ၁၂/သကတ(နိုင်)၁၈၂၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ဇေယျာသီရိ၊ သပြေပင်ရွာနေ မအိဖြူဝင်း(ဘ)ဦးဝင်းဘို ၉/ဇယသ(နိုင်)၀၁၄၈၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MB 633750)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၅၁၀၁၅၃၈

### ပျောက်ဆုံးကြောင်း
ထန်းတပင်မြို့၊ ရွာသစ်ကျေးရွာနေ ကိုအေးမင်းလတ်(ဘ)ဦးမြင့်စိန် ၁၂/ထတပ(နိုင်)၀၇၇၈၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 275880)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၉၇၂၉၉၄၄

### ပျောက်ဆုံးကြောင်း
ပဲခူးတိုင်း၊ ဒိုက်ဦးမြို့နယ်၊ ကျိုက်စကောအနောက်ကျေးရွာနေ မယဉ်ယဉ်အေး(ဘ)ဦးကိုမင်း ၇/ဒဥန(နိုင်)၁၈၃၂၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## ကျောက်စိမ်းရတု မင်္ဂလာဆုတောင်းလွှာ

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ကျည်တောင်ကန်(၁)ရပ်ကွက်နေ ချစ်ဖေဖေ ဦးတင်အောင်ကြည်နှင့် ချစ်မေမေ ဒေါ်နုနုလွင်တို့၏ (၃၅)နှစ်ပြည့်ကျောက်စိမ်းရတု မင်္ဂလာနှစ်ပတ်လည်နေ့မှသည် နောင်မင်္ဂလာရတုပေါင်းများစွာ ချစ်သောသားသမီးများနှင့်အတူ ကျန်းမာပျော်ရွှင်စွာ ဖြတ်သန်းနိုင်ပါစေ။ လောကီ၊ လောကုတ္တရာနှစ်ဖြာသော ကောင်းကျိုးများကို ဆထက်တိုး၍ သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်သောမိသားစုများ

| | | |
|---|---|---|
| ချစ်ညီမ | - | ဒေါ်နုငယ်ထွေး |
| ချစ်သားသမီးများ | | |
| သားကြီး | - | ဦးအောင်ချမ်းမင်း(ထ-၂၀)၊ ဒေါ်ခင်စန်းအေး |
| သားငယ် | - | ဦးမျိုးသီဟကျော်(SAE)အလုံ |
| သမီး | - | ဒေါ်ခိုင်သဇင်ကျော်(အ.မ.က ဆင်တဲကြီး) |
| သားလတ် | - | ဦးနေမျိုးကျော်(B.E ဘုန်းမြင့်မိုဆောက်လုပ်ရေး) |
| သမီး | - | မအိန္ဒြေပြည့်ကျော်(N.S.A ပထမနှစ်) |
| သားထွေး | - | မောင်သီဟဇွဲညီညီ(G-4 အ.ထ.က ကျည်တောင်ကန်) |
| ချစ်မြေးအမြွှာ | - | အေးမြတ်နိုး၊ အေးမြတ်မိုး(G-3) |





သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ


MYAWADDY TRADING LIMITED
ပို့ကုန်
လယ်ယာထွက်သီးနှံ၊ဆန်စပါး၊သကြား၊ရာဘာ၊
ရေထွက်ပစ္စည်း၊နှင့်အခြားပို့ကုန်အမျိုးမျိုး။
သွင်းကုန်
စားအုန်းဆီ၊လူ့အသုံးအဆောင်၊ရေနံနှင့်
ဓာတုပစ္စည်း၊ကတ္တရာ၊ဓာတ်မြေဩဇာ။
Tel: 95-01-8373255,8373265, 8373267, 8373291
Fax:95-01-8373257
E-mail: myawaddytrading@gmail.com


ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက် Ngwepinlae Livestock Breedings & Fisheries Co., Ltd
ငါး/ပုစွန် ပြုပြင်အေးခဲထုတ်လုပ်ခြင်း
(အအေးခန်းစက်ရုံ)
အဆင့်မြင့်ရေထွက်ကုန်ပစ္စည်း
ရောင်းဝယ်ရေးကုမ္ပဏီ
လိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးစက်ရုံ
ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com


"အေးမြကြည်လင် စိတ်ပျော်ရွှင် ကျန်းမာလန်းဆန်း နေပြည်တော်သောက်ရေသန့်အစွမ်း"
NAY PYI TAW
NAYPYITAW
နေပြည်တော်သောက်ရေသန့်စက်ရုံ
ရာဇဌာနီလမ်းမကြီး၊ ပုဗ္ဗသီရိမြို့နယ်၊
ဖုန်း - ၀၉ ၆၇၀၇၀၀၀၀၁၊ ၀၉ ၆၆၆၁၁၈၆၄၆
STARMART Nay Pyi Taw
ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မဂ်လာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄


ရွှေဖီဦး BLACK TEA
(နောင်တရား)ကို
Export Quality အဆင့်မီစွာ
ထုတ်လုပ်ဖြန့်ဖြူး
လျက်ရှိပါသည်။
ရွှေဖီဦး
(ASEAN-OSHNET AWARD) တွင်
BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး
Tea Mix
Lemon Tea
Black Tea
SHWE PHE OO
Lemon Tea
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မဂ်လာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

# နှစ်နိုင်ငံဆက်ဆံရေးအတွက် အလှည့်အပြောင်းနှင့် ထိပ်သီးဆွေးနွေးပွဲတစ်ရပ်အတွက် လမ်းစအဖြစ်ထွက်ပေါ်လာသည့် ပူတင်နှင့် ထရမ့်တို့၏ ဖုန်းမှတစ်ဆင့်ဆွေးနွေးမှု

**နိုင်အောင်**

ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်တို့ကြား ဖုန်းမှတစ်ဆင့် ဆွေးနွေးမှုပြုလုပ်ခဲ့ပြီး နောက် ကမ္ဘာ့အင်အားအကြီးဆုံးနှစ်နိုင်ငံ၏ဆက်ဆံရေး၊ နှစ်နိုင်ငံခေါင်းဆောင်များကြား ဆက်ဆံရေး၊ နေတိုးအဖွဲ့ဝင်နိုင်ငံများ၏ ရပ်တည်ချက်တို့နှင့်စပ်လျဉ်း၍ ပြောဆိုသုံးသပ်မှုများ ထွက်ပေါ်လာခဲ့ကြောင်းတွေ့ရသည်။

ရုရှားသမ္မတ ပူတင်နှင့် ဒေါ်နယ်ထရမ့်သည် ဖေဖော်ဝါရီလ ၁၂ ရက်တွင် ဖုန်းမှတစ်ဆင့် မိနစ် ၉၀ ကျော်ကြာ ပြောဆိုဆွေးနွေးခဲ့ကြပြီး တတိယနိုင်ငံတစ်နိုင်ငံတွင်မကြာမီတွေ့ဆုံရန်သဘောတူညီခဲ့ကြခြင်းကြောင့် ခေါင်းဆောင်နှစ်ဦး၏ အဆိုပါဆွေးနွေးမှုသည် နှစ်နိုင်ငံဆက်ဆံရေးအတွက် အလှည့်အပြောင်းတစ်ရပ်အဖြစ် ထွက်ပေါ်လာခဲ့သည်။

ထို့ပြင် နှစ်နိုင်ငံခေါင်းဆောင်များကြား ဆွေးနွေးမှု၏ နောက်ဆက်တွဲအဖြစ် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ရော့နှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးမားကို့ရူဘီယိုတို့ကလည်း ဖေဖော်ဝါရီလ ၁၅ ရက်တွင် တယ်လီဖုန်းမှတစ်ဆင့် ပြောဆိုခဲ့ကြသည်။ ၎င်းတို့နှစ်ဦး၏ ပြောဆိုဆွေးနွေးမှုတွင် ရုရှား-အမေရိကန်ဆက်ဆံရေးကိုအဟန့်အတားဖြစ်စေသည့်တစ်ဖက်သတ် ပိတ်ဆို့မှုများကိုဖြေလျှော့ပေးနိုင်ရေးကြိုးပမ်းရန် သဘောတူခဲ့ကြသည်။

ထရမ့်နှင့် ပူတင်တို့အနေဖြင့်လည်း ၎င်းတို့ကြား ထိပ်သီးဆွေးနွေးပွဲတစ်ခုကို ဆော်ဒီအာရေဗျနိုင်ငံတွင် ယခုလအတွင်း ကျင်းပနိုင်ဖွယ်ရှိသည်ဟု Bloomberg က ဖော်ပြခဲ့သည်။ အလားတူပင် ရုရှားနှင့် အမေရိကန်ခေါင်းဆောင်များ၏ ထိပ်သီးဆွေးနွေးပွဲ ကျင်းပနိုင်ရေးအတွက် အမေရိကန်မှ အဆင့်မြင့်အရာရှိများသည် မကြာမီ ဆော်ဒီအာရေဗျနိုင်ငံသို့ သွားရောက်မည်ဖြစ်သည်ဟု Politico က ဆက်လက်ဖော်ပြခဲ့သည်။



၎င်းအခြေအနေများသည် ပူတင်နှင့် ထရမ့်တို့ကြားပြုလုပ်ခဲ့သည့် တယ်လီဖုန်းမှတစ်ဆင့် ဆွေးနွေးမှုမှထွက်ပေါ်လာသည့် ရလဒ်များဖြစ်သည်။ ခေါင်းဆောင်နှစ်ဦးအကြားလုပ်ဆောင်ခဲ့သည့် ဖုန်းမှတစ်ဆင့်ဆွေးနွေးမှုသည် ၂၀၂၂ ခုနှစ်မှစ၍ အမေရိကန်နှင့် ရုရှားနှစ်နိုင်ငံကြား ပထမဆုံးအကြိမ်အဖြစ် လုပ်ဆောင်ခဲ့သည့်ဆွေးနွေးမှုဖြစ်သည်။ ဖုန်းမှတစ်ဆင့် လုပ်ဆောင်ခဲ့သော နှစ်နိုင်ငံခေါင်းဆောင်များ၏ဆွေးနွေးပွဲ၌ အဓိကထား ဆွေးနွေးခဲ့သည့်ကိစ္စရပ်များတွင် လက်ရှိဆက်လက်ဖြစ်ပွားနေသည့် ယူကရိန်းပဋိပက္ခအား အဆုံးသတ်နိုင်ရေးပင်ဖြစ်သည်။ ထိုသို့အဆုံးသတ်နိုင်ရေးအတွက် အမေရိကန်အနေဖြင့် ရုရှားနှင့် ပြန်လည်ထိတွေ့ဆက်ဆံရန် အတွက် နည်းလမ်းရှာခဲ့ခြင်းလည်းဖြစ်သည်။

ရုရှားနှင့် အမေရိကန်တို့ကြား ဆက်ဆံရေးကို ပြန်ကြည့်မည်ဆိုပါက ရုရှားအစိုးရက ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် ယူကရိန်း၌အထူးစစ်ဆင်ရေးစတင်ပြီးနောက်ယိုယွင်းလာခြင်းဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။ စင်စစ်တွင် ယင်းအချိန်က အမေရိကန်သမ္မတအဖြစ် တာဝန်ထမ်းဆောင်နေသည့် ဂျိုးဘိုင်ဒင်မှာ ရုရှားနိုင်ငံအား အဆက်အသွယ်ဖြတ်တောက်ခဲ့ခြင်းဖြစ်ပြီး ပဋိပက္ခအား ငြိမ်းချမ်းစွာဖြေရှင်းနိုင်ရေး၊ တစ်နည်းအားဖြင့် နိုင်ငံရေးအရဖြေရှင်းနိုင်ရေး ကြိုးပမ်းခဲ့ခြင်းမပြုခဲ့သည့်အပြင် ယူကရိန်းနိုင်ငံအား နေတိုးအဖွဲ့ဝင်အဖြစ်ဝင်လာရေးကိုသာ မျက်စိစုံမှိတ်၍ အားပေးထောက်ခံခဲ့သည်။

တစ်နည်းအားဖြင့် ယခင်အမေရိကန်အစိုးရသည်ရုရှားနိုင်ငံအားအပြစ်ပေးသည့်အနေဖြင့် နှစ်နိုင်ငံအစိုးရကြား တွေ့ဆုံဆွေးနွေးမှုအားလုံးကို ဖြတ်တောက်ပစ်ခဲ့ခြင်းဖြစ်ကြောင်း အချို့က ထောက်ပြခဲ့ကြသည်။ ထို့ပြင် ဂျိုးဘိုင်ဒင်အစိုးရသည် ယူကရိန်းအပေါ်ထောက်ခံမှုကို ပိုမိုပြသနိုင်ရန်အတွက် ယူကရိန်းပဋိပက္ခဖြစ်ပွားချိန်မှစ၍ ဒေါ်လာဘီလီယံပေါင်းများစွာကို ယူကရိန်းသို့ပေးအပ်ခဲ့ရာမှ ပဋိပက္ခမှာ ယနေ့တိုင်အဆုံးမသတ်နိုင်ဘဲဖြစ်လာခဲ့ရခြင်းဖြစ်သည်။

ယင်းအချက်ကို ထရမ့်က ကောင်းစွာသဘောပေါက်ထားသည်ကို တွေ့ရသည်။ ထို့အတွက်ကြောင့်ပင် ဒုတိယမြောက်သက်တမ်း ထမ်းဆောင်ပြီးမကြာမီအချိန်အတွင်းမှာပင်ယူကရိန်းပဋိပက္ခအဆုံးသတ်နိုင်ရေးအတွက်ကြိုးပမ်းလာခြင်းဖြစ်သည်။

ဂျိုးဘိုင်ဒင်အစိုးရက ယူကရိန်းအား နေတိုးအဖွဲ့ဝင် ဖြစ်လာမည်ဟူသော မက်လုံးပေးပြောဆိုမှုများသည် ယူကရိန်းပဋိပက္ခကို စတင်လာစေရန်လှုံ့ဆော်ပေးခဲ့ခြင်းဖြစ်ပြီး ယင်းအချိန်တွင် မိမိသာ သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့မည်ဆိုပါက ယူကရိန်းပဋိပက္ခမှာ လုံးဝဖြစ်ပွားစရာမရှိဟု ထရမ့်က ထောက်ပြခဲ့ခြင်းလည်းဖြစ်သည်။

အကြောင်းမှာ ယူကရိန်းအား နေတိုးအဖွဲ့ဝင်နိုင်ငံဖြစ်လာမည်ကို ရုရှားက မည်သည့်နည်းနှင့်မျှ လက်ခံနိုင်မည်မဟုတ်ကြောင်းကို ထရမ့်က သဘောပေါက်ထားသည်။ ထို့ပြင် ယူကရိန်းနိုင်ငံအား နေတိုးအဖွဲ့ဝင်အဖြစ် ပါဝင်လာခြင်းကိုလည်း ထရမ့်ဦးဆောင်သည့် အမေရိကန်အစိုးရအဖွဲ့က လက်ခံလိုခြင်းမရှိကြောင်းကို အရိပ်အမြွက်ပြောကြားခဲ့ပြီးဖြစ်သည်။

ယခင် ဂျိုးဘိုင်ဒင်လက်ထက်တွင် အမေရိကန်နှင့် အနောက်ဥရောပအင်အားကြီးနိုင်ငံများက ယူကရိန်းသို့ လက်နက်နှင့်ငွေကြေးအထောက်အပံ့များစွာပေးအပ်ခဲ့သော်လည်း ယခုအခါ ထရမ့်အစိုးရအနေဖြင့် အခြေအနေကိုထိန်းထိန်းသိမ်းသိမ်း လုပ်ဆောင်ရန် ဆုံးဖြတ်ခဲ့ပြီဖြစ်သည်။

အကြောင်းမှာ အမေရိကန်က ဥရောပမဟာမိတ်နိုင်ငံများနှင့်အတူ ယူကရိန်းနိုင်ငံသို့ စစ်ရေးအကူအညီများပေးအပ်ခြင်းသည် လက်နက်ကိုင်ပဋိပက္ခကိုသာ ပိုမိုရှည်ကြာစေခဲ့ကြောင်းကို လက်တွေ့တွေ့မြင်ခဲ့ရပြီးဖြစ်သည်။ ထို့ကြောင့် ထရမ့်က နိုင်ငံရေးနည်းလမ်းဖြင့်သာ ယူကရိန်းပဋိပက္ခကို အဆုံးသတ်နိုင်ရေး အားထုတ်လာခြင်းလည်းဖြစ်သည်။

အခြားတစ်ချက်မှာ ထရမ့်သည် စီးပွားရေးသမားတစ်ဦးဖြစ်သည်နှင့်အညီ အမေရိကန်က ဒေါ်လာဘီလီယံနှင့်ချီသည့်ငွေကြေးများကို အမေရိကန်၏ အကျိုးစီးပွားကို အထောက်အကူမပြုသည့် အခြားနိုင်ငံတစ်နိုင်ငံသို့ပေးအပ်ရန် တွန့်ဆုတ်လာခြင်းဖြစ်သည်။ အကြောင်းမှာ ယူကရိန်းတွင် အမေရိကန်၏အကျိုးစီးပွားမရှိသောကြောင့်ယင်းနိုင်ငံအား ငွေကြေးနှင့် စစ်ရေးအကူအညီများ ပေးအပ်နေရခြင်းသည် ဘီလီယံပေါင်းများစွာတန်ဖိုးရှိ အမေရိကန်ပြည်သူများ၏ အခွန်ဘဏ္ဍာများကို အချည်းနှီးဖြုန်းတီးနေခြင်းဖြစ်သည်ဟု ရှုမြင်ထားခြင်းကြောင့်ဖြစ်သည်။

အမေရိကန်တွင် ထရမ့်သမ္မတအဖြစ် တက်ရောက်လာခြင်းသည် ယင်းနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒတွင် ကြီးမားသည့် အပြောင်းအလဲများကို ဖြစ်ပေါ်စေခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ သမ္မတအဖြစ် တက်မလာမီကတည်းကပင်နေတိုးအဖွဲ့ဝင်နိုင်ငံများ၏ စစ်အသုံးစရိတ်ထည့်ဝင်မှုနှင့်စပ်လျဉ်း၍ ထရမ့်က ဝေဖန်ပြောကြားခဲ့သည့်အပြင် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ၎င်းတို့၏ ဂျီဒီပီနှင့်အညီ နေတိုးအဖွဲ့၏ ကာကွယ်ရေးအသုံးစရိတ်အတွက် အချိုးကျထည့်ဝင်ရန် တိုက်တွန်းခဲ့သည်။

ထို့ပြင် ထရမ့်သည် ယိုယွင်းခဲ့ရသည့် ရုရှားနှင့်ဆက်ဆံရေးကိုပြန်လည်တည့်မတ်စေရန်အတွက် ယခုကဲ့သို့ သမ္မတပူတင်နှင့် အချိန်ကြာမြင့်စွာ ပြောဆိုဆွေးနွေးခဲ့သည့်အပြင် လူချင်းတွေ့ဆုံရန်အတွက်လည်း သဘောတူခဲ့ဖွယ်ရှိသည်ဟု အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦးဖြစ်သူ ဒေးဗစ်ပိုင်းက သုံးသပ်ပြောဆိုထားသည်။

ထိုသို့သော အကြောင်းရင်းကြောင့် ထရမ့်က ရုရှားနှင့်စေ့စပ်ဆွေးနွေးရေးကို ဦးဆောင်ရန်အတွက် ရုရှားနိုင်ငံဆိုင်ရာ အမေရိကန်အထူးသံတမန် ကိကယ်လော့အစား နိုင်ငံခြားရေးဝန်ကြီး မားကို့ရူဘီယိုကို ဦးဆောင်စေခဲ့ခြင်းဖြစ်သည်ဟု ပြောဆိုချက်များလည်းထွက်ပေါ်လာလျက်ရှိသည်။ ထို့ကြောင့် ဗလာဒီမာပူတင်နှင့် ဒေါ်နယ်ထရမ့်တို့ကြား မျက်နှာချင်းဆိုင်တွေ့ဆုံဆွေးနွေးနိုင်မည့် ထိပ်သီးဆွေးနွေးပွဲတစ်ရပ်ကို အမြန်ဆုံးကျင်းပနိုင်ခြင်းသည် နှစ်နိုင်ငံကြားဆက်ဆံရေးကို ပြန်လည်ကောင်းမွန်လာစေနိုင်သည့်အပြင် ရုရှားနိုင်ငံအတွက်လည်း ဥရောပနိုင်ငံများက ရုရှားအပေါ်ဆင်နွှဲနေသည့် ကိုယ်စားစစ်ပွဲတွင် အနိုင်ရရှိစေရန်အတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

Ref: RT,Tass

# ရုရှားနှင့်အမေရိကန်တို့က ငြိမ်းချမ်းရေးကိုသာ အာရုံစိုက်လုပ်ဆောင်မည်ဖြစ်ပြီး ရုရှားသို့ ထရမ့် အချိန်မရွေးလာရောက်လည်ပတ်နိုင်ဟု ပက်စကော့ပြော



**မော်စကို၊ နိုင်ငံရေး**

ရုရှားနှင့်အမေရိကန်တို့အနေဖြင့် ယခုအချိန်မှစ၍ ငြိမ်းချမ်းရေးကိုသာ အာရုံစိုက်လုပ်ဆောင်မည်ဖြစ်ကြောင်း ရုရှားအစိုးရအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့က ဖေဖော်ဝါရီလ ၁၆ ရက်တွင် ပြောသည်။

ရုရှားနှင့် အမေရိကန်သမ္မတတို့ကြား မကြာမီကလုပ်ဆောင်ခဲ့သည့် ဖုန်းမှတစ်ဆင့် ဆွေးနွေးမှုများကြောင့် နှစ်နိုင်ငံစလုံးအနေဖြင့် ပြဿနာများကိုတွေ့ဆုံဆွေးနွေးခြင်းအားဖြင့်သာ ဖြေရှင်းရန်ကြိုးပမ်းမည်ဖြစ်ပြီး ယခုအချိန်မှစ၍ စစ်ပွဲအကြောင်းကို ပြောဆိုဆွေးနွေးမည်မဟုတ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

ရုရှားနိုင်ငံသည် ယခင်အမေရိကန်အစိုးရအဖွဲ့နှင့် ထိတွေ့ဆက်ဆံနိုင်ခဲ့ခြင်းမရှိကြောင်း၊ သို့သော် လက်ရှိ သမ္မတဒေါ်နယ်ထရမ့်၏ရှုမြင်မှုများသည် အကျိုးသင့်၊ အကြောင်းသင့် တွေးခေါ်နိုင်သူများ၏ စိတ်ကိုဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း ပက်စကော့က ရုပ်သံတစ်ခုနှင့်ပြုလုပ်သည့် တွေ့ဆုံမေးမြန်းခန်းတစ်ခု၌ ပြောကြားခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့သည် ဖေဖော်ဝါရီလ ၁၂ ရက်တွင် ဖုန်းမှတစ်ဆင့် ပြောဆိုခဲ့ကြပြီး ယူကရိန်းအရေးအဆုံးသတ်နိုင်ရန်အတွက် လုပ်ဆောင်ရန် သဘောတူညီခဲ့ကြသည်။

ထို့ပြင် အမေရိကန်သမ္မတထရမ့်အနေဖြင့်လည်း နှစ်နိုင်ငံစလုံးက အပြန်အလှန် သဘောတူညီထားသည့်အတိုင်း ရုရှားနိုင်ငံသို့ အချိန်မရွေးလာရောက်လည်ပတ်နိုင်သည်ဟု ပက်စကော့က ဆက်လက်ပြောကြားခဲ့ကြောင်း သိရသည်။

Ref: Ivt, Xinhua

## နယူးဒေလီမြို့ရှိ ဘူတာရုံတွင် မီးရထားပေါ် ခရီးသည်များ အလုအယက်တက်ရောက်မှုကြောင့် အနည်းဆုံး လူ ၁၈ ဦးသေဆုံး




နယူးဒေလီ၊ မတော်တဆမှု

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တော်ရှိ မီးရထားဘူတာရုံတစ်ခုတွင် မီးရထားများအပေါ် ခရီးသည်များ အလုအယက်တက်ရောက်ရာမှ လူအုပ်ပိမှုကြောင့် အနည်းဆုံး လူ ၁၈ ဦး သေဆုံးပြီး ၁၅ ဦးဒဏ်ရာရရှိသွားကြောင်း NDTV ရုပ်သံက ဖေဖော်ဝါရီလ ၁၆ ရက်တွင်ဖော်ပြသည်။

အဆိုပါမတော်တဆမှုသည် မြို့တော်ရှိ ပင်မဘူတာရုံတွင် ဖေဖော်ဝါရီလ ၁၅ ရက်ည စနာရီခန့်က ဖြစ်ပွားခြင်းဖြစ်ပြီး နိုင်ငံမြောက်ပိုင်းတွင် ကျင်းပမည့် ဘာသာရေးပွဲတော်သို့သွားရောက်ရန် ခရီးသည်ထောင်ပေါင်းများစွာက ပရာယက်ရက်အမြန်ရထားပေါ်သို့အလုအယက်တိုးကြိတ်၍ တက်ရောက်ရန်ကြိုးပမ်းရာမှ လူအုပ်ပြိုကျခဲ့ခြင်းဖြစ်သည်။

မတော်တဆမှုဖြစ်ပွားချိန်တွင် အခြားခရီးသည်တင်မီးရထားနှစ်စင်းမှာ ဘူတာရုံသို့ အချိန်မီရောက်မလာဘဲ ကြန့်ကြာခဲ့ခြင်းကြောင့် ခရီးသည်များက ရောက်ရှိလာသည့် မီးရထားတစ်စင်းပေါ်သို့သာ အလုအယက်တိုးဝှေ့တက်ရောက်ရာမှ လူအုပ်ပြိုကျမှုဖြစ်ပွားရခြင်းဖြစ်ကြောင်း သိရသည်။

ဒဏ်ရာရရှိသူများအနက်တွင် ခြောက်ဦးမှာ အမျိုးသမီးများဖြစ်ပြီး ကိုးဦးမှာ အမျိုးသားများဖြစ်သည်။ လက်ရှိတွင် အခြေအနေအရပ်ရပ်ကို ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း မီးရထားဝန်ကြီး အက်ရှဝီနီ ဗိုင်းရှနောက အတည်ပြုခဲ့ကြောင်းသိရသည်။

Ref: RT, Ivt

## ကမ္ဘာပေါ်တွင် နှစ်အရှည်ကြာဆုံး လက်ထပ်ထိမ်းမြားသူ ဇနီးမောင်နှံအဖြစ် ဘရာဇီးမှ အသက် ၁၀၀ ကျော်အရွယ် အဘိုးအိုဇနီးမောင်နှံက စံချိန်တင်

ဘရာဇီးလျား၊ ထူးခြားဆန်းပြား

ဘရာဇီးနိုင်ငံမှ အသက် ၁၀၀ ကျော်အရွယ်ရှိ အဘိုးအိုဇနီးမောင်နှံသည် ကမ္ဘာပေါ်တွင် နှစ်အရှည်ကြာဆုံး လက်ထပ်ထိမ်းမြားသူဇနီးမောင်နှံအဖြစ် ဂင်းနစ်စံချိန်တင်နိုင်ခဲ့ကြောင်း သိရသည်။

မန်နီအယ်အိန်ဂျဲလင်ဒီနိုအမည်ရှိ အဘိုးအိုသည် အသက် ၁၀၅ နှစ်ရှိပြီး ၎င်း၏ဇနီးဖြစ်သူ မာရီယာ ဒီ ဆူဇာဒီနိုမှာမူ အသက် ၁၀၁ နှစ်ရှိပြီးဖြစ်သည်။ ၎င်းတို့နှစ်ဦးသည် ၁၉၄၀ ပြည့်နှစ်တွင် လက်ထပ်ထိမ်းမြားခဲ့ကြသည်။ ယခုအခါ ၎င်းတို့ ထိမ်းမြားခဲ့သည့် သက်တမ်းသည် ၈၄ နှစ်နှင့် နှစ်လကျော်လာခဲ့ပြီဖြစ်သည်။ ထို့ကြောင့် ဂင်းနစ်စံချိန်အဖွဲ့က ၎င်းတို့နှစ်ဦးအား နှစ်အရှည်ကြာဆုံး လက်ထပ်ထိမ်းမြားသူဇနီးမောင်နှံအဖြစ် မှတ်တမ်းတင်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

မန်နီအယ်အိန်ဂျဲလင်ဒီနိုနှင့် မာရီယာ ဒီ ဆူဇာဒီနိုတို့သည် ၁၉၃၆ ခုနှစ်တွင် တွေ့ဆုံခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် ၎င်းတို့၌ သား၊ သမီး ၁၃ ဦး၊ မြေး ၅၅ ဦး၊ မြစ် ၅၄ ဦးနှင့် တီ ၁၂ ဦး ရှိကြောင်းသိရသည်။

ယခင်က နှစ်အရှည်ကြာဆုံး လက်ထပ်ထိမ်းမြားသူဇနီးမောင်နှံအဖြစ် စံချိန်တင်ထားနိုင်ခဲ့သူများမှာ ဒေးဗစ် ဂျက်ကော့ဟေးလားနှင့် ဆာရာ ဒေဗီ ဟေးလားတို့ဖြစ်ပြီး ၎င်းတို့သည် ၁၈၀၉ ခုနှစ်တွင် ကနေဒါနိုင်ငံ၌ လက်ထပ်ခဲ့ကြောင်းသိရသည်။

Ref: Lgv, Ui



## အာဖဂန်နစ္စတန်နိုင်ငံရှိ ဝန်ကြီးဌာနတိုက်ခိုက်ခံရမှုက ၎င်းတို့လက်ချက်ဖြစ်ဟု IS စစ်သွေးကြွအဖွဲ့ပြော



ကဘူး၊ အကြမ်းဖက်တိုက်ခိုက်မှု

အာဖဂန်နစ္စတန်နိုင်ငံရှိ ဝန်ကြီးဌာနတစ်ခုအား အသေခံဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းသည် ၎င်းတို့၏ လက်ချက်ဖြစ်သည်ဟု IS စစ်သွေးကြွအဖွဲ့က ထုတ်ဖော်ပြောကြားခဲ့ကြောင်းသိရသည်။

IS စစ်သွေးကြွအဖွဲ့မှ အသေခံဗုံးခွဲသူများသည် ကဘူးမြို့တော်ရှိ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် အိမ်ရာဝန်ကြီးဌာနအတွင်းသို့ ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက ဝင်ရောက်ရန်ကြိုးပမ်းရာ အစောင့်များက ပစ်ခတ်တိုက်ခိုက်ခဲ့ရာမှ စစ်သွေးကြွများက အသေခံဗုံးခွဲ၍ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ယင်းတိုက်ခိုက်မှုအတွင်း လူတစ်ဦးသေဆုံးပြီး အနည်းဆုံး သုံးဦးဒဏ်ရာရရှိသွားကြောင်းသိရသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် တာလီဘန်အဖွဲ့ အာဏာရလာပြီးနောက် နိုင်ငံအတွင်း၌ အကြမ်းဖက်မှုများမြင့်တက်လာပြီး IS စစ်သွေးကြွအဖွဲ့က နိုင်ငံအတွင်း၌ ပစ်ခတ်တိုက်ခိုက်မှုနှင့် ဗုံးခွဲတိုက်ခိုက်မှုများ မကြာခဏလုပ်ဆောင်ပြီး တာလီဘန်အစိုးရ၏အုပ်ချုပ်မှုကို စိန်ခေါ်လျက်ရှိသည်။

ထို့ပြင် ဖေဖော်ဝါရီလ ၁၂ ရက်ကလည်း အာဖဂန်နစ္စတန်နိုင်ငံအတွင်းရှိ ဘဏ်တစ်ခုအား IS စစ်သွေးကြွအဖွဲ့က တိုက်ခိုက်ခဲ့ရာ အနည်းဆုံး လူရှစ်ဦးသေဆုံးခဲ့ကြောင်းသိရသည်။

Ref: ST

### နိုင်ငံတကာသတင်းတိုကဏ္ဍ

## ယူကရိန်းနိုင်ငံဆိုင်ရာ ဥရောပထိပ်သီးဆွေးနွေးပွဲကို အိမ်ရှင်အဖြစ် ပြင်သစ်ကလက်ခံကျင်းပမည်

ပြင်သစ်နိုင်ငံအနေဖြင့် ယူကရိန်းနိုင်ငံဆိုင်ရာ ဥရောပထိပ်သီးဆွေးနွေးပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း ယင်းနိုင်ငံက ဖေဖော်ဝါရီလ ၁၆ ရက်တွင် ထုတ်ပြန်သည်။

ဥရောပထိပ်သီးဆွေးနွေးပွဲကို ဖေဖော်ဝါရီလ ၁၇ ရက်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး ယင်းဆွေးနွေးပွဲ၌ ယူကရိန်းပဋိပက္ခနှင့် ဥရောပလုံခြုံရေးစသည့် အရေးကိစ္စရပ်များကို ဆွေးနွေးမည်ဖြစ်ကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ယင်းနိုဝယ်ဘာရော့က ပြင်သစ်ရေဒီယိုသို့ ပြောကြားခြင်းဖြစ်သည်။

ပြင်သစ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဥရောပထိပ်သီးဆွေးနွေးပွဲသည် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ယူကရိန်းအရေးနှင့်စပ်လျဉ်း၍ တစ်ဖက်သတ်ချဉ်းကပ်မှုဖြင့် လုပ်ဆောင်နေမှုအပေါ် ဥရောပနိုင်ငံများက တုံ့ပြန်ရန်ကြိုးပမ်းမှုတစ်ရပ်ဖြစ်ကြောင်းသိရသည်။

Ref: ST

## ဂျပန်နိုင်ငံ မြောက်ဖျားပိုင်းတွင် ငါးဖမ်းသင်္ဘောတစ်စင်းနစ်မြုပ်၊ နှစ်ဦးပျောက်ဆုံး

ဂျပန်နိုင်ငံ မြောက်ဖျားပိုင်းရှိ ဟော့ကိုင်းဒိုးကျွန်းကမ်းလွန်တွင် ဖေဖော်ဝါရီလ ၁၆ ရက်က ငါးဖမ်းသင်္ဘောတစ်စင်းနစ်မြုပ်သွားရာ အမှုထမ်းနှစ်ဦး ပျောက်ဆုံးလျက်ရှိကြောင်း ဒေသတွင်း မီဒီယာတစ်ခုက ဖော်ပြသည်။

အဆိုပါငါးဖမ်းသင်္ဘောသည် တိုမာမေမြို့ ကမ်းလွန်တွင် ဒေသစံတော်ချိန် ညနေ ၄ နာရီခန့်က နစ်မြုပ်ခြင်းဖြစ်ပြီး ယင်းသင်္ဘောပေါ်တွင် အမှုထမ်း ငါးဦးလိုက်ပါလာခဲ့ကြောင်း NHK သတင်းဌာနကထုတ်ပြန်သည်။

၎င်းတို့အနက် သင်္ဘောရေယာဉ်မှူးနှင့် အခြားအမှုထမ်းနှစ်ဦးကို အနီးနားရှိ သင်္ဘောတစ်စင်းက ကယ်ဆယ်နိုင်ခဲ့သော်လည်း အသက် ၂၉ နှစ်အရွယ်နှင့် အသက် ၄၈ နှစ်အရွယ် အမှုထမ်းနှစ်ဦးမှာ ပျောက်ဆုံးလျက်ရှိကြောင်းသိရသည်။

ယခုအခါ ပျောက်ဆုံးနေသူများအား ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့က လိုက်လံရှာဖွေလျက်ရှိသည်။

Ref: Xinhua

# ပခုက္ကူမြို့၊ ကွက်သစ်ရပ်ကွက်ရှိ အလှူရှင်နေအိမ်၌ ချက်ပြုတ်ရေးလုပ်ငန်းများ ဝိုင်းဝန်းလုပ်ဆောင်နေသူများအား PDF အမည်ခံအကြမ်းဖက်အဖွဲ့များက အကြောင်းမဲ့ပစ်ခတ်သတ်ဖြတ်



အကြမ်းဖက်လုပ်ရပ်များအား အားပေး ထောက်ခံခြင်းမရှိကြောင်း အကြောင်းပြကာ PDF အမည်ခံအကြမ်းဖက်အဖွဲ့များက

ပခုက္ကူမြို့၊ ကွက်သစ်ရပ်ကွက်ရှိ အလှူရှင် နေအိမ်၌ ချက်ပြုတ်ရေးလုပ်ငန်း များ ဝိုင်းဝန်းလုပ်ဆောင်နေသူများအား PDF အမည်ခံအကြမ်းဖက်အဖွဲ့များက အကြောင်းမဲ့ပစ်ခတ်သတ်ဖြတ်ခဲ့သဖြင့် ဒေသခံပြည်သူ ၁ ဦး သေဆုံးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

PDF အမည်ခံအကြမ်းဖက်သမားများ အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိမြို့နယ်အချို့တွင် အပြစ်မဲ့အရပ်သား ပြည်သူများအား ပြည်သူလူထုအတွင်း အကြောက်တရားလွှမ်းမိုးစေရန်အတွက် ၎င်းတို့နှင့်အယူအဆအမြင်မတူသူများအား "သူလျှို၊ သတင်းပေး၊ ဒလန်" ဟုစွပ်စွဲ၍လည်းကောင်း၊ "ငါနှင့်မတူငါ့ရန်သူ" ဟူသည့် တစ်ဖက်သတ်အစွန်းရောက်ဂိုဏ်းဂဏစွဲ အပေါ်အခြေခံကာ လက်နက်ကိုင် အကြမ်းဖက်သမားများက တုတ်၊ ဓား၊ သေနတ်များ အသုံးပြုကာ ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခြင်းများအား တရားဥပဒေမဲ့ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရသည်။

ထိုကဲ့သို့ လုပ်ဆောင်နေခြင်းများရှိရာ ဖေဖော်ဝါရီလ ၁၅ ရက်နေ့ နံနက် ၁၁ နာရီခန့်တွင် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ ကွက်သစ်ရပ်ကွက်ရှိ အလှူရှင် ဦးစည်သူထွန်း နေအိမ်၌ ချက်ပြုတ်ရေးလုပ်ငန်းများ ဝိုင်းဝန်းလုပ်ဆောင်နေသူများအား ၎င်းတို့၏ လက်နက်ငယ်ကိုယ်စီကိုင်ဆောင်၍ဆိုင်ကယ် ၅ စီးဖြင့် လာရောက်ပစ်ခတ်ခဲ့သဖြင့် မောင်ဖိုးခွား အသက် ၁၄ နှစ်မှာ သေဆုံးခဲ့ပြီး မောင်ကျော်မိုး အသက် ၆ နှစ်အရွယ် ကလေးငယ် ၁ ဦးအပါအဝင်ဒေသခံပြည်သူ ၂ ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရှိရသည်။




ပခုက္ကူမြို့၊ ကွက်သစ်ရပ်ကွက်ရှိ အလှူရှင်နေအိမ်၌ ချက်ပြုတ်ရေးလုပ်ငန်းများ ဝိုင်းဝန်းလုပ်ဆောင်နေသူများအား PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက အကြောင်းမဲ့ပစ်ခတ်သတ်ဖြတ်ခဲ့သဖြင့် ဒေသခံပြည်သူ ၂ ဦး ဒဏ်ရာရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

အဆိုပါ သေဆုံး/ထိခိုက်ဒဏ်ရာရရှိသူများအား ပခုက္ကူမြို့ရှိ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သည့် ဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ လူမဆန်စွာ ရက်စက်ယုတ်မာ ရိုင်းစိုင်းသောလုပ်ရပ်ကို လုပ်ဆောင်ခဲ့သည့် PDF အမည်ခံအကြမ်းဖက်သမားများကို အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ၎င်းကျေးရွာနှင့် ပတ်ဝန်းကျင်အား ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(၁၀၀)

**ပခုက္ကူမြို့၊ ကွက်သစ်ရပ်ကွက်ရှိ အလှူရှင်နေအိမ်၌ ချက်ပြုတ်ရေးလုပ်ငန်းများ ဝိုင်းဝန်းလုပ်ဆောင်နေသူများအား PDF အမည်ခံအကြမ်းဖက်အဖွဲ့များက အကြောင်းမဲ့ပစ်ခတ်သတ်ဖြတ်ခဲ့သည့် နေရာပြပုံ။**




# ပြည်မြို့နယ်ရှိ ရွှေကြို့ပင်ကျေးရွာ၌ ၄၀၀ ဗို့ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ပြည် ဖေဖော်ဝါရီ ၁၆**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရွှေကြို့ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရရှိငွေမှ သုံးစွဲခွင့်ရှိသောငွေဖြင့် ကျေးရွာတွင်း ၄၀၀ ဗို့ဓာတ်အားလိုင်းသွယ်တန်းခြင်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေမှု အခြေအနေများကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးငွေဖော်နှင့် ဝန်ထမ်းများက ကျေးရွာလုပ်ငန်း အကောင်အထည်ဖော်ရေးကော်မတီဝင်များနှင့်အတူ ရွှေကြို့ပင်ကျေးရွာ၌ ကျေးရွာတွင်း ၄၀၀ ဗို့ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးနေမှုအခြေအနေများ၊ ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ပြည်မြို့နယ် ရွှေကြို့ပင်ကျေးရွာ၌ ကျေးရွာတွင်း ၄၀၀ ဗို့ဓာတ်အားလိုင်း ပေ ၁၀၈၀ သွယ်တန်းခြင်းလုပ်ငန်း၊ တစ်နာရီလျှင် ရေသန့်ဂါလန် ၂၀၀ ကျော်ထွက်ရှိသည့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရရှိငွေမှ သုံးစွဲခွင့်ရှိသော ငွေကျပ် သိန်း ၁၄၀ ဖြင့် ပြည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးကူညီမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇန်နဝါရီလပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ချိုလေး**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
| --- | --- | --- | --- |
| နေပြည်တော် | ၁၈˚C | / | ၃၃˚C |
| ရန်ကုန် | ၂၀˚C | / | ၃၅˚C |
| မန္တလေး | ၂၀˚C | / | ၃၃˚C |

**လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ**

**အဖိုးတန်ရေချိုကို ချွေတာကြပါစို့**

# ကျောက်မီးသွေးများအား ပြည်ပမှတင်သွင်းခွင့်ပြုမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ပြည်တွင်းရှိ စက်ရုံများ၏ ကုန်ထုတ်လုပ်မှုများတိုးမြှင့်ဆောင်ရွက်နိုင်ရန်နှင့် ဘိလပ်မြေစက်ရုံများ စဉ်ဆက်မပြတ်ကုန်ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သော စက်မှုကုန်ကြမ်းဖြစ်သည့် ကျောက်မီးသွေးများအား ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလမှ စတင်၍ ပြည်ပမှတင်သွင်းခွင့်ပြုပေးမည်ဖြစ်ကြောင်းနှင့် လိုအပ်သောဘိလပ်မြေစက်ရုံများအနေဖြင့် သွင်းကုန်လိုင်စင်များလျှောက်ထားနိုင်ပါကြောင်း သတင်းရရှိသည်။

(၅၀၀)

**○ ကျောဖုံးမှအဆက်**

အဆုံးသတ်နိုင်ခြင်းမရှိသေးပေ။ ဟံသာဝတီယူနိုက်တက်အသင်းမှာ နှစ်ပွဲဆက်တိုက် နိုင်ပွဲပျောက်ဆုံးခဲ့ပြီး ဒုတိယနေရာအတွက် ဖိအားဝင်ခဲ့ရသည်။

နှစ်သင်းစလုံး အမာခံကစားသမားအများစုဖြင့် ပွဲထွက်လာပြီး ပွဲစကတည်းက တိုက်စစ်အားပြုကစားခဲ့သည်။ နှစ်သင်းစလုံး ဂိုးသွင်းခွင့်များရသော်လည်း အဆုံးသတ်အားနည်းမှုကြောင့် ဂိုးမရှိသရေကျခဲ့ခြင်းဖြစ်သည်။

ယခုပွဲအတွက် အကောင်းဆုံးဆုကို အား/ကာသိပွဲအသင်းဂိုးသမား ချစ်မင်းထွေးက ရရှိသည်။ ယခုပွဲအပြီးတွင် ဟံသာဝတီယူနိုက်တက်အသင်းက ၄၁ မှတ်၊ အား/ကာသိပွဲအသင်းက ၂၉ မှတ် ရရှိထားသည်။

ပွဲစဉ် (၂၀) စတုတ္ထနေ့ကို ဖေဖော်ဝါရီလ ၁၇ ရက် **(ယနေ့)**တွင်ဆက်လက်ကျင်းပမည်ဖြစ်ပြီး တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့်ရခိုင်ယူနိုက်တက်အသင်း၊ သုဝဏ္ဏကွင်း၌ ရှေ့ဝတီယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ရဲရင့်လွင်**

**ဓာတ်ပုံ-MNL**

❖ ပညာရေးအခြေခံမကောင်းပါက မိမိအတွက်သော်လည်းကောင်း၊ မိမိဘဝ၊ မိမိမိသားစုဘဝနှင့် မိမိပတ်ဝန်းကျင်၊ တိုင်းပြည်နှင့်လူမျိုးကိုဖွံ့ဖြိုးတိုးတက်အောင်လုပ်ရန်မဖြစ်နိုင်. . .

❖ ထို့ကြောင့် အခြေခံပညာကဏ္ဍတွင် လူငယ်လူရွယ်အားလုံး၊ ကျောင်းနေရမည့်အရွယ်အားလုံးကျောင်းနေနိုင်ရေးနှင့် ပညာကိုဆုံးခန်းတိုင်သင်ယူနိုင်ရေးသည် အလွန်အရေးကြီး . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့တွင်ပြုလုပ်သော ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား တွေ့ဆုံဩဝါဒစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၃၁ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့



မြဝတီမြို့-ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေများသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့်ဆောင်ရွက်စဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၁၆

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် တရားမဝင်အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများကို ထိထိရောက်ရောက် နှိမ်နင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီမြို့-ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေများသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် ပြည်ပနိုင်ငံသား ၂၃၁ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့

**စာမျက်နှာ ၂၂ ကော်လံ ၁** ■

## ပခုက္ကူမြို့၊ ကွက်သစ်ရပ်ကွက်ရှိ အလှူရှင်နေအိမ်၌ ချက်ပြုတ်ရေးလုပ်ငန်းများ ဝိုင်းဝန်းလုပ်ဆောင်နေသူများအား PDF အမည်ခံအကြမ်းဖက်အဖွဲ့များက အကြောင်းမဲ့ ပစ်ခတ်သတ်ဖြတ်

စာ - ၃၁ သို့

# MNL ပြိုင်ပွဲတွင် အား/ကာသိပ္ပံနှင့် ဟံသာဝတီယူနိုက်တက် ဂိုးမရှိသရေကျ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၂၀) တတိယနေ့ကို ဖေဖော်ဝါရီလ ၁၆ ရက်တွင် သုဝဏ္ဏကွင်း၌ကျင်းပရာ အား/ကာသိပ္ပံအသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်း ဂိုးမရှိသရေကျခဲ့သည်။

နှစ်သင်းစလုံး အဆုံးသတ်အားနည်းမှုကြောင့် ဂိုးမရှိသရေရလဒ်ဖြင့်ပြီးဆုံးခဲ့ပြီး အား/ကာသိပ္ပံအသင်းသည် နိုင်ပွဲပျောက်ဆုံးမှုကို

**စာမျက်နှာ ၃၁ ကော်လံ ၄** ○



## တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

စာ - ၂၅ သို့

## MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲ ဒုတိယအကျော့စတင်ကျင်းပပြီး ထိပ်ဆုံးမှ MIU အသင်း နိုင်ပွဲဆက်

စာ - ၂၅ သို့